# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 9 October 2019 ၉၇၉၇


# သီတင်းကျွတ်ရုံးပိတ်ရက် ရန်ကုန်-မန္တလေး အထူးရထား ပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာ့မီးရထားမှ သီတင်းကျွတ်ရုံးပိတ်ရက်အတွင်း နေရပ်ဒေသအသီးသီးသို့ ပြန်ကြမည့် ခရီးသွားပြည်သူများနှင့် ဝန်ထမ်းများ သွားလာမှုအဆင်ပြေစေရန်အတွက် ရန်ကုန်မှ မန္တလေးခရီးစဉ်နှင့် မန္တလေးမှ ရန်ကုန်ခရီးစဉ်များအတွက် အထူးအမြန်ရထားနှစ်စင်းကို အောက်တိုဘာ ၁၀ ရက်တွင် တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။

အဆန်အထူးရထားသည် ရန်ကုန်ဘူတာကြီးမှ ညနေ ၄ နာရီခွဲတွင် စတင်ထွက်ခွာပြီး နောက်တစ်နေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မန္တလေးဘူတာသို့ ဆိုက်ရောက်မည်ဖြစ်သည်။

အစုန်အထူးရထားသည် မန္တလေးဘူတာမှ ညနေ ၆ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး နောက်တစ်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်မည်ဖြစ်သည်။ ရုံးများပြန်ဖွင့်ပါက လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်မည့် ပြည်သူများအတွက် အဆိုပါအချိန်စာရင်းများအတိုင်း ရန်ကုန်-မန္တလေး အစုန်/ အဆန် အထူးရထားများကို အောက်တိုဘာ ၁၅ ရက်တွင် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

**ရောင်းချပေးသွားမည်**

ရထားလက်မှတ်များကို အထက်တန်းထိုင်ခုံအတွက် အောက်တိုဘာ ၈ ရက်မှစတင်၍ ရောင်းချပေးလျက်ရှိပြီး ရိုးရိုးတန်းထိုင်ခုံအတွက် အောက်တိုဘာ ၉ ရက်မှစတင်၍ လက်မှတ်ရုံများ၌ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရထားလက်မှတ်နှုန်းထားများမှာ ရန်ကုန်ဘူတာကြီးမှ မန္တလေးဘူတာ ခရီးစဉ်အတွက် အထက်တန်း ငွေကျပ် ၉၃၀၀ နှင့် ရိုးရိုးတန်း ငွေကျပ် ၄၆၅၀ ဖြစ်သည်။

ရန်ကုန်-မန္တလေးခရီးစဉ်အတွက် အမှတ်(၁၁/၁၂) (၅/၆) (၃/၄)အစုန်/ အဆန် အမြန်ရထားများကိုလည်း ပုံမှန်အတိုင်း နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရထားစီးခရီးသွားပြည်သူများ မိမိတို့လိုရာခရီးကို အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားမှ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပွင့်သစ္စာ



ရန်ကုန်ဘူတာကြီးကို တွေ့ရစဉ်။

**ကြေးမုံ ယနေ့ဖတ်စရာ**


လူထုဗဟိုပြုစီမံကိန်း ဆဋ္ဌမနှစ် နှစ်ပတ်လည် ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ - ၄

ဂျပန်နည်းပညာသုံး တန်ဖိုးနည်းအိမ်ရာနမူနာအိမ် လွှဲပြောင်းပေးအပ်

စာမျက်နှာ - ၈

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မူလမြေပိုင်ရှင်များသို့ မြေ ၂၀ ရာခိုင်နှုန်း ပြန်လည်ပေးအပ်

စာမျက်နှာ - ၉


# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြေများကို အဆင့်သုံးဆင့်ဖြင့် ရောင်းချသွားမည်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲပိုင်ခွင့်ရှိသော တိုင်းဒေသကြီးအတွင်းရှိ မြေများကို စီးပွားရေး/စက်မှုလုပ်ငန်း လုပ်ကိုင်ရန်နှင့် လူနေထိုင်ရန်အတွက် အဆင့်သုံးဆင့်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း ယမန်နေ့က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောသည်။

အဆိုပါ မြေရောင်းချမှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသည့် မြေစီမံခန့်ခွဲမှုကော်မတီက အဆင့်သုံးဆင့်ဖြင့် သတ်မှတ်ကာ ရောင်းချပေးမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် လှိုင်သာယာ၊ ရွှေပြည်သာနှင့် ဒဂုံလေးမြို့နယ်ရှိ မြေကွက်ပေါင်း ငါးရာကျော်၊ ဒုတိယအဆင့်အနေဖြင့် မြောင်းတကာစက်မှုဇုန်ရှိ စက်မှုမြေကွက် တစ်ရာ့ရှစ်ဆယ်ကျော်၊ တတိယအဆင့်အနေဖြင့် ဒဂုံအရှေ့နှင့် ဒဂုံဆိပ်ကမ်းရှိ ယခင်စိုက်ပျိုးရေးဇုန်အဖြစ် သတ်မှတ်ထားသည့် မြေဧက ကိုးထောင်ကျော်ကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ပထမအဆင့်အနေနဲ့ ရောင်းချဖို့ မြေကွက်ပေါင်း ၅၀၀ ကျော်လောက် ရွေးချယ်ထားတာရှိပါတယ်၊ ဒီမြေများသည် မြေကွက်အသစ်တွေ ဖော်ထုတ်ထားတဲ့ မြေကွက်မဟုတ်ပါဘူး၊ ယခင်ကာလက မြို့သစ်တွေ ဖော်ထုတ်ခဲ့ပါတယ်၊ ဒဂုံလေးမြို့နယ်နဲ့ လှိုင်သာယာ၊ ရွှေပြည်သာလိုမြို့သစ်တွေ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐


ကြေးမုံသတင်းစာတွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာ ၁ ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။




ကြေးမုံ

## ပြည်သူလူထု ယုံကြည်ကိုးစားအားထား

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သည့် အဓိကအဖွဲ့အစည်းသည် တပ်မတော်ဖြစ်သည်။ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်သောအဖွဲ့အစည်းသည် ရဲတပ်ဖွဲ့ဖြစ်သည်။ ထို့ကြောင့် ရဲတပ်ဖွဲ့ကို ပြည်သူလူထုကြားတွင် လှုပ်ရှား၍ ပြည်သူလူထုယုံကြည်ကိုးစားအားထားရသော အဖွဲ့အစည်းဖြစ်အောင် အစဉ်အမြဲကျင့်ကြံအားထုတ် လုပ်ကိုင်လျက်ရှိသည်။

ရဲတပ်ဖွဲ့နှင့်ပတ်သက်၍ နိုင်ငံတကာမှ စံပြရဲတပ်ဖွဲ့တစ်ခုမှာ ဗြိတိန်ရဲတပ်ဖွဲ့ ဖြစ်သည်။ အင်္ဂလိပ်လူမျိုးအများစုက ရဲတပ်ဖွဲ့ကို ယုံကြည်အားထားကြသည်။ ဗြိတိန်ရဲတပ်ဖွဲ့၏ကြိုးပမ်းအားထုတ်မှုကြောင့် ရာဇဝတ်မှုများ လျော့ကျခဲ့သည်။ ရာဇဝတ်မှုများ လျော့ကျသွားခြင်းမှာ ရဲတပ်ဖွဲ့က လူဆိုးသူဆိုးတို့ကို အပြင်းအထန်ကွပ်ညှပ်သောကြောင့်မဟုတ်။ ရာဇဝတ်မှု မဖြစ်ပွားအောင် တားဆီးနိုင်သောကြောင့်ဖြစ်သည်။ ဤရည်ရွယ်ချက်အထမြောက်ရန် ပြည်သူလူထု၏ ယုံကြည်မှုကို တည်ဆောက်ခဲ့ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြုပြင်ပြောင်းလဲမှုများပြုလုပ်လာခဲ့ရာ ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူ့ရဲတပ်ဖွဲ့ဖြစ်လာပြီးနောက် ၁၉၉၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ပုဒ်မှာ "သစ္စာ၊ သမာဓိ၊ သတ္တိ" ဖြစ်သည်။ သစ္စာဆိုသည်မှာ အမှန်တရား၊ မှန်ကန်သောစကား၊ နိုင်ငံနှင့်လူမျိုးအပေါ်တွင် စောင့်သိရိုသေမှုဖြစ်သည်။ သမာဓိဆိုသည်မှာစိတ်တည်ကြည်ခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်း ဖြစ်သည်။ သတ္တိမှာ စွမ်းရည်ရှိခြင်း၊ ရဲရင့်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ရည်ရွယ်ချက်ကောင်းမွန်သော ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းမည့် ရဲတပ်ဖွဲ့ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေသည်ဟု ယုံကြည်သည်။ ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်ပြီး ကျင့်ကြံအားထုတ်ခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုပိုမိုရရှိလာမည်ဖြစ်သည်။ ယနေ့မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဝန်နှင့်အားမမျှ၊ နိုင်ငံတကာရဲတပ်ဖွဲ့ကဲ့သို့လည်း နည်းပညာနှင့် အထောက်အပံ့မရသော်လည်း မွန်မြတ်သောအစဉ်အလာကောင်းများနှင့် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဦးလည်မသုန်ကြိုးပမ်းလျက်ရှိသည်။

ခေတ်အဆက်ဆက်တွင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ဟူသည့် ရည်မှန်းချက် တာဝန် (၄)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းသည့်ကာလတွင် ရဲတပ်ဖွဲ့၏အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်နက်ရှိုင်းလာသဖြင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ပိုမိုရရှိအောင် ကြိုးပမ်းအားထုတ်ကြရာ၌ ပြည်သူအတွက် သက်စွန့်ကြိုးပမ်းခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အသိအမှတ်ပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ကြုံတွေ့နေရသည့် အကြမ်းဖက်မှုအပါအဝင် မျိုးစုံသောမှုခင်းများ များပြားခြင်း၊ နည်းပါးခြင်း၏ အကြောင်းတရားသည် ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် လူမှုရေးပြဿနာ၊ ပညာရည်နိမ့်ကျမှုပြဿနာ၊ စီးပွားရေးဆိုင်ရာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာများနှင့် ဆက်နွှယ်နေပြီး တည်ဆဲဥပဒေနှင့် တရားစီရင်ရေးအပေါ်တွင် မှီခိုအားထားခြင်းဖြင့် မလုံလောက်တော့ဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်နေရသည်။

မည်သို့ပင်ဖြစ်စေ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုဆောင်ရွက်ရာတွင် မှုခင်းကြိုတင်ကာကွယ်တားဆီးရေးသည် ပြည်သူများအတွက် အဓိကလိုအပ်ချက်ဖြစ်၍ မြန်မာနိုင်ငံ၌အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာကိုရေးဆွဲပြဋ္ဌာန်း၍ ပြည်သူလူထုယုံကြည်ကိုးစားအားထားရသော ရဲတပ်ဖွဲ့ဖြစ်အောင်၊ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ပေးသော ရဲတပ်ဖွဲ့ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာနိုင်ငံသို့ ခရီးသွားများ လာရောက်လည်ပတ်စေရန် ဗွီဒီယိုတိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံအား ကမ္ဘာလှည့်ခရီးသွားများ ပိုမိုသိရှိပြီး လာရောက်လည်ပတ်စေရန် ရည်ရွယ်ချက်ဖြင့် ပြင်သစ်-မြန်မာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် Myanmar Tourism Marketing Association တို့ပူးပေါင်း၍ Come To Myanmar ခေါင်းစဉ်ဖြင့် ဗွီဒီယိုတိုပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံသားများသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်များက မြန်မာနိုင်ငံ၏ နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်ရန်မည်သည့်အရာများက ဆွဲဆောင်နေသည်ကို သုံးမိနစ်စာ ဗွီဒီယိုတိုတစ်ပုဒ်ဖန်တီးရိုက်ကူး ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။


"ယှဉ်ပြိုင်သူတွေက မြန်မာနိုင်ငံရဲ့ ပြိုင်ဘက်ကင်းတဲ့ အလှအပတွေကို ဖော်ထုတ်ပြသရမှာ ဖြစ်ပါတယ်။ ဒီလိုပြသတဲ့အတွက် မြန်မာနိုင်ငံသားတွေရဲ့ ဖော်ရွေမှုတွေကို မြင်တွေ့နိုင်မှာဖြစ်ပြီး နိုင်ငံခြားခရီးသွားတွေကိုလည်း ပိုမိုဖိတ်ခေါ်နိုင်မှာဖြစ်ပါတယ်"ဟု ပြင်သစ်-မြန်မာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အမှုဆောင်ဒါရိုက်တာ Mr. Guillaume Rebiere က ပြောသည်။

အဆိုပါပြိုင်ပွဲကို ကြိုဆိုပါ၏၊ ထူးခြားမှုများနှင့် မြန်မာပြည်၊ အသစ်အသစ်သော၊ မြန်မာနိုင်ငံတွင်း နေ့ရက်များ စသည့် ခေါင်းစဉ်လေးမျိုးဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသူ လေးဦးထဲမှ တစ်ဦးအား Grand Prize ဆု ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ယှဉ်ပြိုင်လိုသူများအနေဖြင့် https://www.ccifrance-myanmar.org/en/event/cometomyanmar-video-contest-2019 တွင် လျှောက်လွှာများကို ရယူကာ နိုဝင်ဘာ ၁၅ ရက်မတိုင်မီ ပေးပို့ရမည်ဖြစ်ကြောင်း၊ အသေးစိတ်အချက်အလက်များ သိရှိလိုပါက www.ccifrance-myanmar.org သို့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ဇာနည်မောင် ၊ အေးမင်းသူ**

## Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ




### (၈) မူပိုင်ခွင့် အသိရှိပါ

Facebook ပေါ်ရှိ အကြောင်းအရာတစ်ခုကို အခြားအသုံးပြုသူများအား ဖြန့်ဝေခြင်းများမလုပ်မီ သင့်တွင် မျှဝေပိုင်ခွင့် ရှိ၊ မရှိကို သေချာအောင် ဆန်းစစ်စေလိုပါသည်။

### (၉) ထိန်းချုပ်ကုန်စည်များကို ခွင့်ပြုချက်မရှိဘဲ မရောင်းရ

သင်သည် စည်းမျဉ်းစည်းကမ်းဖြင့် ကန့်သတ်ထားသည့် ထိန်းချုပ်ကုန်စည်များကို တရားဝင်ခွင့်ပြုချက်မရှိဘဲ Facebook တွင် ရောင်းဝယ်ဖောက်ကားခြင်း လုပ်ခွင့်မရှိပါ။



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈-၁၀-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၂,၉၃၃ | ၃၃,၉၃၂,၀၀၀ |
| MTSH | ၃,၇၅၀ | ၃,၆၀၀ | ၂၈,၂၈၉ | ၁၀၃,၂၁၈,၃၅၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၃၉ | ၃၂၃,၇၀၀ |
| FPB | ၂၂,၅၀၀ | ၂၃,၀၀၀ | ၂၁၅ | ၄,၈၁၈,၀၀၀ |
| TMH | ၃,၀၀၀ | ၂,၉၅၀ | ၇၁၃ | ၂,၁၀၃,၅၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်(ရွှေဈေး) ၁၂၂၇၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၀/၉၂၅ ကျပ် | ၉၂၅/၉၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၇၀/၉၂၀ ကျပ် | ၉၆၀/၉၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၈၃၀ ကျပ် | ၈၆၀/၈၇၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၃၅ ကျပ် | ၉၄၀/၉၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၇၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၂.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၈၄.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၄.၉၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၄၃၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၇၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၉၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၃၀.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၂၉ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၅.၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၁.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ ၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

**ယူနီကုဒ်သုံးရင် ဘာတွေအကျိုးရှိလာမလဲ**

- မြန်မာဘာသာ အပါအဝင် တိုင်းရင်းသား ဘာသာများအား စနစ်တကျ မှန်ကန်စွာ ရေးသားနိုင်ခြင်း။
- အသုံးပြုရာတွင် အက္ခရာစာလုံးများကို ရှာဖွေမှု (Searching)၊ ရှေ့နောက်ကြီးငယ် ရွေးချယ်မှု (Sorting)၊ တွက်ချက်မှု (Manipulation)၊ သိမ်းဆည်းမှု (Storage)နဲ့ ဘာသာပြန်ဆိုမှု (Translation)အစရှိသည့် လုပ်ငန်းစဉ်များအား လွယ်ကူမှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်း။
- အသံစနစ်မှ အက္ခရာစာလုံးစနစ် ( Voice to Text ) သို့ အလိုအလျောက် ပြောင်းလဲပေးခြင်း။ Google Map , Microsoft , Facebook , Messenger စသည့် နိုင်ငံတကာ Applications များကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်ခြင်း။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

**ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့**

**WORLD SIGHT DAY**

World Health Organization

**အောက်တိုဘာလ(၁၀)ရက်၊ကြာသပတေးနေ့**

**“Vision First”**

**“အမြင်အာရုံကောင်းစေဖို့ဦးစားပေးကာဆောင်ရွက်စို့”**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဩစတြီးယားနိုင်ငံသံရုံး စီးပွားရေးဌာနအကြီးအကဲ Mr. Mag. Gunther Sucher နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံသံရုံးမှ စီးပွားရေးဌာနအကြီးအကဲ Mr. Mag. Gunther Sucher နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဩစတြီးယားနိုင်ငံတို့အကြား e-Government လုပ်ငန်းစဉ်၏ ရှေ့ပြေးလုပ်ငန်းဖြစ်သည့် e-ID လုပ်ငန်းစနစ်အတွက် ဆောင်ရွက်မည့် Unique ID ကောက်ယူရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကြိုးပမ်းဆောင်ရွက်နေမှု၊ Unique ID ကောက်ယူရေးလုပ်ငန်းနှင့်အတူ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ် အစီရင်ခံစာများ ရေးဆွဲတင်ပြနိုင်ရေးနှင့် လုပ်ငန်းစဉ်များကို အထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြဆောင်ရွက်မည့် အစီအစဉ်များ၊ နားလည်မှုစာချွန်လွှာ (MoU) အချိန်မီတင်ပြနိုင်ရေးနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ၏ e-ID လုပ်ငန်းဆောင်ရွက်မှုများအပေါ် ဩစတြီးယားနိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်၊ e-Government လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် မြန်မာ-ဩစတြီးယား နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းများအမြန်ဆုံးစတင်နိုင်ရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❒ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ**

ဖော်ထုတ်ပြီးတော့ မြို့ပြစီမံကိန်းတွေအဖြစ် သတ်မှတ်ထားသော်လည်းဘဲ ယနေ့အချိန်အထိ မြို့ပြစီမံကိန်း လူနေအဆောက်အဦ အကောင်အထည်မဖော်နိုင်သေးလို့ ကျန်နေတဲ့ အစိုးရစီမံခန့်ခွဲနိုင်သော မြေများဖြစ်ပါတယ်၊ အဲဒီမြေတွေကို ပြန်လည်ရောင်းချဖို့ စီစဉ်ခြင်းဖြစ်ပါတယ်"ဟု ဦးသန်းက ပြောသည်။

လက်ရှိ ပထမအဆင့် ရောင်းချမယ့် မြေကွက် ငါးရာကျော်အတွက် မြေအသုံးပြုခွင့်လျှောက်လွှာများကို ယခုလ ၇ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးတွင် ဝယ်ယူနိုင်ပြီး လာမည့် နိုဝင်ဘာ ၈ ရက်တွင် လျှောက်လွှာပြန်တင်ရမည်ဖြစ်သည်။

**ရောင်းချပေးမည်**

ထိုသို့ လုပ်ဆောင်ခြင်းမှာ အမှန်တကယ် စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်နှင့် လူနေအဆောက်အဦအဖြစ် အသုံးချနိုင်ရန်အတွက် လိုအပ်သည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များကို စိစစ်ကာ မြေစီမံခန့်ခွဲမှုကော်မတီက ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

"မြေကွက်တစ်ကွက်ထဲကို နှစ်ယောက်၊ သုံးယောက် အပြိုင်လျှောက်ထားတာတွေလည်း ရှိပါလိမ့်မယ်၊ ကျွန်တော်တို့က သူတို့တင်ပြလာတဲ့လျှောက်လွှာတွေအပေါ်မှာ စိစစ်ပါမယ်၊ တချို့စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဖို့အတွက် လျှောက်တဲ့ လျှောက်လွှာမှာလည်း သူတို့ရဲ့ ငွေကြေးရင်းနှီးမြှုပ်နှံမှုအခြေအနေ ဆောင်ရွက်မယ့် ပရောဂျက် ဘာလုပ်မှာလဲ ဒါတွေကို ကြည့်ပြီးတော့မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားသော မြေစီမံခန့်ခွဲမှုကော်မတီကနေ စိစစ်ပြီးတော့မှ ရောင်းချသင့်တဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ သူတို့ကိုရွေးချယ်ပြီးတော့မှ အစိုးရရုံးကို ပြန်တင်မှာပါ၊ အစိုးရရုံးအတည်ပြုချက်နဲ့မှ ရောင်းချပေးမှာဖြစ်ပါတယ်"ဟု ဦးသန်းက ပြောသည်။

**အာမခံချက်ရှိ**

ထိုသို့ ရောင်းချလိုက်သည့် မြေများမှာလည်း အာမခံချက်အပြည့်ရှိကြောင်း မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

"ဒါသည် လူထုကို ကျွန်တော်တို့လက်ထက်မှာ ရောင်းနိုင်ခွင့်ရှိတုန်း ရောင်းပေးတာ၊ အမြတ်အတွက်ကြောင့် မဟုတ်ဘူး၊ မရသေးတဲ့လူတွေ၊ အိမ်ဆောက်ချင်တဲ့သူတွေ သူတို့ဘဝအတွက်ကို ရည်ရွယ်ပြီးရောင်းတာ၊ ဒါရောင်းတာမှန်ပါတယ် သို့သော် ဒီရောင်းတာသည် တစ်ဦးတစ်ယောက်ထဲနဲ့ မဟုတ်ပါဘူး အစိုးရအဖွဲ့အစည်းအနေနဲ့ ရောင်းတဲ့အတွက်ကြောင့် အာမခံချက်ရှိပါတယ်"ဟု ဦးမောင်မောင်စိုးက ပြောသည်။

**လျော်ပေးပြီးဖြစ်**

လက်ရှိ ရောင်းချမည့်မြေများမှာ ယခင်က လျော်ကြေးတစ်စုံတစ်ရာမပေးဘဲ သိမ်းယူထားခဲ့သည့် မြေများဖြစ်ပြီး ယင်းမြေများ၏ မူလလယ်သမားများကို မြေယာလျော်ကြေးပေးရန်အတွက် ပိုနေသည့် မြေကွက်များကို ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း၊ လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းရေးဆိုင်ရာ ပြန်လည်စိစစ်ရေးကော်မတီက စိစစ်ကာ မြေယာလျော်ကြေးပေးရန် စိစစ်ထားသည့် အမှုတွဲပေါင်း သုံးထောင်ကျော်ရှိပြီး ယင်းအနက် ပြီးခဲ့သည့်လ ၂၈ ရက်က မူလလယ်သမားများကို မြေယာလျော်ကြေး ၆ ဒသမ ၉ ဘီလီယံကျော် လျော်ပေးပြီးဖြစ်ကြောင်း၊ လာမည့် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်တွင်လည်း မူလလယ်သမားများကို မြေယာလျော်ကြေး ၃၁ ဘီလီယံလျော်ရန် လျာထားကြောင်း ဦးသန်းက ထပ်မံပြောသည်။

**ငြိမ်းငြိမ်း**

**အစိတ်အပိုင်းမမှန်မကန် Body Coach (ဖောက်စွပ်/ဖြတ်ဆက်)ပြောင်းထား၍ ယာဉ်မှတ်ပုံတင် ဖျက်သိမ်းခံထားရသော ပိုင်ရှင်များသို့ အသိပေးကြေညာခြင်း**

၁။ ၂၀၁၅ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေပုဒ်မ-၁၈(င)အရ အစိတ်အပိုင်းမမှန်မကန်ပြောင်းလဲထားသော Body Coach (ဖောက်စွပ်/ဖြတ်ဆက်) မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းပြီး ရဲစခန်းများသို့ အပ်နှံစေခဲ့ပါသည်။ မှတ်ပုံတင်မဲ့ယာဉ် တစ်စီး(သို့မဟုတ်) တစ်စိတ်တစ်ပိုင်းကို အသုံးပြု၍ ဖောက်စွပ်/ဖြတ်ဆက် ပြုလုပ်ထားခြင်းကြောင့် ဥပဒေနှင့်အညီ မလွဲမရှောင်သာ တားဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ပါသည်။

၂။ ထိုသို့ မလွဲမရှောင်သာ မှတ်ပုံတင်ဖျက်သိမ်းဆောင်ရွက်ခဲ့ရသော်လည်း ယာဉ်ပိုင်ရှင် ပြည်သူများ၏ ဆုံးရှုံးနစ်နာမှုများအတွက် အထိုက်အလျောက် သက်သာခွင့်ရရှိစေရေး၊ ယာဉ်သိမ်းဆည်းခံရသော ပြည်သူအများစုက အစားထိုးယာဉ်တင်သွင်းခွင့်ပုံစံ "ဃ" (စလစ်) ရယူလိုသည့်ဆန္ဒကို ဖြည့်ဆည်းနိုင်ရေး၊ အစိတ်အပိုင်းမမှန်မကန် ပြောင်းလဲထားသော Body Coach (ဖောက်စွပ်/ဖြတ်ဆက်) ယာဉ်များအားလုံး အပြီးတိုင်ဖျက်သိမ်းနိုင်ရေးတို့ကို ရည်ရွယ်လျက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် (၁-၁၀-၂၀၁၉)ရက်နေ့မှစ၍ အောက်ပါအတိုင်း ဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

(က) အစိတ်အပိုင်းမမှန်မကန် Body Coach ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိရ၍ ရဲစခန်းများတွင် ထိန်းသိမ်းထားသောယာဉ်များနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ထိန်းသိမ်းထားသောယာဉ်များကို သံရည်ကျိုအပ်နှံစေ၍ ယာဉ်အိုယာဉ်ဟောင်းအပ် အစားထိုးယာဉ်တင်သွင်းခွင့်ပုံစံ ''ဃ''(စလစ်) ထုတ်ပေးသွားပါမည်။

(ခ) အစိတ်အပိုင်းမမှန်မကန် Body Coach ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိရ၍ မှတ်ပုံတင်ဖျက်သိမ်းမိန့်ထုတ်ပြန်ထားပြီးဖြစ်သော်လည်း ယာဉ်ပိုင်ရှင်များက လာရောက်အပ်နှံခြင်းမရှိသေးသည့် ယာဉ်များကိုလည်း သံရည်ကျိုအပ်နှံစေ၍ ယာဉ်အိုယာဉ်ဟောင်းအပ် အစားထိုးယာဉ် တင်သွင်းခွင့်ပုံစံ ''ဃ''(စလစ်) ထုတ်ပေးသွားပါမည်။

(ဂ) ယာဉ်ပိုင်ရှင်များသည် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ နောင်တွင် အစိတ်အပိုင်းမမှန်မကန်ပြောင်းလဲထားသော Body Coach (ဖောက်စွပ်/ဖြတ်ဆက်)ယာဉ်များကို စစ်ဆေးတွေ့ရှိပါက ချက်ချင်းသံရည်ကျိုအပ်နှံစေ၍ ယာဉ်အို/ယာဉ်ဟောင်းအပ် အစားထိုးယာဉ်တင်သွင်းခွင့် ပုံစံ "ဃ"(စလစ်) ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# လူထုဗဟိုပြုစီမံကိန်း ဆဋ္ဌမနှစ် နှစ်ပတ်လည် ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

လူထုဗဟိုပြုစီမံကိန်း ဆဋ္ဌမနှစ်နှစ်ပတ်လည် ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြည်သူလူထု၏ လူနေမှုဘဝနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်နေသည့်အတွက် မဖြစ်မနေ ဆောင်ရွက်ပေးရမည့် အရေးကြီးကိစ္စရပ်များ ဖြစ်ပါကြောင်း၊ ပြည်သူကို ဗဟိုပြုသည့် ဒီမိုကရေစီခေတ်ကာလတွင် ပြည်သူ့ဘဝတိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်သည့် အခွင့်အလမ်းများ များစွာပေါ်ထွက်လာခဲ့ရာ လူထုဗဟိုပြုစီမံကိန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင်က ဦးဆောင်၍ ကိုယ်တိုင်အကောင်အထည်ဖော်သည့် အလေ့အကျင့်မျိုး ပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်၍ ကမ္ဘာ့ဘဏ်၏ ကနဦးစတင်ကူညီမှုဖြင့် ယခုစီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်မှာ ယခုဆိုလျှင် ဆဋ္ဌမနှစ်အထိ ရောက်ရှိလာပြီဖြစ်ပါကြောင်း။

**သိသာထင်ရှားစွာတိုးတက်လာ**

ပြည်သူအခြေပြုစီမံကိန်းများ၏အစ လူထုဗဟိုပြုစီမံကိန်းကဟု ဆိုရလောက်အောင် လူထုဗဟိုပြုစီမံကိန်းကို ကျေးလက်ပြည်သူများနှင့် အရင်းနှီးအကျွမ်းဝင်ဆုံး စီမံကိန်းတစ်ခုဖြစ်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေရေး၊ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ပြည်သူဗဟိုပြု ချဉ်းကပ်မှုနည်းလမ်းဖြင့် ဖော်ဆောင်ပေးနိုင်ရေး၊ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက လျင်မြန်စွာ တုံ့ပြန်ဖြေရှင်းနိုင်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားလာစေရေးတို့ကို ရည်ရွယ်၍ လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ပေးခဲ့ခြင်းဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများသည် သိသာထင်ရှားစွာ တိုးတက်လာသည်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း။

**စီမံကိန်းကျေးရွာပေါင်း ၁၂၀၀၀ ကျော်ရှိ**

ယခုကဲ့သို့ ပြည်သူလူထုအကျိုးခံစားရသည့် လူထုဗဟိုပြုစီမံကိန်းကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပြည့်စုံကောင်းမွန်အောင် အကောင်အထည်ဖော်ဆောင်ပေးနိုင်ရန် သုံးသပ်ဆွေးနွေးပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ သုံးသပ်ဆွေးနွေးပွဲများမှရရှိသည့် အတွေ့အကြုံ၊ သင်ခန်းစာနှင့် စိန်ခေါ်မှုများကို ဆွေးနွေးကြပြီး ဖြည့်ဆည်းဖြေရှင်းကာ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်ပြည့်စုံအောင် အကောင်အထည်ဖော်နိုင်ခဲ့ကြသည့်အတွက် စီမံကိန်းကျေးရွာပေါင်း ၁၂၀၀၀ ကျော်ရှိ လူဦးရေ ၇ ဒသမ ၁ သန်းကျော်သည် စီမံကိန်း၏




အကျိုးကျေးဇူးများကို ရရှိခံစားနေကြရပြီ ဖြစ်ပါကြောင်း၊ နောင်လာမည့်နှစ်များတွင်လည်း အရည်အသွေးပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ပေးနိုင်ရန် တက်တက်ကြွကြွ ဆွေးနွေးအကြံပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်၏ Acting Country Director, Mr. Gevorg Sargsyan က အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က စီမံကိန်းအကြောင်းအရာ အနှစ်ချုပ်ကို ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် စီမံကိန်းလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး၊ စီမံကိန်းမန်နေဂျာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှခိုင်၊ ကမ္ဘာ့ဘဏ်၏ Lead Social Development Specialist, Mr. Sean Bradley၊ Asia Foundation ၏ Senior Consultant, Mr. Roger Shotton တို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘက်စုံပူးပေါင်းဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် စီမံကိန်းမန်နေဂျာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှခိုင်က ဆဋ္ဌမနှစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် နည်းပညာအခက်အခဲများအပေါ် အုပ်စုငယ်များဖွဲ့၍ ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးကြသည်။

**ပြည်သူကတာဝန်ယူလုပ်ဆောင်**

လူထုဗဟိုပြုစီမံကိန်းကို မြို့နယ်ပေါင်း ၆၃ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၂၀၀၀ ကျော်၌ အကောင်အထည်ဖော်ခဲ့ပြီး စီမံကိန်းကျေးရွာများအနေဖြင့် မိမိတို့ကျေးရွာတွင် လိုအပ်လျက်ရှိသည့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ကိုယ်တိုင်ရွေးချယ်ခြင်း၊ ကိုယ်တိုင်အကောင်အထည်ဖော်ခြင်း၊ ကိုယ်တိုင်ကြီးကြပ်ခြင်းနှင့် ကိုယ်တိုင်တာဝန်ယူ၍ လုပ်ငန်းလည်ပတ်ခြင်း စသည်ဖြင့် ပြည်သူ့အားကိုရယူကာ စီမံကိန်းလုပ်ငန်းခွဲ အစမှအဆုံးအထိ ပြည်သူကတာဝန်ယူလုပ်ဆောင်ရသည့် စီမံကိန်းဖြစ်သည်။

ထို့ပြင် စီမံကိန်းလုပ်ငန်းများကို မြို့နယ် ၁၃ မြို့နယ်၌ ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးစိုးအောင် ကြက်ခြေနီလှုပ်ရှားမှုမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ကြက်ခြေနီလှုပ်ရှားမှု Red Cross Movement (RCM) မှ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stephan Sakalian၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မြသူ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) မှ Head of Country Office Mr. Joy Singhal နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း ကြက်ခြေနီလှုပ်ရှားမှုအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေး၊ အမိုးအကာ၊ ရေနှင့်သန့်ရှင်းရေး၊ မိုင်းအန္တရာယ်အသိပညာပေးရေး၊ သဘာဝဘေးဒဏ် ကြံ့ကြံ့ခံနိုင်စွမ်းရှိသော ရပ်ရွာလူထုဖြစ်စေရေးတို့ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် လျာထားချက်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တို့မှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

**သတင်းစဉ်**

## “တောင်သူလယ်သမားများသို့ အသိပေးကြေညာချက်”

၁။ တောင်သူလယ်သမားများ ဦးကြီးများ၏ စိုက်ပျိုးစရိတ်လိုအပ်ချက်ကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် လုပ်ကွက်ငယ် တောင်သူလယ်သမားများသို့ နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။ ယခုအခါ သီးနှံအမျိုးအစားအလိုက် စပါး ၁ ဧက ကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံများနှင့် ချက်ကြံကို ၁ ဧက ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် တောင်သူတစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) မူရင်းကို ဘဏ်မှ အပေါင်အဖြစ်ရယူ၍ တောင်သူတစ်ဦးချင်းကိုယ်တိုင် အာမခံသောစနစ်ဖြင့် ချေးငွေများရယူနိုင်ပါသည်။

၂။ ယခုအစိုးရကာလ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စပါးချေးငွေနှုန်းထားကို တစ်ဧကကျပ် (၁) သိန်းမှ (၁) သိန်းခွဲသို့လည်းကောင်း၊ အခြားသီးနှံကို ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကျပ် (၂) သောင်းမှ (၅) သောင်းသို့လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ကျပ် (၅) သောင်းမှ (၁) သိန်းသို့လည်းကောင်း ချေးငွေနှုန်းထား (၃) ကြိမ် တိုးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၃။ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် လက်ရှိထုတ်ချေးပေးလျက်ရှိသော သီးနှံ ၁၄ မျိုးအပြင် ထပ်မံတိုးချဲ့၍ ပဲမျိုးစုံ ၄ မျိုး (ထောပတ်ပဲ၊ ပဲကြီး၊ ပဲယဉ်း၊ စားတော်ပဲ)၊ ဆီထွက်သီးနှံ ၂ မျိုး (ပန်းနှမ်း၊ နေကြာ)၊ စားဖိုဆောင်သီးနှံ ၂ မျိုး (ကြက်သွန်နီ၊ ငရုတ်) စသည့် ပြည်ပပို့ကုန်နှင့် ပြည်တွင်းတွင် စားသုံးမှုများပြားသော အခြားသီးနှံ ၈ မျိုးကို ဆောင်းချေးငွေမှစတင်ပြီး ယခင်နှစ်နှုန်းထားအတိုင်း ထုတ်ချေးသွားမည်ဖြစ်ပါသည်။

၄။ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမည့်ကာလနှင့် ပြန်လည်ပေးဆပ်ရမည့်ကာလမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ချေးမည့်ကာလ | ပြန်ဆပ်မည့်ကာလ |
|---|---|---|---|
| (က) | ဆောင်းချေးငွေ | ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလကုန်အထိ | ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့ နောက်ဆုံး |
| (ခ) | မိုးကြိုချေးငွေ | ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလဆန်းမှ မတ်လကုန်အထိ | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလကုန် နောက်ဆုံး |
| (ဂ) | မိုးချေးငွေ | ၂၀၂၀ ပြည့်နှစ်၊ မေလဆန်းမှ စက်တင်ဘာလကုန်အထိ | ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ နောက်ဆုံး |

၅။ ဆောင်းချေးငွေကို ယခင်နှစ်များက အောက်တိုဘာလဆန်းမှ ဒီဇင်ဘာလကုန်အထိ ထုတ်ချေးပေးပြီး၊ နောက်နှစ် ဇွန်လကုန်တွင် နောက်ဆုံးပေးဆပ်ရန် သတ်မှတ်ခဲ့ရာမှ တောင်သူများ ချေးငွေပေးဆပ်မှုအဆင်ပြေစေရန်အတွက် ယခုနှစ်တွင် ပေးဆပ်ရန်နောက်ဆုံးရက်ကို စက်တင်ဘာ ၁၅ ရက်နေ့အထိ သတ်မှတ်ပေးထားပါသည်။

၆။ တောင်သူများအနေဖြင့် ချေးငွေအဆိုပြုလွှာများကို အချိန်မီတင်ပြနိုင်ရေးအတွက် မိမိတို့ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ချေးငွေစိစစ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာ မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# နေပြည်တော်ရှိ ဝန်ထမ်းများ အားကစားလေ့ကျင့်အသုံးပြုရန်အတွက် GYM Fitness Centre ခန်းမပြင်ဆင်ထားရှိ

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်စေရေးအတွက် အားကစားလေ့ကျင့်ခန်းများ အားလပ်ချိန်တွင် ပြုလုပ်နိုင်ရန်အတွက် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်း ရေကူးအားကစားပြုလုပ်စေခြင်း၊ ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်း စက်ဘီးများကို ဝန်ထမ်းကတ်ပြ၍ အခမဲ့စီးနင်းစေခြင်း၊ အားကစားဝင်းအတွင်း လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ရာတွင် Outdoor Fitness ကိရိယာများ ထားရှိခြင်းတို့ကို ဆောင်ရွက်ထားရှိသည့်အပြင် ယခုအခါ ဝန်ထမ်းများ အားလပ်ချိန် GYM ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ လေ့ကျင့်မှုများပြုလုပ်နိုင်ရန် GYM Fitness Centre ကို ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်း ပြင်ဆင်ထားရှိမှုအခြေအနေများကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**သရုပ်ပြသ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် GYM Fitness Centre ခန်းမ၌ လေ့ကျင့်ခန်းကိရိယာများ ပြင်ဆင်ထားရှိမှု၊ နည်းပြကို အကူသင်ကြားပြသရန် ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က လိုက်လံရှင်းလင်းပြသပြီး အားကစားကိရိယာများ ကိုင်တွယ်လေ့ကျင့်ရန်အတွက် အားကစားနည်းအလိုက် နည်းပြများက စက်ကိရိယာများ ကိုင်တွယ်အသုံးပြုပုံကို သရုပ်ပြသခဲ့ကြသည်။

**အခမဲ့ လာရောက်လေ့ကျင့်နိုင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက GYM Fitness Centre တွင် လေဝင်လေထွက်စနစ် ကောင်းမွန်မှုရရှိစေရန်၊ စက်ကိရိယာများကို ဝန်ထမ်းများ ကိုင်တွယ်အသုံးပြုရာတွင် လွယ်ကူမှုရှိစေရန်၊ စက်ကိရိယာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ ဝန်ထမ်းများ လွယ်လင့်တကူ လာရောက်လေ့ကျင့်ခန်းပြုလုပ်နိုင်ရန်၊ ဝန်ထမ်းများ လေ့ကျင့်ရာတွင် အားကစားနည်းအလိုက် လိုသလိုအသုံးပြုနိုင်ရန်၊ လေ့ကျင့်ခွင့်ကတ်ကို စနစ်တကျ မှတ်ပုံတင်ပြီးမှ အခမဲ့ လေ့ကျင့်နိုင်စေရန်၊ လေ့ကျင့်ချိန်ကို မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပြုလုပ်ပြီး လေ့ကျင့်ခွင့်ပေးရန် လာရောက်လေ့ကျင့်သော ဝန်ထမ်းအင်အားအပေါ် မူတည်၍ လေ့ကျင့်ချိန်ကို လိုသလို ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် နေ့စဉ် လာရောက်လေ့ကျင့်မှုကို မှတ်တမ်းတင်ထားရှိရန်၊ ဝန်ထမ်းများ အခမဲ့ လာရောက်လေ့ကျင့်နိုင်သည်ကို ဝန်ထမ်းများ သိရှိနိုင်စေရန်အတွက် အသိပေးကြေငြာဆောင်ရွက်ရန်၊ လိုအပ်ပါက လေ့ကျင့်မှုအင်အားကို မူတည်၍ စက်ကိရိယာများ တပ်ဆင်တိုးချဲ့ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် GYM လာရောက်လေ့ကျင့်သော ဝန်ထမ်းများ အပန်းဖြေစားသောက်နိုင်ရန်အတွက် ဖွင့်လှစ်ထားရှိသော စားသောက်ဆိုင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ခွဲခြားထားရှိ**

အဆိုပါ GYM Fitness Centre သည် အနံပေ ၆၀၊ အလျားပေ ၁၂၀ ကျယ်ဝန်းသော အဆောက်အအုံခန်းမဖြစ်ပြီး အားကစားခန်းမအတွင်း GYM လေ့ကျင့်ခန်းအသုံးပြုရာတွင် နှလုံးလည်ပတ်မှုအားကောင်းစေရန် စက်ကိရိယာအုပ်စု၊ ကြွက်သားများ ကြံ့ခိုင်သန်စွမ်းမှုရှိစေရန် စက်ကိရိယာအုပ်စု၊ အခြားအားကစားနည်းအလိုက် စွယ်စုံအသုံးပြုနိုင်သော စက်ကိရိယာအုပ်စုဟူ၍ ခွဲခြားထားရှိကြောင်း၊ စက်ကိရိယာပစ္စည်း ၂၆ မျိုး ထားရှိပြီး စက်ကိရိယာပစ္စည်းတန်ဖိုး စုစုပေါင်းခန့်မှန်း ငွေကျပ် ၁၇၅၇ သိန်း၊ အဆောက်အအုံတန်ဖိုး ငွေကျပ် ၆၂၄၅ သိန်းခန့် ကုန်ကျခဲ့ကြောင်းနှင့် အောက်တိုဘာ ၁၆ ရက်မှစ၍ GYM Fitness Centre ခန်းမကို ဝန်ထမ်းများအနေဖြင့် စနစ်တကျ မှတ်ပုံတင်ဝင်ခွင့်ကတ်ပြုလုပ်ပြီး အခမဲ့ လာရောက်လေ့ကျင့်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၄၆၆၉၃ | ၂၁၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ |
| ၂ | နိုဝင်ဘာ | ၆၃၅၂၉ | ၂၁၈၂၈ | ၈၅၃၅၇ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ |
| ၃ | ဒီဇင်ဘာ | ၆၃၅၂၂ | ၁၉၆၁၉ | ၈၃၁၄၁ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ |
| ၄ | ဇန်နဝါရီ | ၆၁၁၂၃ | ၂၀၄၈၅ | ၈၁၆၀၈ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ |
| ၅ | ဖေဖော်ဝါရီ | ၅၇၄၅၀ | ၁၈၅၈၁ | ၇၆၀၃၁ | ၁၀၀၁၄၅ | ၂၃၉၄၉ | ၁၂၄၀၉၄ |
| ၆ | မတ် | ၅၁၄၆၁ | ၂၅၆၅၀ | ၇၇၁၁၁ | ၉၅၉၃၂ | ၂၃၆၉၃ | ၁၁၉၆၂၅ |
| ၇ | ဧပြီ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ | ၇၁၁၄၈ | ၂၂၈၄၈ | ၉၃၉၉၆ |
| ၈ | မေ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ | ၆၇၄၁၀ | ၂၂၁၂၃ | ၈၉၅၃၃ |
| ၉ | ဇွန် | ၂၈၈၄၄ | ၁၈၆၃၆ | ၄၇၄၈၀ | ၆၅၈၇၉ | ၂၁၇၁၄ | ၈၇၅၉၃ |
| ၁၀ | ဇူလိုင် | ၃၀၄၉၆ | ၂၀၆၇၃ | ၅၁၁၆၉ | ၇၈၈၃၅ | ၂၃၂၄၅ | ၁၀၂၀၈၀ |
| ၁၁ | ဩဂုတ် | ၃၂၀၆၈ | ၁၉၈၀၇ | ၅၁၈၇၅ | ၈၈၇၇၂ | ၂၁၉၅၅ | ၁၁၀၇၂၇ |
| ၁၂ | စက်တင်ဘာ | ၃၀၇၆၈ | ၂၁၄၅၁ | ၅၂၂၁၉ | ၈၁၀၆၄ | ၂၃၇၂၁ | ၁၀၄၇၈၅ |
| | စုစုပေါင်း | ၅၂၆၂၄၈ | ၂၄၉၈၀၀ | ၇၇၆၀၄၈ | ၉၅၄၈၂၉ | ၂၆၃၉၆၂ | ၁၂၁၈၈၉၁ |

## ပုသိမ်အကျဉ်းထောင်အတွင်း ကျန်းမာရေးဆိုင်ရာအသိပညာပေး ဟောပြော

**ပုသိမ် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ပူးပေါင်း၍ ပုသိမ်အကျဉ်းထောင်ရှိ အကျဉ်းသူ အကျဉ်းသားများအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ပုသိမ်အကျဉ်းထောင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အကျဉ်းထောင်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း (ဧရာဝတီတိုင်းဒေသကြီး) အတွင်းရေးမှူး အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာကြည်ဖေက တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မမငြိမ်းက အိတ်ချ်အိုင်ဗွီရောဂါအကြောင်း၊ ကင်ဆာအထူးကုဆရာဝန်ကြီး ဒေါက်တာအေးစန်ဒါညွန့်က ဆေးလိပ်နှင့် ကွမ်းစားခြင်းအကြောင်း၊ အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာမို့မို့မင်းက အရေပြားဆိုင်ရာအကြောင်း၊ အဆုတ်ရောဂါကုဆရာဝန်ကြီး ဒေါက်တာနန်းအိရွှေစင်ဝင်းက အဆုတ်ရောဂါအကြောင်းနှင့် ဦးစီးအရာရှိ ဒေါက်တာမို့မို့အောင်က သွားကျန်းမာရေးအကြောင်းတို့ကို အသီးသီးဟောပြောခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**



## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသား ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ | | ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၂၅၀၅၇ | ၁၆၆၇၁ | ၄၂၇၁၇ | ၁၆၁၇၃ | |
| ၂ | မန္တလေးလေဆိပ် | ၄၂၈၃ | ၃၆၈၅ | ၃၁၆၆၀ | ၄၀၂၄ | |
| ၃ | နေပြည်တော်လေဆိပ် | ၁၉၃ | ၂၈၂ | ၁၄၀၁ | ၃၁၅ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၄၂၆ | ၁၄၂ | ၃၉၃၀ | ၁၂၂ | |
| ၆ | မြဝတီ | ၅၅၈ | ၅၃၃ | ၉၁၃ | ၂၉၈၄ | |
| ၇ | ကော့သောင်း | ၅၉ | ၇၀ | ၁၄၆ | ၆၄ | |
| ၈ | ထီးခီး | ၄၀ | ၁၂ | ၂၄ | ၂၂ | |
| ၉ | တမူး | ၁၅၂ | ၅၄ | ၂၆၈ | ၁၃ | |
| ၁၀ | ရိခေါဒါရ် | ၀ | ၂ | ၅ | ၄ | |
| | စုစုပေါင်း | ၃၀၇၆၈ | ၂၁၄၅၁ | ၈၁၀၆၄ | ၂၃၇၂၁ | |

# အဘိဓမ္မာအခါတော်နေ့နှင့် တည်ရာဓမ္မတရား

ဒေါက်တာမြတ်မိုး



လမြတ်မဟာရယ်လို့ တင်စားခြင်းခံရသည့် သီတင်းကျွတ်လပြည့်နေ့သည် ကဆုန်လပြည့် ဗုဒ္ဓနေ့၊ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့များကဲ့သို့ပင် ဗုဒ္ဓဘာသာဝင် အပေါင်းတို့အတွက် နေ့ထူးနေ့မြတ်ကြီးတစ်ခု ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်သည် ဤသီတင်းကျွတ် လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်၌ ပဝါရဏာပြုပြီး လူ့ပြည်လူ့ရွာသို့ ပြန်လည်ဆင်းသက်လာသည်ကို အကြောင်းပြုလျက် ဗုဒ္ဓဘာသာဝင်သူတော်စင်များက သံဃာတော်များကို သိမ်ထွက် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ကြည်ညိုကြသည်။ ကျေးဇူးရှင်မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အကြောင်းပြုလျက် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာခုနစ်ကျမ်းကို ဟောတော်မူပြီးနောက် ထိုနေ့ကို အဘိဓမ္မာနေ့ဟု သမုတ်ကာ အဘိဓမ္မာပူဇော်ပွဲများ ကျင်းပလေ့ရှိသည်။

### နေ့ထူးနေ့မြတ်တစ်ခုဖြစ်တည်လာပုံ

တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းကြီးများဖြင့် နတ်၊ ဗြဟ္မာအပေါင်းခြံရံလျက် ပြန်လည်ကြွမြန်း ဆင်းသက်တော်မူသည်ကို ရည်မှန်း၍လည်း ထိုနေ့တွင် မီးမြင်းမိုရ်ပွဲများ ဆင်ယင်ကျင်းပလေ့ ရှိကြပါသည်။ အလှမီးပုံးများ၊ ဖယောင်းတိုင်ဆီမီးခွက်များ ထွန်းညှိ၍ ဘုရားရှင်ကိုရည်မှန်းကာ ပူဇော်ကြသည်။ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်အများစုတို့သည် ဘုန်းတော်ကြီးကျောင်းများတွင် ဥပုသ်သီတင်းသီလဆောက်တည်၍ ကုသိုလ်ယူကြသည်။ ဝါတွင်းသုံးလနောက်ဆုံးနေ့ဖြစ်၍လည်း ဝါဆိုတော်မူကြသော သံဃာတော်အရှင်သူမြတ်များ မိမိတို့သီတင်းသုံးရာ ကျောင်းသင်္ခမ်းတွင် လွတ်လပ်စွာ သွားလာသီတင်းသုံးနိုင်ကြသည်ကိုအကြောင်းပြု၍ သီတင်းကျွတ်ဟူသောဝေါဟာရပေါ်ပေါက်လာရသည်။ မြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး အောင်မြင်စွာ ဟောကြားတော်မူခဲ့သည်။ ဤသို့သော ဂုဏ်ထူး၊ ဝိသေသထူးများဖြင့် ပြည့်နှက်နေသော ဗုဒ္ဓဘာသာ ရက်မြတ်တစ်ခုအား အနှစ်သာရရှိရှိဖြင့် ကျင်းပခြင်းသည် ဗုဒ္ဓဘာသာဝင် အများစုဖြစ်သော နိုင်ငံတစ်နိုင်ငံ၏ အစဉ်အလာတစ်ခု ဖြစ်ပါသည်။

### လေ့ကျင့်ပျိုးထောင်ပေးရာ ဗုဒ္ဓဘာသာဓလေ့ကောင်းတစ်ခု

အထူးသဖြင့် စိတ်ထားဖြူစင်သန့်ရှင်းသည့် ဗုဒ္ဓဘာသာဝင်နိုင်ငံ့သားကောင်းများ အများအပြား ပေါ်ထွန်းလာရန်အတွက် သီတင်းကျွတ်ကဲ့သို့သော နေ့ထူးနေ့မြတ်များတွင် မိဘဆရာသမားများအား ရှိခိုးဦးညွတ်ကန်တော့ခြင်းမှအစ ရင်သွေးငယ်များ၊ လူငယ်လူရွယ်များအား ဘာသာရေးအခမ်းအနားများတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်လုပ်ဆောင်ကြစေခြင်းဖြင့် ဘာသာဓလေ့ကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးရာရောက်ပါသည်။ သီတင်းကျွတ်ကဲ့သို့သော နေ့ထူးနေ့မြတ်များသည် ယနေ့မြန်မာ့လူ့ဘောင်၌ အထူးလိုအပ်နေသော ဂါရဝတရားများကို ရင်သွေးငယ်များတွင် မွေးမြူလေ့ကျင့်ပေးရာလည်း ရောက်ပါသည်။ ဘာသာရေးအခမ်းအနားများတွင် လူငယ်လူရွယ်များကိုယ်တိုင် ဦးဆောင်ပါဝင်စေခြင်းသည် ဘုရားရှင်နှင့် တရားတော်၊ သံဃာတော်များကို ရိုသေလေးစားမှုဖြစ်စေသည်။ ကောင်းမှုမင်္ဂလာတစ်ပါးလည်းဖြစ်၍ ဘာသာတရားများကို မမေ့မလျော့ဘဲ ဆက်လက်ကျင့်ကြံလေ့လာမှုကို တိုးပွားစေပါသည်။ ရိုးသားတည်ကြည်ဖြောင့်မတ်မှုကိုလည်း တိုးပွားလာစေပြီး မကောင်းမှုပြုရမည်ကို ရှက်တတ်လာစေမည်။ မကောင်းမှု၌ ပျော်မွေ့ရမည်ကို ကြောက်တတ်လာစေမည်။ ဤအခါတွင် အချင်းချင်းအတူနေရသူ တစ်ဦးနှင့်တစ်ဦး လေးစား ချစ်ခင်မှုများလည်းရှိလာပြီး ပေါင်းသင်းဆက်ဆံရေး၌လည်း ပြေပြစ်ချောမွေ့မှုများရှိလာကာ ငြိမ်းချမ်းသာယာသည့် လူ့ဘောင်အသိုင်းအဝိုင်းဖြစ်ထွန်းရေးကို ကြီးမားစွာ အထောက်အကူပြုမည်ဖြစ်ပါသည်။

### သင်ကြားရွတ်ဖတ်ပူဇော်မှု များပြားလာသည့်အဘိဓမ္မာ

အဘိဓမ္မာအခါတော်နေ့ ဖြစ်သည့်အားလျော်စွာ အဘိဓမ္မာနှင့်ပတ်သက်၍ ပူဇော်တင်ပြလိုပါသည်။ ယခုမျက်မှောက်ကာလဝယ် လူကြီး လူငယ်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများကိုယ်တိုင် အဘိဓမ္မာတရားတော်ကို သင်ကြားလေ့ကျင့်နာယူ ရွတ်ဖတ်ပူဇော်လာကြသည်ကို ဝမ်းမြောက်သာစုခါဖွယ် တွေ့မြင်နေကြရသည်။ အနယ်နယ်အရပ်ရပ်တွင် ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်များက အဘိဓမ္မာသင်တန်းများဖွင့်၍ သင်ကြားပို့ချသည်များကို စိတ်ဝင်တစား ပူဇော်သင်ကြားကြသူများ များပြားလာသည်ကို တွေ့ရှိရသည်။ အဘိဓမ္မာတရားများသည် စိတ်ဝင်တစား နာယူဖွယ်ကောင်းလောက်အောင် ဗုဒ္ဓဘာသာဝင်တို့၏ နှလုံးစိတ်အစဉ်ဝယ် ကိန်းအောင်းမွေ့လျော်လာသည်ကို တွေ့ရှိရသည်။ အဘယ်ကြောင့်ပါနည်း။ အဘိဓမ္မာတရားတော်သည် နက်နဲလွန်းလှ၍ ဖြစ်သည်။ ပါဠိအရလည်းကောင်း၊ သဘောအဓိပ္ပာယ်အရလည်းကောင်း၊ ဟောကြားပုံအစီအစဉ်အရလည်းကောင်း၊ ဉာဏ်တော်အရလည်းကောင်း ခက်ခဲနက်နဲခြင်းကြောင့် ဖြစ်ပါသည်။

### အဘိဓမ္မာ ခုနစ်ကျမ်းနှင့် နည်းသုံးနည်း

အဘိဓမ္မာသည် ခုနစ်ကျမ်းရှိသည်ဟု ဆိုပါသည်။ "ဓမ္မသင်္ဂဏီကျမ်း" ဟူသည် ကုသိုလ်၊ အကုသိုလ်တရားတို့ကို အကျဉ်းချုပ်ပြသသည်။ "ဝိဘင်းကျမ်း" ဆိုသည်မှာ မိမိရုပ်နာမ်ခန္ဓာကို သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အမေး၊ အဖြေပြုကာ အကျယ်ဝေဖန် ဟောကြားသောကျမ်း ဖြစ်သည်။ "ဓာတုကထာကျမ်း" က ဓာတ်အမျိုးမျိုး၏ သဘောသဘာဝကိုဖော်ပြသည်။ "ပုဂ္ဂလပညတ်ကျမ်း" သည် ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို အမည်ခွဲခြားသတ်မှတ် ဟောကြားသောကျမ်း ဖြစ်သည်။ "ကထာဝတ္ထုကျမ်း" ကား အယူဝါဒနှင့်ဆိုင်သော စကားလုံးတို့၏တည်ရာဖြစ်သည်။ "ယမိုက်ကျမ်း" သည် အနုလုံနှင့် ပဋိလုံ၊ ပုစ္ဆာနှင့်ဝိသဇ္ဇနာ၊ သန္နိဋ္ဌာန်နှင့် သံသယအစုံစုံကို ဖော်ပြသည်။ အကြောင်းအကျိုး ဆက်စပ်မှုအမျိုးမျိုးကို ပစ္စယသတ္တိဖြင့်ဖော်ပြသော "ပဋ္ဌာန်းကျမ်း" ဟူ၍ ခုနစ်ကျမ်း ဖြစ်ပါသည်။ ထိုကျမ်းခုနစ် ကျမ်းကို ဝါတွင်းသုံးလပတ် ရက်ကိုးဆယ်လုံး အသံမစဲ ရက်ဆက် ဟောတော်မူခဲ့ခြင်းလည်း ဖြစ်ပါသည်။ ထိုဒေသနာမြတ်ကြီးကို ဟောကြားရာတွင် (၁) အကျယ်နည်း၊ (၂) အကျဉ်းနည်း၊ (၃) မကျဉ်းမကျယ်နည်း နည်းသုံးနည်းဖြင့် ဟောကြားတော်မူခဲ့ခြင်းလည်း ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်က မယ်တော်မိနတ်သားအား အမှူးထား၍ ကျေးဇူးဆပ်သောအနေဖြင့် ဘုရားဖြစ်ပြီး ခုနစ်ဝါမြောက် မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ်၌ စကြဝဠာတိုက်တစ်သောင်းရှိ နတ်ဗြဟ္မာများအား တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားအား အစမှအဆုံးဟောတော်မူရာတွင် အကျယ်နည်းဖြင့် ဟောတော်မူခဲ့သည်။ (ဝါတွင်းကာလသုံးလဟူသည် နတ်ပြည်အတွက်မူ အချိန်အနည်းငယ်မျှသာ ဖြစ်သည်။ လူ့ပြည်၌ နှစ်တစ်ရာအချိန်ကာလသည် တာဝတိံသာနတ်ပြည်၌ တစ်ရက်သာကြာသောအချိန်ဖြစ်သည်။) ဘုရားရှင်သည် ထိုတရားတော်ကို ဟောကြားပြီးနောက် နတ်ပြည်၌ နိမ္မိတရုပ်ပွားတော်ကို အဓိဋ္ဌာန်ဖြင့်ဖန်ဆင်းခဲ့ကာ ပကတိဘုရားအသွင်ဖြင့် လူ့ပြည်သို့ကြွတော်မူစဉ် ဟိမဝန္တာစန္ဒကူးတော၌ သန့်စင်တော်မူစဉ် ဘုရားရှင်အားဝတ်ပြုသော အရှင်သာရိပုတ္တရာကိုယ်တော်အား ၎င်းအဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရာတွင်မူ အကျဉ်းနည်းဖြစ်သည်။ အရှင်သာရိပုတ္တရာမထေရ်သည် အဘိဓမ္မာတရားတော်ကို တပည့်ရဟန်းငါးရာတို့အား တစ်ဆင့်ပြန်လည်ဟောကြားရာတွင်မူ မကျဉ်းမကျယ်နည်းဖြစ်သည်။

### သာလွန်မြင့်မြတ်ထူးကဲသည့် အဘိဓမ္မာတရားနှင့် အကျိုးကျေးဇူးများ

အဘိဓမ္မာတရားတော်သည် သုတ္တန်တဓမ္မထက် သာလွန်ထူးကဲသော (အဘိဓမ္မ) တရားတော်ဖြစ်သည်။ မိမိတို့၏သန္တာန်၌ အမှန်ရှိနေသော ရုပ်နာမ်ခန္ဓာတရားကြောင်းကျိုးဆက်စပ်မှုသဘောတရားဖြစ်သည်။ ယင်းတရားကြောင့် တရားနာခွင့်ရကြသော နတ်ဗြဟ္မာအားလုံး ကျွတ်တမ်းဝင်ကုန်ကြသည်။ လူ့ပြည်တွင်လည်း လင်းနို့သားငါးရာဘဝမှလာသော ရဟန်းငါးရာလည်း ရဟန္တာဖြစ်ကုန်ကြသည်။ ဘုရားရှင်အဆူဆူသည် လူသားအားလုံးအား မကောင်းမှုမှန်သမျှ ရှောင်ရမည်၊ ကောင်းမှုမှန်သမျှ ဆောင်ရမည်၊ မိမိစိတ်ကို ဖြူစင်အောင်ထားရမည်ဟူ၍ ဟောတော်မူခဲ့ရာ မိမိတို့ဗုဒ္ဓဘာသာဝင်များသည်လည်း ဘယ်အရာက မကောင်းမှု၊ ဘယ်အရာက ကောင်းမှု၊ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးဖြင့် မည်သည့်အရာသည် ရှောင်ရမည့်တရား၊ မည်သည့်အရာသည် ဆောင်ရမည့်တရား စသည်ဖြင့်သိရန်လိုအပ်ပါသည်။ သိရန်အတွက် လေ့လာသင်ယူကြရမည်။ သင်ယူပြီးနောက် မိမိ၏စိတ်ခန္ဓာကို အဖြူစင်ဆုံးဖြစ်အောင် ကြိုးစားရာတွင် အဘိဓမ္မာက အထောက်အကူပြုသည်။

ကုသိုလ်တရားများသာ တိုးပွားနေပြီး အကုသိုလ်များ လုံးဝကင်းစင်ချုပ်ငြိမ်းသောအဆင့်ကလည်း ရဟန္တာဖြစ်မှသာဖြစ်မည်ဖြစ်ရာ ရဟန္တာဖြစ်သည်အထိ ကြိုးစားသင်ယူကြရမည်ဟု ဆုံးမသည်ကို နာယူဖူးပါသည်။ ယခုဘဝ သင်ကြား သင်ယူ နာယူ ပူဇော်မှုသည် နောင်သံသရာအဆက်ဆက်အထိ ပါရမီဖြည့်ဆည်း ရင့်သန်သွားမည်ဟု ဆိုလိုပါသည်။ ဓမ္မတရားနှစ်ခုအနက် အဘိဓမ္မာတရားသည် သုတ္တန်တဓမ္မတရားထက် သာလွန်မြင့်မြတ်ထူးကဲသည်ဟု ဆိုရာတွင် သုတ္တန်တရားကဲ့သို့ပင် အဘိဓမ္မာတရားတွင်လည်း အမေးအဖြေကဏ္ဍ၊ ဝေဖန်ရေးကဏ္ဍဖြင့် ဟောကြားထားသလို အရေအတွက်အားဖြင့် စုပေါင်းများပြားသော ဓမ္မက္ခန္ဓာ အစုအပေါင်း ၄၂၀၀၀ အထိ သာလွန်များပြားလွန်းလှသောကြောင့် ဖြစ်ပါသည်။ မြတ်စွာဘုရားရှင် လက်ထက်တော်က အဘိဓမ္မာခုနစ်ကျမ်းကို ရဟန်းသံဃာတော်များက သင်ယူခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် အိန္ဒိယတွင် အဘိဓမ္မာတရားတော်များ ပျောက်ကွယ်ခဲ့ဖူးသည်။ ထို့နောက် သီဟိုဠ်ပြည်နယ်မှ တစ်ဆင့် ပြန်လည်ပျံ့နှံ့ခဲ့ခြင်းဖြစ်သည်။

### သင်ကြားနာယူရန်သင့်သည့်ပညာရပ်

သင်ယူလေ့လာသင့်သည့် အဘိဓမ္မာပညာရပ်ဟူသည် သူများအကြောင်းမဟုတ်၊ မိမိခန္ဓာ မိမိအကြောင်း မိမိကိုယ်တိုင်သိအပ်၍ သင်ယူရခြင်းဖြစ်သည်။ မိမိတို့သည် လူ့ဘဝ စတင်သန္ဓေတည်ကတည်းက သူများအကြောင်း၊ ပတ်ဝန်းကျင်အကြောင်း၊ ကမ္ဘာကြီးအကြောင်းကိုသာ လေ့လာသင်ယူခဲ့ကြသည်။ ယခုသင်ကြားပို့ချနေသော အဘိဓမ္မာကျမ်းသည် သင်္ဂဟကျမ်း၊ သင်္ဂြိုဟ် ကိုးပိုင်းပါဝင်သည့် ကျမ်းဖြစ်သည်။ သင်္ချိုရသဘောတရားအရ လူ့ဘဝလူ့ခန္ဓာသည် မသေချာလှသဖြင့် တစ်နှစ်လျှင် တစ်ဆင့်စီဖြင့် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် စသည်ဖြင့် တစ်နှစ်ပြီးတစ်နှစ် သင်ကြားပူဇော်နိုင်သလို တစ်နှစ်တည်းဖြင့်လည်း အဆင့်များတက်၍ နာယူလေ့လာနိုင်ပါသည်။ ပထမအဆင့်တွင် စိတ်အကြောင်း၊ စိတ်ကိုကောင်းအောင်/ ဆိုးအောင် ချယ်လှယ်သော စေတသိက်အကြောင်း၊ ၎င်းစိတ်စေတသိက်များ ဘယ်သို့ဘယ်ပုံ ရောပြွမ်းပါဝင်နေပါသလဲ သိခွင့်ရမည့်ပကိဏ်းပိုင်း စသည်တို့ပါဝင်ပါသည်။ ဒုတိယအဆင့်ရောက်လျှင် လူသတ္တဝါများနေထိုင်ရာ ဘုံဌာနကြီးများအကြောင်း၊ ကမ္ဘာကြီး ဘယ်လိုပျက်ရသလဲ၊ ကိုယ်လုပ်သည့်ကံကြောင့်သာ ကိုယ်ရောက်ရမည့်ဘုံဌာနများအကြောင်း၊ ဘဝအစ၊ ဘဝအလယ်၊ ဘဝအဆုံး စိတ်တွေဘယ်လိုဖြစ်ပြီး ဘယ်လိုပျက်ကြပုံ၊ စိတ်၏အကြောင်းတရားများနှင့် စိတ်အစဉ်တန်းများအကြောင်း စသည်ဖြင့်လေ့လာခွင့် ရရှိမည်ဖြစ်သည်။ မိမိစိတ်ကိုမိမိသိရှိပြီး မိမိခန္ဓာမိမိသိပြီဆိုလျှင် မိမိဘယ်ဘုံဌာနရောက်နိုင်မည်၊ အပါယ်ဘုံသွားမလား၊ လူ့ဘုံသွားမလား၊ နတ်ဘုံရောက်မလား၊ ဗြဟ္မာ့ဘုံရောက်မလား သိရှိနိုင်တော့မည်ဖြစ်သည်။

ထို့နောက် ရုပ်ဖြစ်ရခြင်းအကြောင်းတရားများနှင့် ရုပ်ကိုကောင်းအောင် ဘယ်လိုပြင်ကြမည်လဲ သိရှိရမည်ဖြစ်သည်။ တတိယအဆင့်တွင် ကမ္မဋ္ဌာန်း၊ ဘာဝနာကျင့်စဉ်များအကြောင်း သိရှိရမည်ဖြစ်ပြီး စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဆိုသည့် ပရမတ္ထတရားများကိုလည်း ရောပြွမ်း၍ လေ့လာခွင့်ရရှိမည်ဖြစ်သည်။ စိတ် စေတသိက် ရုပ်ဆိုသည်မှာ အမြဲပြုပြင်နေရသည့်အတွက် ဤစိတ်စေတသိက် ရုပ်များ ချုပ်ငြိမ်း မရှိတော့သည့် နိဗ္ဗာန်အကြောင်းကိုလည်း သိခွင့်ရပြီး ရုပ်နာမ်ကြောင်းကျိုးဆက်စပ်မှုနှင့် ဆက်စပ်မှုသတိပဋ္ဌာန်တရားကိုလည်း နာယူခွင့်ရရှိမည်ဖြစ်သည်။ ဤရုပ်နာမ်ခန္ဓာများသည် ကံရှိနေသရွေ့ ခဏတာပိုင်ဆိုင်ခွင့်ရသည့် ဘဝခန္ဓာဖြစ်၍ ဤခန္ဓာကို ဖြတ်ခွင့်ရမည့်ပညာကို ကမ္မဋ္ဌာန်းအပိုင်းတွင် သင်ကြားနာယူခွင့်ရရှိမည်ဖြစ်ရာ တရားသင်ရာမှ ခန္ဓာအသိဖြစ်အောင် အကျိုးထူးများ ရရှိမည်ဖြစ်ပါသည်။ အဘိဓမ္မာသင်ကြားနာယူခိုက်တွင် အလွန်လေးနက်သော တရားတော်များကို နာယူသင်ကြားနေရခြင်းကြောင့် သင်ကြားနေစဉ်၊ ရွတ်ဖတ်ပူဇော်နေစဉ်တွင် အခြားမည်သည့်အာရုံမျှ မိမိသန္တာန်တွင် မရောက်မိအောင်ပင် မဟာကုသိုလ်များ ရရှိစေပါသည်။ တစ်နည်းအားဖြင့် ဒါန၊ သီလ၊ ဘာဝနာ သုံးပါးအနက် ဘာဝနာကျင့်စဉ်တွင် ပါဝင်သောတရားတစ်ခုလည်းဖြစ်ပါကြောင်း တင်ပြလိုပါသည်။

ဘုရားရှင်လက်ထက်တော်မှစ၍ ဗုဒ္ဓသာသနာပြုအဆုံးအမအတွင်းအဖွဲ့တ္တတရားတော်များကို မိမိတို့ဗုဒ္ဓဘာသာဝင်များကိုယ်တိုင် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန်လိုအပ်ပါသည်။ ပျံ့နှံ့တိုးပွားရန်လည်း ကြိုးစားရန်လိုအပ်သည်မှာ သမိုင်းပေးတာဝန်တစ်ရပ်၊ သာသနာ့တာဝန်တစ်ခု ဖြစ်ပါသည်။ လူ့ဘဝ၊ လူ့ခန္ဓာရခိုက်အချိန် တစ်ခဏလေးအတွင်း နောင်သံသရာအတွက် ယခုဘဝ မိမိခန္ဓာကို အကောင်းဆုံးဖြစ်စေရန် အသုံးချလေ့ကျင့်နေရန် လိုအပ်ပါသည်။ ကံနှင့် ကံ၏အကျိုးကို ဉာဏ်ဖြင့် ရှင်းရှင်းလင်းလင်းသိမြင်ကာ မကောင်းသောကံများကို ဉာဏ်ဖြင့်ဖြတ်တောက်ပြီး ကောင်းသောကံများကို ဆက်လက်ထူထောင်သွားကြရမည်ဖြစ်ပါသည်။

"ပုထုဇဉ်အန္ဓယ်မှ အရိယာအန္ဓယ်သို့ လျင်လျင်မြန်မြန်ရောက်ရှိပြီး အို၊ နာ၊ သေဘဝမှ လွတ်ကင်းနိုင်ကြပါစေ"။ ။

**အဘိဓမ္မာတရားတော်သည် သုတ္တန်တဓမ္မထက် သာလွန်ထူးကဲသော (အဘိဓမ္မ)တရားတော်ဖြစ်သည်။ မိမိတို့၏ သန္တာန်၌ အမှန်ရှိနေသော ရုပ်နာမ်ခန္ဓာတရားကြောင်းကျိုးဆက်စပ်မှုသဘောတရားဖြစ်သည်။ ယင်းတရားကြောင့် တရားနာခွင့်ရကြသော နတ်ဗြဟ္မာအားလုံး ကျွတ်တမ်းဝင်ကုန်ကြသည်။ လူ့ပြည်တွင်လည်း လင်းနို့သား ငါးရာဘဝမှ လာသော ရဟန်းငါးရာလည်း ရဟန္တာဖြစ်ကုန်ကြ**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသိမ်း UNDP မှ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ


**နေပြည်တော် အောက်တိုဘာ ၈**


ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor အား ယနေ့တွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် UNDP တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၇-၂၀၂၀) [Civil Service Reform Strategic Action plan (2017–2020)] ပါ လုပ်ငန်းစဉ်များအပေါ် ၂၀၁၉-၂၀၂၀ ခုနှစ်များအတွက် လျာထားမှုအရ ဆောင်ရွက်ထားရှိမှုနှင့် တိုးတက်မှုအခြေအနေ၊ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ ခေါင်းဆောင်မှု၊ ထိရောက်မှု၊ လိုက်လျောညီထွေဖြစ်စေမှုနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှု(LEAP) စီမံကိန်း အောက်တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများနှင့် ပို့ချလျက်ရှိသည့် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများအပေါ် ပြုပြင်ပြောင်းလဲမှုနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





# မြန်မာ – နယ်သာလန် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၁၉ – ၂၀၂၀ ခုနှစ်အတွင်း မြန်မာ – နယ်သာလန် ပူးပေါင်းဆောင်ရွက်သည့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုလုပ်ငန်းများ၊ နားလည်မှုစာချွန်လွှာပါ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးကျော်မျိုးက အမှာစကားပြောကြားပြီး နယ်သာလန်နိုင်ငံမှ ရေဆိုင်ရာ အထူးသံတမန် Mr. Henk Ovink က လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် သုံးသပ်ဆွေးနွေးပြောကြားသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်နှင့် နယ်သာလန်နိုင်ငံမှ ရေဆိုင်ရာ အထူးသံတမန် Mr. Henk Ovink တို့က ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် JSC Meeting Minutes ကို လက်မှတ်ရေးထိုးကြသည်။

**သတင်းစဉ်**

# မော်လမြိုင်ကျွန်းတွင် စာအလွတ်ကျက်မှတ်ဖြေဆိုသည့်စနစ်မှ စဉ်းစားတွေးခေါ်တတ်သည့် ပညာရေးစနစ် ပြောင်းလဲရေးဆွေးနွေးပွဲ ကျင်းပ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၈**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာများအဖွဲ့ချုပ် (မော်လမြိုင်ကျွန်းအဖွဲ့ခွဲ)က ကြီးမှူးကျင်းပသော မော်လမြိုင်ကျွန်း တစ်မြို့နယ်လုံးရှိ ပြင်ပဖြေ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်အကြို စာမေးပွဲမကျင်းပမီ ပြောင်းလဲလာသော ပညာရေးစနစ်အကြောင်း သိကောင်းစရာဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့၌ ကျင်းပသည်။

ယင်းပြောင်းလဲလာသော ပညာရေးစနစ်ဆွေးနွေးပွဲတွင် မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေက ပြောင်းလဲလာသော ပညာရေးစနစ်နှင့် ပတ်သက်၍ သိသင့်သိထိုက်သော ပညာရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးထွန်းထွန်းဦးက စာအလွတ်ကျက်မှတ်ဖြေဆိုသည့်စနစ်မှ အတွေးအခေါ် ပြောင်းလဲ၍ စဉ်းစားတွေးခေါ်တတ်သော ပညာရေးစနစ်အကြောင်းကိုလည်းကောင်း ဆွေးနွေးရှင်းလင်းတင်ပြကြသည်။

**လှေ့လာမှတ်သား**

အဆိုပါ ပြောင်းလဲလာသော ပညာရေးစနစ်ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာများအဖွဲ့ချုပ် (မော်လမြိုင်ကျွန်းအဖွဲ့ခွဲ)မှ ဆရာများ၊ တစ်မြို့နယ်လုံးရှိ ပြင်ပဖြေ တက္ကသိုလ်ဝင် ကျောင်းသားကျောင်းသူ ၂၅၇ ဦး တက်ရောက်လေ့လာမှတ်သားကြသည်။

**မော်ကျွန်း- မြင့်အောင်**

✻ ကျောဖုံးမှ

အသုံးပြုခဲ့ရကြောင်း၊ စီမံကိန်းကုန်ကျစရိတ်မှာ စီမံကိန်းအပိုင်း(၁) ဆောင်ရွက်ရာတွင် အဆောက်အအုံများ တန်ဖိုး ၂၆ ဒသမ ၃ ဘီလီယံနှင့် Infrastructure Cost ၉ ဒသမ ၈ ဘီလီယံ၊ လယ်သမားလျော်ကြေးငွေကျပ် သိန်းပေါင်း ၅၀၀၀ စုစုပေါင်း ၃၆ ဘီလီယံဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကျန်စစ်မင်းအိမ်ရာ အပိုင်း(၁)တွင် တန်ဖိုးနည်းတိုက်ခန်း ၃၂၄ စတုရန်းပေ ၆၀၀ ခန်း၊ တန်ဖိုးနည်းတိုက်ခန်း ၃၈၄ စတုရန်းပေ အခန်း ၄၈၀၊ တန်ဖိုးနည်းတိုက်ခန်း ၄၈၄ စတုရန်းပေနှင့် ၅၂၂ စတုရန်းပေရှိ ၇၃၂ ခန်းနှင့် တန်ဖိုးသင့်တိုက်ခန်း ၆၅၀ စတုရန်းပေရှိ အခန်း ၅၆၀ လည်း ပါဝင်ကြောင်း၊ တန်ဖိုးနည်းအိမ်ရာ တိုက်ခန်း ၄၀၀၀ ကျော်ကို နှစ်စဉ် အိမ်ဝယ်ချေးငွေ (Home Loan) ထုတ်ချေးပေးနိုင်အောင် ဂျပန်နိုင်ငံအစိုးရက ODA Loan ပေးအပ်ထားပြီးဖြစ်သည့်အတွက် ဝင်ငွေနည်းပြည်သူတွေ အိမ်ဝယ်နိုင်အောင် DUHD နှင့် CHID Bank တို့က အပြည့်အဝကူညီပေးနေပါကြောင်း ရှင်းပြသည်။

ကျန်စစ်မင်းတန်ဖိုးနည်းအိမ်ရာ တိုက်ခန်းတန်ဖိုးမှာ မြေညီထပ် ငွေကျပ် ၁၄၂ သိန်းမှ အပေါ်ဆုံးထပ်ငါးလွှာ ကျပ် ၁၀၂ သိန်းဖြစ်ပြီး တန်ဖိုးသင့်အိမ်ရာတိုက်ခန်း တန်ဖိုးမှာ မြေညီထပ် ငွေကျပ် ၂၇၆ သိန်းမှ အပေါ်ဆုံးထပ်ငါးလွှာ ငွေကျပ် ၂၁၆ သိန်းဖြစ်ကြောင်း၊ တန်ဖိုးနည်း အိမ်ရာတွေ၏ ရောင်းဈေးမှာ မြေတန်ဖိုးမပါဝင်ဘဲ အဆောက်အအုံတန်ဖိုးနှင့် ရေ၊ မီးကုန်ကျစရိတ် အရင်းဈေးအတိုင်း အမြတ်အစွန်းမယူဘဲ ရောင်းချပေးခြင်းဖြစ်ကြောင်း သိရပြီး တန်ဖိုးနည်းအိမ်ရာ အရောင်းမူဝါဒကို Target Group တိတိကျကျ သတ်မှတ်ပေးထားခဲ့ရာ မိသားစုဝင်ငွေ တစ်လ ငွေကျပ်သုံးသိန်းမှ ငါးသိန်းအတွင်း ဝင်ငွေရှိသော အိမ်ပိုင်မရှိသေးသူ၊ CHID Bank တွင် အိမ်ဝယ်ရန် ငွေစုဆောင်းနေသူ ဖြစ်ရပါမည်။ အိမ်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း Down Payment ပြည့်အောင် စုဆောင်းနိုင်ပြီဆိုမှ ရောင်းချပေးခြင်းဖြစ်သည်ဟုသိရပြီး လိုငွေ ၇၀ ရာခိုင်နှုန်းကို CHID Bank က တစ်နှစ် ၁၂ ရာခိုင်နှုန်း အတိုးနှုန်းဖြင့် Home Loan ထုတ်ချေးပေးသည်။ CHID Bank ချေးငွေကို ၁၅ နှစ် အရစ်ကျ လစဉ်ပေးသွင်းသွားနိုင်ကြောင်းနှင့် အိမ်ငှားနေသူများ၊ လစဉ်ထုတ်ပေးနေရသော အိမ်လခနှုန်းလောက် လစဉ်အရစ်ကျပေးသွင်းသွားခြင်းဖြင့် အိမ်ပိုင်ဆိုင်သည့် အခြေအနေဖြစ်အောင် စီစဉ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အိမ်ရာချေးငွေစနစ်ဖြင့် ရောင်းချမှုအစီအစဉ်မှာ တည်ဆောက်ပြီးအခန်းများကို နေထိုင်ရေးအခက်အခဲရှိသော ပြည်သူများအားလုံး အိမ်ရာပိုင်ဆိုင်နိုင်စေရေးအတွက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank) တွင် ၃၀ ရာခိုင်နှုန်း Down Payment အိမ်ရာစုဆောင်းငွေထားရှိစေပြီး အိမ်ရာချေးငွေစနစ် (CHID Loan + ODA Mortgage Loan) ဖြင့် ချိတ်ဆက်၍ ရောင်းချလျက်ရှိရာ တန်ဖိုးနည်းအိမ်ရာ အရောင်းမူဝါဒနှင့်ကိုက်ညီပြီး ဝယ်ယူလိုသူပြည်သူများ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# ၂၀၂၀ ပြည့်နှစ် ရုံးသုံးပြက္ခဒိန် ထွက်ပြီ

**နေပြည်တော် အောက်တိုဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေသော ၂၀၂၀ ပြည့်နှစ် ရုံးသုံးပြက္ခဒိန်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ရုံးသုံးပြက္ခဒိန်ကို တစ်စောင်လျှင် စက္ကူဖြူချောဖြင့် ကျပ် ၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် ၁၅၉၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ ဖုန်း ၀၂-၄၀၃၀၁၈၆၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်အမှတ် (၁၇၃-၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၈၁၀၂ နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ပြီး ရုံးဌာနများနှင့် အသင်းအဖွဲ့များမှ လက်ကားဝယ်ယူလိုပါက အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဂျပန်နည်းပညာသုံး တန်ဖိုးနည်းအိမ်ရာနမူနာအိမ် လွှဲပြောင်းပေးအပ်



**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ် (၃) လမ်းမကြီးဘေး ရန်ကုန်အမြန်လမ်းတိုးဂိတ်အနီး ဂျပန်-မြန်မာ အိမ်ရာတည်ဆောက်ရေးနှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းအသင်း (JHMU)နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း( MCEA)တို့ ပူးပေါင်းအကောင်အထည်ဖော်တည်ဆောက်ခဲ့သော ဝင်ငွေနည်းသူများနှင့် အလယ်အလတ်ရှိသူများနေထိုင်နိုင်သည့် ဆောက်လုပ်ပြီးစီးသွားသော နေအိမ်နှစ်လုံး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက သုဝဏ္ဏာရှိ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး အိချိုယို မာရူရာမ၊ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဒေါ်နီလာကျော်၊ မြန်မာနှင့် ဂျပန်နိုင်ငံတို့မှ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများ တက်ရောက်ကြသည်။

" ဒီအဆောက်အအုံနှစ်လုံးကတော့ အမျိုးအစား A နှစ်ထပ်လေးခန်းနဲ့ အမျိုးအစား B နှစ်ခန်းတို့ပဲ ဖြစ်ပါတယ်။ အားလုံးကို ဂျပန် နည်းပညာ၊ ဂျပန်ပစ္စည်းများကို အသုံးပြုပြီး တိတိကျကျ ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဆောက်လုပ်ပြီးစီးသွားတဲ့အတွက် MCEA အဖွဲ့ဝင် မြေပိုင်ရှင် ဦးကြည်စိုးအား လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရိုန်ဝင်းက ပြောသည်။

အဆိုပါအဆောက်အအုံနှစ်လုံး ဆောက်လုပ်ခြင်းအတွက် အခြေခံအဆောက်အအုံပုံစံကို JMHU ဘက်မှ တာဝန်ယူဆောင်ရွက်ပြီး အဆောက်အအုံဆောက်လုပ်ရေးအစီအစဉ်ကို MCEA ဘက်မှ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနမူနာအိမ်များ ဆောက်လုပ်ပေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၌ ဂျပန်ဆောက်လုပ်ရေးပစ္စည်းများနှင့် ဂျပန်ဒီဇိုင်း တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ အရည်အသွေးပြည့်မီစွာ ကျယ်ကျယ်ပြန့်ပြန့် ဆောက်လုပ်သွားနိုင်ရန် စတင်မိတ်ဆက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# နိုင်ငံတကာ ဆန်အရည်အသွေးယှဉ်ပြိုင်မည့် မြန်မာ့ပေါ်ဆန်းမွှေး မြည်းစမ်းပွဲတော် ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟီလောင်ကျန်းပြည်နယ်တွင် အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ဆန်စပါးပွဲတော်သို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသည့် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ပါဝင်တက်ရောက်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဆန်စပါးပွဲတော်တွင် နိုင်ငံတကာမှ ဆန်များ၏ အရည်အသွေးများကို အကဲဖြတ်ပြီး ဆုများပေးအပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပေါ်ဆန်းမွှေးဆန် ပါဝင်ပြသယှဉ်ပြိုင်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် ရွှေဘိုပေါ်ဆန်းမွှေးနှင့် မြောင်းမြပေါ်ဆန်းမွှေးတို့၏ အကဲဖြတ်မြည်းစမ်းသည့်ပွဲတော်ကို အောက်တိုဘာ ၈ ရက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က ပေါ်ဆန်းမွှေးဆန်မြည်းစမ်းပွဲတော် ပြုလုပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ရွှေဘိုနှင့် မြောင်းမြပေါ်ဆန်းမွှေးတို့၏ အရည်အသွေးကို မြည်းစမ်းစားပြီး အကဲဖြတ်အမှတ်ပေးကြသည်။ အမှတ်အများဆုံးရရှိသည့်ဆန်ကို အပြည်ပြည်ဆိုင်ရာ ဆန်စပါးပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ CEBU မြို့တွင် ကမ္ဘာ့ဆန်အသင်းက ကြီးမှူးကျင်းပသည့် ဆန်စပါးညီလာခံတွင် မြန်မာ့ပေါ်ဆန်းမွှေးဆန်မှာ ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် သတ်မှတ်ခြင်းခံရပြီး ဆုရရှိခဲ့သည်။

**အောင်သူရ**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**တာလေ အောက်တိုဘာ ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် တာလေမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် အမှတ်(၄)ရပ်ကွက်ရှိ ရေတွင်း၊ ရေကန်များ၊ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်း၊ ကလိုရင်းခတ်ခြင်းများကို အောက်တိုဘာ ၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ စုပေါင်းအမှိုက်ကောက်ခြင်း၊ တာလေ-ကျိုင်းလပ်ကားလမ်းမဘေး ဝဲယာရှိ ချုံနွယ်များ ရှင်းလင်းခြင်းကို တာလေမြို့အုပ်ချုပ်ရေးမှူး ဦးကျော်သူဝင်း၊ စည်ပင်သာယာရေးဌာန မြို့ဦးစီးမှူး ဦးကျော်ကျော်ဦး၊ နယ်မြေမီးသတ်တပ်ဖွဲ့မှူး ဦးလင်းဝင်းထိုက်၊ ကျန်းမာရေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်းပါဝင်၍ ဒေသခံပြည်သူများနှင့်အတူ ဆောင်ရွက်ခဲ့သည်။

ရာသီကူးပြောင်းသည့် ယခုကာလသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများသော ရာသီဖြစ်ရာ ကလေးများ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယခုလိုသက်ဆိုင်ရာက အဘိတ်ဆေးများခတ်ပေးခြင်း၊ ကျောင်းဆောင်များ၊ ဘုန်းကြီးကျောင်းများတွင် ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ ပြုလုပ်ပေးခြင်းကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အလွန်အကျိုးရှိစေသဖြင့် ကျေးဇူးတင်ကြောင်း အမှတ်(၄)ရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**အောင်ကျော်မိုး(တာလေ)**

# ရေဝင်ကျွန်းမြေများ ပြန်လည်ပေါ်ထွန်းလာ၍ ရောဝတီမြစ်ရိုးတစ်လျှောက်ရှိ ကျွန်းရွာများတွင် ဆောင်းသီးနှံများ စတင်စိုက်ပျိုး

**မန္တလေး အောက်တိုဘာ ၈**

ဧရာဝတီမြစ်ရေများကျဆင်းပြီး ရေဝင်ရောက်ခဲ့သော စိုက်ပျိုးမြေများ ပြန်လည်ပေါ်ထွန်းလာရာ မန္တလေးမြို့ အနောက်မြောက်ဘက်ရှိ ရေဝင်ကျွန်းကျေးရွာများတွင် ပဲယင်း၊ ပဲပုပ်စေ့၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ စားတော်ပဲနှင့် မြေပဲများ စတင်စိုက်ပျိုးလာကြောင်း တွေ့ရသည်။



မန္တလေးမြို့အနီးရှိ သမင်ခြံ၊ ပေါင်ဝဲ၊ ကျောင်းကြီးစု၊ ပျော်ဘွယ်၊ အာလောင်၊ နန်းတော်ကျွန်း၊ စွန်းလွန်း၊ ဥဒေါင်း၊ သပြေသာ၊ မြသီတာ၊ ရွာသစ်၊ ရွာသာအေး အစရှိသည့် ကျွန်းကျေးရွာမှ ပြည်သူများသည် မန္တလေးမြို့ပေါ်သို့ သွား၍ နေ့စဉ်ဝင်ငွေရရှိသည့် လုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သူများကြသဖြင့် တောင်သူလုပ်ငန်းတွင် ဆောင်ရွက်ရနည်းသော ပဲယင်း၊ ပဲပုပ်စေ့များကို အများဆုံးစိုက်ပျိုးကြသည်။ ပဲပုပ်စေ့နှင့် ပဲယင်းတို့မှာ ထွန်ရေး၊ ထယ်ရေးပြုလုပ်ရန်မလိုဘဲ ကုန်းမြေများပေါ်လာချိန် မြေတွင်အစိုဓာတ်ရှိစဉ် မျိုးစေ့ကြဲရုံဖြင့် အပင်များ အောင်မြင်ဖြစ်ထွန်းသည်။ ထောပတ်ပဲ၊ မြေထောက်ပဲ၊ စားတော်ပဲနှင့် မြေပဲတို့မှာ ထွန်ရေး၊ ထယ်ရေးများ ဆောင်ရွက်စိုက်ပျိုးရပြီး သီးနှံများ ရရှိချိန်ထိ ပေါင်းနုတ်၊ ပေါင်းသင်ခြင်းများ ဆောင်ရွက်ရသည်။

ယခုစိုက်ပျိုးလျက်ရှိသည့် သီးနှံများမှာ မိုးရာသီကုန်ဆုံးပြီးဖြစ်သော်လည်း ရေဝင်ကျွန်းမြေများတွင် အစိုဓာတ်များပြားခြင်း၊ မကြာမီရောက်ရှိလာမည့် ဆောင်းကာလတွင် ကျဆင်းမည့်နှင်းများနှင့် အပင်များ ရှင်သန်အောင်မြင်ကြခြင်း ဖြစ်သည်။ လုပ်ငန်းဆောင်တာ များပြားသည့် ထောပတ်ပဲ၊ မြေထောက်ပဲ၊ စားတော်ပဲနှင့် မြေပဲတို့မှာ အထွက်နှုန်းကောင်းပြီး ဈေးကောင်းလည်း ရရှိကြသည်။

**အေးမြ(မန္တလေး)**

## သတင်းလမ်းညွှန်

### ဒုတိယအကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲနှင့် တရားတော်နာရေစက်ချအခမ်းအနား ကျင်းပမည်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏကရုဏာရှင်လူမှုကူညီရေးအဖွဲ့နှင့် စေတနာရှင် ဒါယကာ ဒါယိကာမများစုပေါင်း၍ ၁၃၈၁ ခုနှစ် ဝါတွင်းကာလအတွင်း သံဃာတော် ၁၁၅ ပါးအား အပတ်စဉ် တနင်္ဂနွေနေ့တွင် ဆွမ်းလောင်းလှူလျက်ရှိရာ အောက်တိုဘာ ၁၃ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် ဆွမ်းသိမ်းအောင်ပွဲနှင့် ရေစက်ချတရားနာယူမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ယင်းနေ့တွင် ဥတ္တရသိဒ္ဓိရပ်ကွက် အထက(၉)ကျောင်းအနီး ဉာဏကရုဏာရှင်လူမှုရေးအဖွဲ့ ဆွမ်းလောင်းမဏ္ဍပ်တွင် သံဃာတော် ၁၁၅ ပါးအား ဆွမ်းလောင်းလှူခြင်း၊ ပင့်သံဃာ ငါးပါးထံမှ တရားတော်နာ ရေစက်သွန်းချခြင်းနှင့် ဧည့်ပရိသတ်များကို ကျွေးမွေးဧည့်ခံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်လှုမော်**

### ရန်ကုန်တိုင်းဒေသကြီးတွင် သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပမည်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလမ်းညွှန်မှုဖြင့် BMB Entertainment ကုမ္ပဏီလီမိတက်မှ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကားပါကင်နေရာတို့တွင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

အဆိုပါမီးထွန်းပွဲတော်တွင် အလှမီးလုံး ၁၂၀၀ ခန့် ထွန်းညှိသွားမည့်အပြင် ရှမ်းအိုးစည်၊ ဇီးကွက်၊ ဆွမ်းအုပ်၊ ယုန်၊ ဆီမီးခွက်၊ ဒန်း စသည့်အရုပ်များကို မီးအလှဆင်ကာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အလှမီးများ ထွန်းညှိခြင်းကို အောက်တိုဘာ ၁၀ ရက် ညပိုင်းမှစ၍ ငါးရက်တိုင်တိုင် ထွန်းညှိသွားမည်ဖြစ်ပြီး အောက်တိုဘာ ၁၂ ရက် ညနေ ၆ နာရီတွင် အဆိုတော် ရဲလေး၊ အိမ့်ချစ်၊ ဝိုင်းလေး၊ ပန်းရောင်ခြယ်တို့က သီဆိုဖျော်ဖြေမည်ဖြစ်ပြီး ယင်းနေ့တွင် လူဦးရေအယောက်သုံးသောင်းအတွက် စတုဒိသာအနေဖြင့် အအေးများတိုက်မည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မူလမြေပိုင်ရှင်များသို့ မြေ ၂၀ ရာခိုင်နှုန်း ပြန်လည်ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ကုန်မြို့သစ် စီမံကိန်း မူလမြေပိုင်ရှင်များသို့ မြေ ၂၀ ရာခိုင်နှုန်း ပြန်လည်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

မြေပြန်လည်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း စက်ကလေးဘလုတ်ညွှန့်ကျေးရွာ ခါတော်မီဘုန်းကြီးကျောင်းတိုက်ရှိ ရန်ကုန်မြို့သစ် စီမံကိန်းမြေနေရာပြန်လည်ချထားရေးလုပ်ငန်းအဖွဲ့ရုံး၌ ကျင်းပသည်။

ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် “ ဒီနေ့ဟာ ရန်ကုန်တိုင်းဒေသကြီးအတွက် အလွန်မင်္ဂလာရှိတဲ့ နေ့တစ်နေ့လို့ ပြောရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုကျွန်တော်တို့ရဲ့ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ဦးဆောင်ပြီး ဆောင်ရွက်နေတဲ့ အစီအစဉ်ထဲမှာ အရေးကြီးတဲ့ စီမံကိန်းကြီးတစ်ခုဖြစ်တဲ့ ရန်ကုန်မြို့သစ်စီမံကိန်းဟာ ပါဝင်ခဲ့တာဖြစ်ပါတယ်။ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေများစွာကို ကျော်ဖြတ်ဆောင်ရွက်နေရတဲ့ အရေးကြီးတဲ့စီမံကိန်းကြီးတစ်ခု ဖြစ်ပါတယ်” ဟု ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ယခုဆောင်ရွက်နေသည့် မြေသိမ်းအမိန့်အားလုံးသည် ပြည်ထောင်စုကနေ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ မိမိတို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအခြေအနေပေါ်မူတည်ပြီး မြို့သစ်




ကို ဆက်ပြီးအကောင်အထည်ဖော်နိုင်ဖို့အတွက် ပြည်သူများနှင့် ထိတွေ့မှုများဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့ပေးမည့် မြေလျော်ကြေးက မြို့မြေဖြစ်ပြီး မြို့မြေနှင့် လယ်မြေဈေးနှုန်း ကွာခြားမှုသည် များစွာကြီးမားကြောင်း၊ လယ်မြေများ ပြန်မပေးနိုင်တော့သည့် အခြေအနေတွင် မြေလျော်ကြေး ပေးနေခြင်းသည် မြို့ဖြစ်သွားသည့်အတွက် အခြေခံအဆောက်အအုံ၊ လမ်းများ၊ မီးများ၊ ရေများ လိုအပ်ကြောင်း၊ ဥပမာ ဒဂုံလေးမြို့နယ်ကို မြေသိမ်းခဲ့ကြောင်း၊ လျော်ကြေးပေးမှု တချို့နေရာများမှာ မရှိခဲ့သည့်အတွက် မိမိတို့အခုလျော်ကြေးပေးနိုင်ရန် ပြင်ဆင်နေကြောင်း၊ ပြီးခဲ့သည့် ရက်ပိုင်းတွင် ခုနစ်ဘီလီယံခန့် လျော်ပေးခဲ့ပြီး ယခုနောက်ထပ် ဘီလီယံ ၃၀ ကျော် ထပ်လျော်ရန်ပြင်ဆင်နေကြောင်း၊ လာမည့် ဧပြီလမှာ ဘီလီယံ ၂၀၀ ခန့် လျော်ပေးရန် ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ဘာကြောင့် မြေလျော်ကြေးပေးရန်လုပ်ရမည်ဆိုလျှင် မြို့ပြဖြစ်သွားသည့်နေရာများတွင် လယ်ပြန်စိုက်လို့မရတော့ကြောင်း၊ လယ်သိမ်းထားသည့်နေရာများတွင် လယ်ပြန်စိုက်ရန် ပုံစံခွန်ထုတ်ပေးမှုကို မလုပ်ပေးနိုင်သည့်အတွက် မြေလျော်ကြေးပေးရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဝန်ကြီး ဦးဟံထွန်း၊ ရန်ကုန်မြို့တော် ဒုတိယမြို့တော်ဝန် ဦးစိုးလွင်၊ ကြည့်မြင်တိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက မူလမြေပိုင်ရှင်များအား မြေကွက်အမျိုးအစားအလိုက် ၂၀ ရာခိုင်နှုန်း ယာယီမြေပေးမိန့်များ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ဒေသခံမြေပိုင်ရှင်များကိုယ်စား ဒေသခံတောင်သူ ဦးမျိုးကျော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယခု ကျင်းပသည့် မြေပြန်လည်ပေးအပ်ခြင်းမှာ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းဧရိယာအတွင်းရှိ တောင်သူများအား ယခင်လယ်မြေမှ ယခုမြို့မြေနေရာအဖြစ် နှစ်ဆယ်ရာခိုင်နှုန်းဖြင့် တောင်သူ ၁၈၇ ဦး၏ ဧရိယာ ၁၅၁၄ ဧကအတွက် ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဆန်းကျော်ဦး (ပြန် /ဆက်)




# သီတင်းကျွတ်ပွဲတော်အကြို ရာသီပေါ်သီးနှံများနှင့် ဂါရဝပြုလက်ဆောင် သစ်သီးခြင်းများ အရောင်းသွက်

**မန္တလေး အောက်တိုဘာ ၈**

သီတင်းကျွတ်ပွဲတော်ကာလအကြို ယခုရက်ပိုင်းအတွင်း မန္တလေးသစ်သီးဈေးကွက်၌ ရာသီပေါ်သီးနှံများနှင့် အသင့်ထုပ်ပိုးပြင်ဆင်ထားသည့် ဂါရဝပြုလက်ဆောင်သစ်သီးခြင်းများ ရောင်းအားသွက်နေကြောင်း မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၇၉ လမ်းနှင့် လမ်း ၈၀ ကြားရှိ သစ်သီးအရောင်းဆိုင်များမှ သိရသည်။

ယခုကာလသည် သစ်သီးမျိုးစုံလှိုင်လှိုင်ပေါ်သည့် ရာသီဖြစ်ပြီး ပြည်တွင်းရှိ ဒေသအသီးသီးမှ ကျွဲကောသီး၊ သြဇာသီး၊ ထောပတ်သီးများ စတင်ထွက်ရှိလာသည့်အပြင် တရုတ်နိုင်ငံမှ တင်သွင်းသည့် သလဲသီး၊ မက်မွန်သီး၊ လိမ္မော်သီး၊ ပန်းသီး၊ သစ်တော်သီး၊ နဂါးမောက်သီးများနှင့် ထိုင်းနိုင်ငံမှ ဆန်ကစ်သီး၊ အုန်းသီးဂျယ်လီ၊ အုန်းသီးမီးဖုတ်နှင့် အုန်းစိမ်းရည်များ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်လာကြောင်း သိရသည်။

''သစ်သီးဈေးကွက်က သီတင်းကျွတ်နဲ့ သင်္ကြန်ကာလတွေမှာ မိဘ၊ ဆရာသမားတွေကို ဂါရဝပြုဖို့ လာဝယ်ကြတဲ့အတွက် အရောင်းအဝယ်ကောင်းလေ့ရှိပါတယ်။ ဒီရက်ပိုင်းမှာတော့ တစ်နေ့ကို ၁၅ သိန်းနဲ့ သိန်း ၂၀ ကြား ရောင်းရတယ်။ ရောင်းချမှုအနေနဲ့ သစ်သီးမျိုးစုံလည်း ရောင်းအားကောင်းသလို အသင့်ထုပ်ပိုးထားတဲ့ သစ်သီးခြင်းတွေကိုလည်း ဝယ်ယူသူများပါတယ်။ သစ်သီးခြင်းတွေကို အသင့်ထုပ်ပိုး ပြင်ဆင်ပြီး ရောင်းချပေးသလို ဝယ်သူစိတ်ကြိုက်ရွေးချယ်ထားတဲ့ သစ်သီးတွေကိုလည်း ထုပ်ပိုးပြင်ဆင်ပြီး ရောင်းချပေးပါတယ်။ ရောင်းဈေးကတော့ သစ်သီးအစုံပါဝင်မှုပေါ်မူတည်ပြီး တစ်ခြင်းကို ငွေကျပ် ၂၅၀၀၀ ကနေ တစ်သိန်းကျပ်အထိ ရောင်းချပေးနေပါတယ်'' ဟု မဝင်း သစ်သီးရောင်းဝယ်ရေးမှ ဒေါ်ဝင်းက ပြောသည်။

ယခုရာသီတွင် စတင်ထွက်ပေါ်လာသည့် သစ်သီးများအနက် တရုတ်ပန်းသီးနှင့် ထောပတ်သီးဈေးနှုန်းများ ကျဆင်းနေပြီး နဂါးမောက်သီး၊ ဆန်းကစ်သီးနှင့် အုန်းသီးဂျယ်လီ ဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်လာကြောင်း သိရသည်။

မန္တလေးဈေးကွက်တွင် လက်ရှိရောင်းချနေသည့် သစ်သီးဈေးနှုန်းများအနေဖြင့် အရွယ်အစားပေါ်မူတည်၍ ပန်းသီးတစ်လုံးလျှင် ငွေကျပ် ၅၀၀ မှ ၁၀၀၀ ဖြင့်လည်းကောင်း၊ ယိုးဒယားဆန်းကစ်သီး တစ်လုံးလျှင် ငွေကျပ် ၇၀၀ ဖြင့်လည်းကောင်း၊ ကျွဲကောသီးတစ်လုံးလျှင် ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ ဖြင့်လည်းကောင်း၊ ထောပတ်သီးတစ်လုံးလျှင် ငွေကျပ် ၄၀၀ မှ ၅၀၀ ဖြင့်လည်းကောင်း၊ သလဲသီးတစ်လုံးလျှင် ငွေကျပ် ၅၀၀ မှ ၁၀၀၀ ဖြင့် လည်းကောင်း၊ သြဇာသီးတစ်လုံးလျှင် ငွေကျပ် ၅၀၀ ဖြင့်လည်းကောင်း၊ တရုတ်နဂါးမောက်သီးတစ်လုံးလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# ယမန်နှစ်ဈေးနှင့် နှိုင်းယှဉ်လျှင် မကွေးလျှော်ဖြူဈေးကွက် ထက်ဝက်ကျော်ကျဆင်း

**မကွေး အောက်တိုဘာ ၈**

တရုတ်ဝယ်လက်ကို မှီခိုနေရသည့် လျှော်ဖြူဈေးကွက်မှာ အကျဘက်သို့ ဦးတည်နေပြီး မကွေးတိုင်းဒေသကြီး အတွင်း လျှော်ဖြူဈေးကွက်မှာ ယမန်နှစ်က ဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ထက်ဝက်ကျော် ကျဆင်းသွားခဲ့ကြောင်း ဒေသတွင်းအဝယ်ဒိုင်များထံမှ သိရသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလဆန်းပိုင်းက လျှော်ဖြူတစ်ပိဿာဈေးမှာ လေးသောင်းကျပ်ခန့် ပေါက်ဈေးရှိခဲ့သော်လည်း ယခုနှစ်လတ်တလော ပေါက်ဈေးမှာ တစ်သောင်းခြောက်ထောင်ကျပ်အထိ သိသိသာသာ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

“လျှော်ဖြူကို ပစ္စည်းသန့်၊ မသန့်၊ အရောင်အနေအထားနဲ့ ဈေးကွက်အကြိုက်ပေါ်လိုက်ပြီး အမျှင်၊ အခဲ အခြေအနေတွေပေါ်မှာ ဈေးဖြတ်ပါတယ်။ စိုက်ခင်းတွေက လာရောင်းတာရှိသလို သဘာဝတောတွေထဲ ပေါက်နေတဲ့ လျှော်ဖြူပင်ကြီးတွေကနေ စုဆောင်းပြီး လာရောင်းတဲ့သူတွေလည်းရှိပါတယ်။ ဈေးကတော့ အကျဘက်ရောက်နေတယ် ” ဟု မကွေးမြို့မှ လျှော်ဖြူအရောင်းအဝယ်လုပ်ကိုင်သူ ကိုဌေးလွင်က ပြောသည်။

မင်းဘူးမြို့ လျှော်ဖြူပေါက်ဈေးမှာ တစ်ပိဿာ ငါးထောင်မှ တစ်သောင်းခြောက်ထောင်အထိ ရှိနေသည်ဟု ယေဘုယျဆိုနိုင်သော်လည်း နိုင်ငံခြားဝယ်လက်အကြိုက် ကြာဆံမျှင် လျှော်ဖြူဈေးမှာ တစ်ပိဿာ တစ်သိန်းခွဲမှ နှစ်သိန်းဝန်းကျင်အထိ ပေါက်ဈေးရှိနေကြောင်း အဝယ်ဒိုင် ကိုရန်လင်းအောင်ထံမှ သိရသည်။

“လျှော်ဖြူကို ဧကရာနဲ့ချီပြီး စိုက်တဲ့ပခုက္ကူမြို့က လုပ်ငန်းရှင်ကိုလပြည့် ဂျပန်နိုင်ငံ SME ပြပွဲမှာ မြန်မာပြည်က လျှော်ဖြူတွေသွားပြတယ်။ ဒီကဈေးနဲ့ ခြောက်ဆတစ်ဆလောက်ကွာတယ်။ ဈေးပိုရတယ်။ ဒါပေမယ့် အော်ဂဲနစ်သီးနှံဖြစ်ရမယ်။ အရေအတွက်ထက် အရည်အသွေး ကို ပိုပြီးဂရုစိုက် မယ် ဆိုရင် ဂျပန်ကို ဈေးကောင်းကောင်းနဲ့ ပို့လို့ရပြီ။ တရုတ်ဈေးကွက်ကို မှီခိုစရာမလိုတော့ဘူး” ဟု မင်းဘူးမြို့မှ လျှော်ဖြူရောင်းဝယ်လုပ်ကိုင်သူ ကိုမိုးကျော်က ပြောသည်။

မကွေးတိုင်းဒေသကြီးတွင် မြေလွတ်မြေရိုင်းများ၊ ယာမြေများ၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ၌ လျှော်ဖြူစိုက်ခင်းထူထောင်သူ တိုးပွားလာနေပြီး ၁၀ ဧက စိုက်ခင်းတစ်ခုလျှင် မြေတန်ဖိုးမပါ သိန်းရာနှင့်ချီ၍ ရင်းနှီးမြှုပ်နှံမှုများရှိနေကြောင်း၊ ဈေးကွက်အနေအထား အောက်ဆုံးအထိ ထိုးကျ၍ တစ်ပိဿာ ငါးထောင်ကျပ် ဖြစ်နေစေကာမူ နှစ်ရှည်အကျိုးခံစားနိုင်သောကြောင့် အမြတ်အစွန်းစိတ်ချရကြောင်း မကွေးဒေသခံ စိုက်ပျိုးရေးလုပ်ကိုင်သူ ကိုအောင်ငြိမ်းက သူ၏အမြင်ကို ပြောသည်။

ဇေယျာတု(မကွေး)

# တောင်ငူမြို့ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်အတွက် ငွေကျပ် ၆၂ သိန်း လှူဒါန်း

**တောင်ငူ အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်အတွက် ရန်ကုန်မြို့နေ ကွယ်လွန်သူ ဖခင်ကြီး (ဦးမျိုးညွှန့်)အား ရည်စူး၍ ဇနီး ဒေါ်စုစုလွင်၊ သမီး ဒေါက်တာ ဒေါ်မေသူမျိုးညွှန့် (သားဖွား၊ မီးယပ် အထူးကုဆရာဝန်ကြီး) မြေး-မယမင်းမျိုးညွှန့် မိသားစုတို့က စာကြည့်တိုက်အတွက် ငွေပဒေသာပင်အလှူတော် ငွေကျပ် ၆၂ သိန်းကို ယမန်နေ့ ညနေပိုင်းက တောင်ငူမြို့ ပြည်တော်ဝင်ဟိုတယ်ခန်းမ၌ အလှူရှင်များကိုယ်စား ဒေါက်တာဘဆွေ (တော်ဝင်ဆေးရုံ)နှင့် ဒေါ်အေးအေးဆွေ (Noun ဗီဒီယိုနှင့် ဓာတ်ပုံလုပ်ငန်း) တို့က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်နာယက ဦးကျော်လှ(သမာဓိ) နှင့် ဒေါက်တာမာမာဝေ (မြန်မာစာ



ပါမောက္ခ-ငြိမ်း)တို့က လက်ခံရယူပြီး ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ မိသားစုသည် ယခင်ကလည်း တောင်ငူမြို့ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်၊ ပန်းခြံ၊ ကလေးကစားကွင်းတို့အတွက် အလှူငွေကျပ် သိန်း ၃၅၀ ကို လှူဒါန်းခဲ့ကြပြီးဖြစ်သည်။

လှူဒါန်းပွဲသို့ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်နာယကများ၊ အလုပ်အမှုဆောင်များ၊ အလှူရှင်ကိုယ်စားလှယ်များ၊ စာပေချစ်မြတ်နိုးသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

၁၂၉

# ၂၀၁၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၁၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန အသီးသီးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဖွင့်ပွဲအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို (National Fitness) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင်စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြစ်စေရန်၊ ဝန်ထမ်းများတက်ကြွရွှင်လန်းစွာဖြင့် မိမိတို့တာဝန်များကို ပိုမိုထမ်းဆောင်နိုင်စေရန် ရည်ရွယ်ပြီး ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ မြန်မာ့ဘောလုံး အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လူရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ အောင်နိုင်ရေးစီမံချက်များ ရေးဆွဲချမှတ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်နေပါကြောင်း၊ လူထုဘောလုံး အားကစားမှသည် ထူးချွန်သောဘောလုံးအားကစားသမားများအဖြစ် ကူးပြောင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့်မားသော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၁၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးပြီး အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် နေပြည်တော်စည်ပင်အသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်စည်ပင်အသင်းက ခုနစ်ဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

၂၀၁၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပြိုင်ပွဲများကို ယနေ့မှ အောက်တိုဘာ ၂၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း (၁/၃)တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အောက်တိုဘာ ၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁)တွင်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၃)တို့တွင်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာနှစ်ထပ်ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၁၀ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန် အောက်တိုဘာ ၈**

ကမ္ဘာနှစ်ထပ်ရုပ်ရှင်ကို အောက်တိုဘာ ၁၀ ရက်တွင် တစ်နိုင်ငံလုံးရုံတင်ပြသမည်ဖြစ်ကြောင်း ယမန်နေ့ညက ရန်ကုန်မြို့ Junction City, JCGV ၌ပြသသည့် ရုပ်ရှင်အထူးပြပွဲမှ သိရသည်။

ယင်းဇာတ်ကားတွင် ဇာတ်ညွှန်း အကြည်တော်၊ ဒါရိုက်တာအာကာ၊ သရုပ်ဆောင် နိုင်းနိုင်း၊ မေကဗျာ၊ မေမြင့်မိုရ်၊ ကလေးသရုပ်ဆောင် ပြည့်ပြည့်နှင့် အနုပညာရှင်များစွာ သရုပ်ဆောင်ထားပြီး Golden Hour entertainment က ထုတ်လုပ်ထားသည်။

"ဒီမှာက ကလေးတွေကို အဓိကဇာတ်ကောင်ထားပြီး ရိုက်တဲ့ကား သိပ်မရှိသေးဘူး။ ကိုယ်က အပြင်မှာလည်း ကလေးလေးယောက်ရှိတော့ သူတို့နဲ့အတူ ကစားနေကျ၊ စားနေကျဆိုတော့ သရုပ်ဆောင်ရတာ အဆင်ပြေတယ်။ အဖေနဲ့ သမီးနဲ့ ၅၂၈ မေတ္တာ၊ ပြဿနာလေးတွေ၊ သံယောဇဉ်လေးတွေကို ပြတာ။ အဓိကကတော့ ပျော်ရွှင်စရာလေးတွေကို မျှဝေတဲ့သဘောပါ။ ကျွန်တော်တို့ နိုင်ငံမှာ ကလေးတွေအတွက် ဖန်တီးတဲ့ဖျော်ဖြေရေးက မရှိသလောက် ရှားပါးသွားပြီ။ အခုရိုက်နေတဲ့ကားတွေအတော်များများက ကလေးတွေအတွက်မဟုတ်ဘူး။ ကလေးတွေအတွက် ဖျော်ဖြေရေးက အများကြီး လိုအပ်ပါတယ်။ ရုပ်ရှင်ထုတ်လုပ်မှုပိုင်းဆိုင်ရာ၊ အတတ်ပညာပိုင်းဆိုင်ရာတွေမှာ ဒါတွေကို ထည့်သွင်းစဉ်းစားစေချင်ပါတယ်။ နိုင်ငံတကာမှာ ကလေးစာပေ၊ ကလေးရုပ်ရှင်အများကြီးရှိတယ်။ ကျွန်တော်တို့လည်း နောက်ဆိုကလေးရုပ်ရှင်လေးတွေရိုက်ဖို့ရှိပါတယ်။ ကလေးတွေအတွက် သီးသန့်ကားကောင်းတွေထွက်သင့်ပါတယ်"ဟု သရုပ်ဆောင် နိုင်းနိုင်းက ပြောသည်။

"ဒီကားထဲမှာ အခန်းအများကြီးတော့မပါဘူး။ မိသားစုဇာတ်ကားလေးလည်းဖြစ်တယ်။ ကဗျာတို့က အသက်အရွယ်အရပါ မိသားစုဘဝကိုရထားတဲ့သူဖြစ်လို့ ဒီကားမျိုးကို ကြိုက်တယ်။ ကဗျာတို့ကိုယ်တိုင် မိသားစုမှာ သတိထားရမယ့်အချက်တွေကို သိလာရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကဗျာတို့ကိုယ်တိုင်က အလုပ်ကိုဦးစားပေးတဲ့ မိသားစုတွေမှာ မိသားစုအတွက်ဆို ဒုတိယဖြစ်နေတာ။ တကယ်ကျတော့ ကလေးတွေမှာလည်း ခံစားမှုရှိတယ်။ မိသားစုဆိုတာ အချိန်ပေးရတယ်ဆိုတဲ့ မက်ဆေ့ပေးချင်ပါတယ်"ဟု သရုပ်ဆောင်မေကဗျာက ပြောသည်။

ဤဇာတ်ကား၏ theme မှာ "အဖေ့ကမ္ဘာမှာရော၊ အမေ့ရဲ့ကမ္ဘာမှာရော



သားသမီးလေးတွေက အရေးအကြီးဆုံးပါ။ သားသမီးတွေရဲ့ဘဝကို အဖေဆိုတဲ့ ကမ္ဘာနဲ့ အမေဆိုတဲ့ ကမ္ဘာ နှစ်ထပ်စလုံးက အမြဲတမ်းကာကွယ်စောင့်ရှောက်နေပါတယ်" ဖြစ်သည်။

**သန့်ဇင်ဝင်း**

# ကျီစု(အရှေ့)ရွာသစ်ကလေးကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကျီစု(အရှေ့) ရွာသစ်ကလေးကျေးရွာတွင် အိမ်ခြေ ၁၂၀၊ လူဦးရေ ၃၅၀ ခန့် နေထိုင်လျက်ရှိသည့် ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် ဇူလိုင်လမှစတင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ပံ့ပိုးပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုချက် ဘတ်ဂျက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီး၍ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ကျေးရွာခတ္တာလမ်းမရှည်မဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦး၊ မြို့နယ်စီမံကိန်းရေးဆွဲရေးကော်မတီ အတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်ဇင်မာမြင့်၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမြင့်ဆွေနှင့် ကျီစု(အရှေ့)ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ကျင်မောင်**

# ကမ်းလွန်လုပ်ကွက်အမှတ် MD-7 တွင် Drilling Campaign လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP South Asia Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် MD-7တွင် Drilling Campaign လုပ်ငန်းများအား Semi-Submersible Drilling Rig, NOBLE CLYDE BOUDREAUX (Call Sign: A8BM6)ဖြင့် Restricted Area Boundary Coordinates Point(A) မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၄ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point(B) မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၉ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point(C) မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၁၉ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၉ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point(D) မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၁၉ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၇ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point(E) မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၂၈ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၅၈ ဒသမ ၀၀ စက္ကန့်၊ Point(F) မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၄၄ မိနစ် ၅၃ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၃ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point(A) မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၄ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်တွင် လည်းကောင်း၊ Individual Surface Location of Well - Well Shwe Nadi-1 မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၄၀ မိနစ် ၁၅ ဒသမ ၇၅၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၀၅ မိနစ် ၃၃ ဒသမ ၆၃၇ စက္ကန့်တွင် လည်းကောင်း ၃၁-၁၂-၂၀၁၉ ရက်နေ့မှ ၉-၃-၂၀၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ၃၁-၁၂-၂၀၁၉ ရက်နေ့မှ ၉-၃-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်ချက်များအနက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အကျဉ်းချုပ်၍ ပြည်သူများသို့ အစီရင်ခံတင်ပြအပ်ပါသည်။

(ယမန်နေ့မှ အဆက်)

## ပညာရေး

### အခြေခံပညာသင်ကြားနိုင်မှု-

မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် (၃၁-၇-၂၀၁၉)ရက်နေ့အထိ အခြေခံပညာကျောင်း (၃၄၇)ကျောင်းကို ဖွင့်လှစ်ခဲ့ပါသည်။

မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား/ သူ စုစုပေါင်း (၆၁၂၈၆)ဦး တက်ရောက်လျက်ရှိပါသည်။

ဆရာ၊ ဆရာမများ စွမ်းဆောင်ရည်တိုးတက်စေရန်အတွက် ဧပြီလနှင့် မေလတွင် ကလေးပျော်ကျောင်းစီမံကိန်း သင်တန်းပြုလုပ်ခဲ့ပြီး သင်ရိုးသစ် Grade-3 နှင့် Grade-6 သင်တန်းများကို ပြုလုပ်ခဲ့ပါသည်။

အ.ထ.က(၁)မောင်တောတွင် သင်ရိုးသစ်သင်တန်းနှင့် ကလေးပျော်ကျောင်းစီမံကိန်းသင်တန်းပြုလုပ်ခြင်း





ရခိုင်ပြည်နယ်အတွင်း မြို့နယ်(၇)မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအားလုံး အရည်အသွေးရှိ အခြေခံပညာရေးကို ရရှိနိုင်စေရန် Building on Quality Basic Education Program (BoQBEP) အစီအစဉ်အရ ကျောင်းဆောင်သစ်(၁၆)ဆောင်နှင့် IDP စခန်းများတွင် ယာယီစာသင်ဆောင် (၁၈)ဆောင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

IDP စခန်းများမှ Volunteers ဆရာ၊ ဆရာမ (၃၂၆)ဦးအား အခြေခံပညာဦးစီးဌာနမှ လစာငွေများ ပံ့ပိုးပေးလျက်ရှိသည့်အပြင် ထပ်မံ၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစတင်၍ (၁၇၁)ဦးအား အခြေခံပညာဦးစီးဌာနသို့ လွှဲပြောင်းယူခဲ့သဖြင့် စုစုပေါင်း(၄၉၇)ဦးအား လစာငွေထုတ်ပေးလျက်ရှိပါသည်။

### ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဆောင်ရွက်နိုင်မှု-

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ဖြင့် မြို့နယ် (၁၀) မြို့နယ်ရှိ စခန်း (၅၂)ခုမှ ကျောင်းသား (၄၇၄)ဦး ကျောင်းသူ (၄၀၈)ဦး စုစုပေါင်း (၈၈၂)ဦးကို မူလတန်းပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

### နည်းပညာနှင့်သက်မွေးပညာသင်တန်းများဆောင်ရွက်နိုင်မှု-

အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)တွင် ကျောင်းသား၊ ကျောင်းသူ(၃၈၀)ဦး

အစိုးရစက်မှုလက်မှုသိပ္ပံ (သံတွဲ)တွင် ကျောင်းသား၊ ကျောင်းသူ (၄၅၁)ဦး

အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)တွင် ကျောင်းသား၊ ကျောင်းသူ (၂၃၈)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။

### အဆင့်မြင့်ပညာသင်ကြားနိုင်မှု-

၂၀၁၉ ပညာသင်နှစ် စစ်တွေတက္ကသိုလ်(အဝေးသင်သင်တန်း)များအတွက် ကျောင်းဝင်မှတ်ပုံတင်ရန် စစ်တွေမြို့သို့ လာရောက်ရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်များရှိ OSS(One Stop Shop) ရုံးများတွင် Counter ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ စုစုပေါင်း (၁၈)ဦး ကျောင်းဝင်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ဖွင့်လှစ်သော မူလတန်း ဆရာအတတ် စာပေးစာယူသင်တန်း အမှတ်စဉ်(၃၇)၏ ဒုတိယပိုင်းကို(၁၉-၄-၂၀၁၉)ရက်နေ့မှ(၄-၅-၂၀၁၉)ရက်နေ့အထိ သင်တန်းသား (၁၂)ဦး၊ သင်တန်းသူ(၁၁၈)ဦး၊ စုစုပေါင်း (၁၃၀)ဦးဖြင့် ကျောက်ဖြူပညာရေးကောလိပ်တွင် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။ သံတွဲမြို့နယ်မှ သင်တန်းသူ (၁၃)ဦးကို လူမှုရေးအခက်အခဲကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးပညာရေးကောလိပ်သို့ တက်ရောက်စေခဲ့ပါသည်။

ရခိုင်ပြည်နယ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် စုစုပေါင်း (၅)ကျောင်းတွင် ဆရာ၊ ဆရာမ စုစုပေါင်း(၅၄၂)ဦး၊ ဝန်ထမ်း (၃၉၈)ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး၊ အဝေးသင် ကျောင်းသား၊ ကျောင်းသူများ အပါအဝင် စုစုပေါင်း (၃၀၄၅၉)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။

### စစ်တွေတက္ကသိုလ် ဆောက်လုပ်ရေးလုပ်ငန်းပြီးစီးမှုအနေဖြင့်-

(၃)ထပ်စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း (၅၂ %)

(၇)ခန်းတွဲ စားသောက်ဆိုင် ဆောက်လုပ်ခြင်းလုပ်ငန်း (၁၀၀ %)

မီတာ(၄၀၀) ပြေးလမ်းနှင့် ရေနုတ်မြောင်းပါ ဘောလုံးကွင်းဆောက်လုပ်ခြင်းလုပ်ငန်း (၃၀%) ပြီးစီးပြီးဖြစ်ပါသည်။



စစ်တွေတက္ကသိုလ် (၃)ထပ်စာသင်ဆောင် တည်ဆောက်ပြီးစီးမှု



စစ်တွေတက္ကသိုလ် (၇)ခန်းတွဲ စားသောက်ဆိုင် တည်ဆောက်ပြီးစီးမှု

### နည်းပညာတက္ကသိုလ်(စစ်တွေ) ဆောက်လုပ်ရေးလုပ်ငန်းပြီးစီးမှုအနေဖြင့်-

(၃)ထပ် စာသင်ဆောင် ဆောက်လုပ်မှု လုပ်ငန်းမှာ (၆၆%)

ကျောင်းတွင်း စားသောက်ဆိုင်ခန်းများ ဆောက်လုပ်မှုလုပ်ငန်း (၁၀၀ %) ပြီးစီးပြီဖြစ်ပါသည်။



နည်းပညာ တက္ကသိုလ် (စစ်တွေ)(၃)ထပ် ပင်မဆောင် တည်ဆောက်ပြီးစီးမှု

### တောင်ကုတ်ဒီဂရီကောလိပ် ဆောက်လုပ်ရေးလုပ်ငန်းပြီးစီးမှုအနေဖြင့်-

(၃)ထပ်စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း (၉၁ %)

(၄)ခန်းတွဲ (၄)ထပ် ဆရာ/ဆရာမ နေအိမ် ဆောက်လုပ်ခြင်းလုပ်ငန်း (၉၈ %)

(၇)ခန်းတွဲ စားသောက်ဆိုင် ဆောက်လုပ်ခြင်းလုပ်ငန်း (၉၉%)

မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်ခြင်းလုပ်ငန်း (၁၀၀%) ပြီးစီးပြီ ဖြစ်ပါသည်။



တောင်ကုတ်ဒီဂရီကောလိပ် (၃)ထပ်စာသင်ဆောင် တည်ဆောက်ပြီးစီးမှု



တောင်ကုတ်ဒီဂရီကောလိပ် (၄)ခန်းတွဲ (၄)ထပ် ဆရာ၊ ဆရာမများဆောင် တည်ဆောက်ပြီးစီးမှု

## ကျန်းမာရေး

### ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုအခြေအနေ





ရွှေ့လျားဆေးကုသရေးအဖွဲ့မှ ဘူးသီးတောင်မြို့တွင် ကျန်းမာရေးစောင့်ရှောက်ပေးမှု

| စဉ် | အကြောင်းအရာ | ဆေးကုသပေးခဲ့မှု | | စုစုပေါင်း လူနာအရေအတွက် |
|---|---|---|---|---|
| | | တိုင်းရင်းသား | မှတ်စလင် | |
| ၁ | စစ်တွေဆေးရုံကြီး | ၂၈၂၃၆ | ၈၆၉ | ၂၉၁၀၅ |
| ၂ | သက်ကယ်ပြင်ဆေးရုံ | - | ၉၇၄၈ | ၉၇၄၈ |
| ၃ | မောင်တောခရိုင်အတွင်းရှိဆေးရုံများ | ၆၃၂၈၂ | ၇၆၇၆ | ၇၀၉၅၈ |
| ၄ | ရွှေ့လျားဆေးကုသမှု | ၄၄၇၇၆ | ၁၄၈၁၄၈ | ၁၉၂၉၂၄ |
| | စုစုပေါင်း | ၁၃၆၂၉၄ | ၁၆၆၄၄၁ | ၃၀၂၇၃၅ |

(ဆက်လက်ဖော်ပြပါမည်)

# ဆီးရီးယားနိုင်ငံအတွင်း စစ်ဆင်ရေးအတွက် တူရကီတပ်မတော် အဆင်သင့်ရှိ

**အန်ကာရာ အောက်တိုဘာ ၈**

ဆီးရီးယားနိုင်ငံအတွင်း စစ်ဆင်ရေးအတွက် တူရကီအစိုးရ၏ ကြိုတင်ပြင်ဆင်မှုအားလုံးကို အပြီးသတ်ဆောင်ရွက်လိုက်ပြီဖြစ်ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

တူရကီသမ္မတ အာဒိုဂန်နှင့် ဒေါ်နယ်ထရန့်တို့အကြား တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ထရန့်က အမေရိကန်တပ်ဖွဲ့ဝင်များကို တူရကီနှင့် ဆီးရီးယားနယ်စပ်ဒေသများမှ ရုပ်သိမ်းရန် ထရန့်က အမိန့်ထုတ်ပြန်လိုက်သည်။

ဆီးရီးယားနိုင်ငံမြောက်ဘက်တွင် အခြေချသည့် ကာ့ဒ်စစ်သွေးကြွများသည် တူရကီနိုင်ငံအတွင်းရှိ ခွဲထွက်ရေးအဖွဲ့နှင့် အဆက်အသွယ်ရှိသောကြောင့် သမ္မတ အာဒိုဂန်က ယင်းစစ်သွေးကြွအဖွဲ့ကို တိုက်ခိုက်ရန် ထပ်တလဲလဲ ခြိမ်းခြောက်လျက်ရှိသည်။

နယ်စပ်ဒေသများမှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းခဲ့ပြီးနောက် နာရီပိုင်းအတွင်းမှာပင် တူရကီကာကွယ်ရေးဝန်ကြီးဌာနက ဆီးရီးယားနိုင်ငံအတွင်း စစ်သွေးကြွများအပေါ် ထိုးစစ်ဆင်ရေးအတွက် တူရကီအစိုးရ၏ ကြိုတင်ပြင်ဆင်မှုအားလုံးကို အပြီးသတ်လိုက်ပြီဟု တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံအတွင်း စစ်ဆင်မှုသည် ကြိုတင်သတိပေးခြင်းမရှိဘဲ မကြာမီ လာတော့မည်ဖြစ်သည်ဟု အာဒိုဂန်က ပြောကြားသည်။

ကာ့ဒ်စစ်သွေးကြွအုပ်စုသည် အိုင်အက်စ်စစ်သွေးကြွအုပ်စုအပေါ် တိုက်ခိုက်မှုတွင် အမေရိကန်၏ အဓိကမဟာမိတ်ဖြစ်ပြီး နယ်စပ်ဒေသများမှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းရန် ထရန့်၏ ရည်ရွယ်ချက်သည် ကာ့ဒ်တပ်ဖွဲ့အား လက်လွှတ်လိုက်ခြင်းပင်ဖြစ်သည်ဟု ဝေဖန်ရေးသမားများက ရှုမြင်သုံးသပ်ခဲ့ကြသည်။



သို့သော် ထရန့်က အကယ်၍ တူရကီအနေဖြင့် မိမိမကြိုက်သော အရာတစ်ခုခု လုပ်ဆောင်ခဲ့ပါက တူရကီ၏ စီးပွားရေးကို ဖျက်ဆီးပစ်မည်ဟု တွစ်တာစာမျက်နှာပေါ်တွင် အောက်တိုဘာ ၇ ရက်က ရေးသားဖော်ပြထားသည်။

ထို့အပြင် အိမ်ဖြူတော်က ဆီးရီးယားနိုင်ငံအတွင်းရှိ ကာ့ဒ်ထိန်းသိမ်းရေးစခန်းများတွင် လောလောဆယ် ထိန်းသိမ်းခံထားရသည့် ထောင်နှင့်ချီသော အိုင်အက်စ် အကျဉ်းသားများအတွက် တူရကီအစိုးရမှာ တာဝန်ရှိကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ဂျေတီ**




# ဆွေးနွေးပွဲများ ဆက်လက်ကျင်းပရေးနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရန် မြောက်ကိုရီးယားအား အမေရိကန်သံတမန် တောင်းဆို

**နယူးယောက် အောက်တိုဘာ ၈**

ပြုံယမ်း၏ နျူကလီးယား အပြီးတိုင်ဖျက်သိမ်းရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်မည်လားဆိုသည်ကို မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဆုံးဖြတ်ချက်ချရန် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အမေရိကန်သံတမန်က တောင်းဆိုလိုက်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။

နယူးယောက်မြို့တွင် ကျင်းပသည့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သော လက်နက်ဖျက်သိမ်းရေးတာဝန်ယူလျက်ရှိသည့် အမေရိကန်အထူးသံတမန် ရောဘတ်ဝုဒ်က အောက်တိုဘာ ၇ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် အောက်တိုဘာ ၅ ရက်ကလည်း ဆွီဒင်နိုင်ငံတွင် အလုပ်သဘောအဆင့်ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ အမေရိကန်နိုင်ငံက လာမည့်သီတင်းနှစ်ပတ်အတွင်း ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ရည်ရွယ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သို့ရာတွင် မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ အကြီးအကဲကမူ ဆွီဒင်တွင် ကျင်းပခဲ့သည့် ဆွေးနွေးပွဲများမှာ သဘောတူညီချက်မရဘဲ ပြီးဆုံးခဲ့ကြောင်းနှင့် အမေရိကန်နိုင်ငံ၏ အပြုအမူပေါ်မူတည်၍ ဆွေးနွေးပွဲများ ဆက်လက်ကျင်းပရေးနှင့်စပ်လျဉ်း၍ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–အလင်းသစ်**

# အမေရိကန်နှင့် ဂျပန် ကုန်သွယ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုး

**ဝါရှင်တန် အောက်တိုဘာ ၈**

ဂျပန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ကုန်သွယ်ရေးသဘောတူစာချုပ်တစ်ရပ်ကို အောက်တိုဘာ ၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ယင်းသဘောတူစာချုပ်အား အမေရိကန်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ရှင်ဇုကီဆူဂီယာမာနှင့် အမေရိကန်ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ် ရောဘတ် လိုက်သီဇာတို့က ဝါရှင်တန်မြို့၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့အကြား လွန်ခဲ့သော တစ်လအတွင်းက ယင်းကုန်သွယ်ရေးစာချုပ် ချုပ်ဆိုရေးအတွက် သဘောတူညီမှုရရှိခဲ့ပြီးနောက်တွင် အဆိုပါစာချုပ်အား လက်မှတ်ရေးထိုးခဲ့မှု ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ယင်းသဘောတူစာချုပ်အရ ဂျပန်နိုင်ငံက အမေရိကန်၏ လယ်ယာထွက်ကုန်ပစ္စည်းများအတွက် ဈေးကွက်ဖွင့်လှစ်ပေးရမည်ဖြစ်သည်။ ယင်းအပြင် ဂျပန်နိုင်ငံက အမေရိကန်ပြည်ထောင်စုမှ တင်သွင်းသည့် အမဲသားနှင့် ဝက်သားများအပေါ် အခွန်စည်းကြပ်ကောက်ခံမှုများကို ဖြတ်တောက်ပေးရမည်ဖြစ်သည်။

ယင်းစာချုပ်သက်တမ်း စာချုပ်ရှိနေစဉ်ကာလအတွင်း အမေရိကန်ပြည်ထောင်စုက ဂျပန်နိုင်ငံ၏ မော်တော်ယာဉ်များနှင့် ယာဉ်ပစ္စည်းအစိတ်အပိုင်းများ တင်ပို့မှုအပေါ်၌ နောက်ဆက်တွဲ အခွန်စည်းကြပ်ကောက်ခံမှုများ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်သွားရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

ယင်းစာချုပ်၏ မူဘောင်သဘောတူညီချက်အရ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့သည် မော်တော်ယာဉ်များနှင့် ယာဉ်ပစ္စည်းအစိတ်အပိုင်းများအပေါ် အခွန်စည်းကြပ်ထောက်ပံ့မှုများနှင့် ပတ်သက်၍ ဈေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဂျပန်နိုင်ငံက အမေရိကန်ပြည်ထောင်စုအနေဖြင့် အထက်ပါအချက်အလက်များကို ဖြုတ်ပယ်ပေးစေလိုသည့် ဆန္ဒရှိနေသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–ဇော်ဝင်း**

# အစ္စရေး၏ ၁၂ နှစ်ကြာ ပိတ်ဆို့ထားမှုအား ရုပ်သိမ်းပေးရန် ဂါဇာကမ်းမြောင်မြောက်ပိုင်း၌ လူအများအပြား ဆန္ဒပြ

**ဂါဇာစီးတီး အောက်တိုဘာ ၈**

ဂါဇာကမ်းမြောင်ဒေသအား အစ္စရေးနိုင်ငံက ၁၂ နှစ်ကြာ ချမှတ်ထားသည့် ပိတ်ဆို့မှုများအား ဖြေလျှော့ပေးရေးအတွက် ယနေ့ နံနက်ပိုင်းတွင် ဂါဇာကမ်းမြောင်မြောက်ပိုင်းဒေသ၌ များစွာသော ပါလက်စတိုင်းလူမျိုးများက ဆန္ဒပြမှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင်မြောက်ပိုင်းဒေသရှိ အစ္စရေးနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အီရတ်၏ နယ်ခြားဖြတ်ကျော်စခန်းအနီးတွင် ယင်းဆန္ဒပြမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြသမားများသည် ပါလက်စတိုင်းအလံများကို ဝှေ့ယမ်းကြပြီး မတရားသဖြင့် ဝိုင်းပတ်ပိတ်ဆို့ခံရသည့် ဂါဇာကမ်းမြောင်ဒေသအား အကြွင်းမဲ့လွှတ်ပေး၊ ဂါဇာကမ်းမြောင်ဒေသအား ပိတ်ဆို့ထားမှုသည် လူသားများအပေါ် ကျူးလွန်သည့်အကြီးမားဆုံး ရာဇဝတ်မှုဖြစ်စသည့် စာသားများ ရေးသားထားသည့် စာတန်းများကို ကိုင်ဆောင်ထားကြသည်။

အစ္စရေးနိုင်ငံက တင်းကျပ်သော ပိတ်ဆို့မှုများ ချမှတ်ခံရသည့် ဂါဇာကမ်းမြောင်ဒေသသည် လူဦးရေ နှစ်သန်းခန့် နေထိုင်သည့် နယ်မြေဒေသတစ်ခုဖြစ်သည်။ ဂါဇာကမ်းမြောင်ဒေသအား ဟားမားစ်လှုပ်ရှားမှုအဖွဲ့က ၂၀၀၇ ခုနှစ်အတွင်းက အုပ်ချုပ်မှုအာဏာစတင်ရယူပြီးကတည်းကပင် အစ္စရေးနိုင်ငံက ပိတ်ဆို့မှုများ ချမှတ်ထားခဲ့ခြင်းဖြစ်သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–ဇော်ဝင်း**

# ၂၀၁၉ ခုနှစ်အတွက် ရူပဗေဒနိုဘယ်ဆုကို သိပ္ပံပညာရှင် သုံးဦး ပူးတွဲဆွတ်ခူး

**စတော့ဟုမ်း အောက်တိုဘာ ၈**

၂၀၁၉ ခုနှစ်အတွက် ရူပဗေဒနိုဘယ်ဆုကို သိပ္ပံပညာရှင် သုံးဦး ပူးတွဲဆွတ်ခူးရရှိသွားကြောင်း စတော့ဟုမ်းမြို့ရှိ တော်ဝင်သိပ္ပံအကယ်ဒမီက အင်္ဂါနေ့က ကြေညာသည်။

၂၀၁၉ ခုနှစ် ရူပဗေဒနိုဘယ်ဆု တစ်ဝက်ကို ရူပဗေဒဆိုင်ရာ စကြဝဠာဗေဒတွင် သီအိုရီဆိုင်ရာ ရှာဖွေတွေ့ရှိမှုများအတွက် ဂျိမ်းစ်ပီးဘဲစ်ကို ချီးမြှင့်ကြောင်း၊ ဆုတစ်ဝက်ကို နေပုံသဏ္ဌာန်ကြယ်တစ်ခုကို လှည့်ပတ်နေသည့် ဂြိုဟ်တစ်လုံးကို ရှာဖွေတွေ့ရှိမှုအတွက် မိုက်ကယ်မေယာနှင့် ဒီဒီယာကွီလို့ဇ်တို့ကို ပူးတွဲပေးအပ်ကြောင်း သိရသည်။

ယခုနှစ် ရူပဗေဒနိုဘယ်ဆုကို စကြဝဠာကြီး၏ ဖွဲ့စည်းပုံနှင့် သမိုင်းကြောင်းအသစ် ရှာဖွေတွေ့ရှိ သိမြင်နားလည်မှု၊ နေစကြဝဠာအပြင်ဘက်ရှိ နေပုံသဏ္ဌာန် ကြယ်တစ်လုံးကို လှည့်ပတ်နေသည့် ဂြိုဟ်တစ်လုံးကို ပထမဆုံး ရှာဖွေတွေ့ရှိမှုအတွက် ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ဤတွေ့ရှိချက်များသည် ကမ္ဘာကြီးနှင့်ပတ်သက်သည့် အတွေးအမြင်များကို ထာဝရ ပြောင်းလဲသွားစေခဲ့ပြီဖြစ်ကြောင်း ရူပဗေဒနိုဘယ်ဆုကော်မတီက ပြောကြားသည်။

သတင်းစာရှင်းလင်းပွဲအတွင်း ဖုန်းအင်တာဗျူးတွင် ဂျိမ်းစ်ပီးဘဲလ်က ၎င်းအဖွဲ့၏ ဆောင်ရွက်ချက်များသည် အလွန်အရေးပါကြောင်း အလေးအနက် ပြောကြားခဲ့သည်။ သူတစ်ယောက်တည်း အလုပ်လုပ်ခဲ့ခြင်း မဟုတ်ကြောင်း၊ ၎င်း၏ လုပ်ဖော်ကိုင်ဖက်များ၏ ဆောင်ရွက်ချက်များသည် ကြီးမားသည့်အထောက်အကူဖြစ်ကြောင်း၊ အဖွဲ့ဖြင့် လုပ်ကိုင်ခြင်းကြောင့် အတွေးအမြင်အသစ်များ ရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ သိပ္ပံပညာတွင် စူးစိုက်နှစ်မြှုပ်လိုသည့် လူငယ်များကိုလည်း ပီးဘဲလ်က အရေးပါသည့် အကြံဉာဏ်ပေးခဲ့သည်။



ဂျိမ်းစ် ပီးဘဲစ်၊ ဒီဒီယာကွီလို့ဇ်နှင့် မိုက်ကယ်မေယာ

"သိပ္ပံပညာကို ဝင်ရောက်မယ့် လူငယ်တွေအတွက် ကျွန်တော်ပေးချင်တဲ့ အကြံဉာဏ်ကတော့ သိပ္ပံပညာကို ချစ်မြတ်နိုးတဲ့အတွက် သိပ္ပံပညာဆိုင်ရာအလုပ်ကို လုပ်သင့်ပါတယ်။ သိပ္ပံပညာကို စွဲလမ်းနှစ်ခြိုက်တဲ့အတွက်ကြောင့်လည်း သိပ္ပံပညာထဲကို ဝင်သင့်ပါတယ်"ဟု ပီးဘဲလ်က ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အောင်ဇော်လင်း**

# တူရကီ၏စီးပွားရေးကို ဖျက်ဆီးပစ်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ခြိမ်းခြောက်

**ဝါရှင်တန် အောက်တိုဘာ ၈**

တူရကီနိုင်ငံက ကာ့ဒ်တပ်ဖွဲ့များကို တိုက်ခိုက်လျှင် ယင်း၏စီးပွားရေးကို ဖျက်ဆီးပစ်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ခြိမ်းခြောက်လိုက်သည်။ သမ္မတ ဒေါ်နယ်ထရန့်က ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းမည့်ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် အဆိုပါ မှတ်ချက်ကို ပြောကြားခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံ၏ တိုက်ခိုက်မှုများကြောင့် ဒေသတွင်းမှ ကာ့ဒ်တပ်ဖွဲ့များ ထွက်ခွာသွားမည်ဆိုသော စိုးရိမ်ပူပန်မှုများ ထွက်ပေါ်နေစဉ် သမ္မတ ဒေါ်နယ်ထရန့်၏ အဆိုပါ ဆုံးဖြတ်ချက်မှာ ဝေဖန်ခံခဲ့ရသည်။ အမေရိကန်နိုင်ငံက တူရကီနိုင်ငံ၏ စစ်ဆင်ရေးကို ထောက်ခံမည်မဟုတ်သလို ပါဝင်မည်လည်းမဟုတ်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က သတင်းထောက်များကို ပြောကြားခဲ့သည်။ ဆီးရီးယားနိုင်ငံရှိ ကာ့ဒ်တပ်ဖွဲ့မှာ အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်ရာတွင် အမေရိကန်နိုင်ငံနှင့် ယခင်ကတည်းက မဟာမိတ်ဖွဲ့ခဲ့သည်။

အမေရိကန်နိုင်ငံက မည်သူ့ကိုမျှ ဘက်လိုက်မည် မဟုတ်ကြောင်း၊ တူရကီနိုင်ငံက ကာ့ဒ်တပ်ဖွဲ့ကို တိုက်ခိုက်မည်ဆိုပါက စီးပွားရေးအရ အကျိုးဆက်များ ခံစားရနိုင်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားသည်။ ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်းမည့်ဆုံးဖြတ်ချက်ကို ဒေါ်နယ်ထရန့်က ကာကွယ်ပြောဆိုခဲ့ပြီး အမေရိကန်စစ်သည်များကို ကာကွယ်ပေးရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။ ထိုဒေသတွင် အမေရိကန် တပ်ဖွဲ့ဝင် ၅၀ မျှသာ ရှိတော့ကြောင်း၊ ၎င်းတို့ကို မထိခိုက်စေလိုကြောင်း သူကဆိုသည်။

အမေရိကန်တပ်မတော်သည် ဆီးရီးယားနိုင်ငံ၌ ရဲတပ်ဖွဲ့တစ်ခုကဲ့သို့ တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့များကို အိမ်ပြန်ခေါ်မည်ဆိုသော ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု ကတိကဝတ်ကို ဖြည့်ဆည်းရန်သာရည်ရွယ်ကြောင်း ဒေါ်နယ်ထရန့်က ပြောကြားသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – ကျော်ထိုက်စိုး**



# ဆိုရှယ်မီဒီယာတွင် ထိုင်းတော်ဝင်မျိုးနွယ်သမိုင်း မလျော်မကန်ရေးသားသူ တရားစွဲခံရ

**ဗန်ကောက် အောက်တိုဘာ ၈**

ဆိုရှယ်မီဒီယာတွင် မလျော်မကန် ရေးသားဖော်ပြမှုကြောင့် ဒီမိုကရေစီ လိုလားသည့် ထိုင်းတက်ကြွလှုပ်ရှားသူတစ်ဦးကို စွဲချက်တင်ထားကြောင်း ထိုင်းရဲတပ်ဖွဲ့က အင်္ဂါနေ့က ပြောကြားသည်။ အာဏာပိုင်များသည် ထိုင်းဘုရင့်မျိုးနွယ်ကို ဝေဖန်သူများအား အရေးယူရန် ပြင်းထန်သည့် ဆိုက်ဘာဥပဒေကို အသုံးပြုလျက်ရှိသည်ဟု သိရသည်။

ကမ္ဘာကျော် ထိုင်းတော်ဝင် မိသားစုများ၏ ရှုပ်ထွေးသည့်ဘဝ အကြောင်းများကို ရေးသားဖော်ပြမှုကြောင့် ရဲများက အသက် ၂၅ နှစ်အရွယ်ရှိ ကန်ဖုန်ပရာပါပန် ဆိုသူကို တနင်္လာနေ့နှောင်းပိုင်းက ဖမ်းဆီး၍ ကွန်ပျူတာမှုခင်း အက်ဥပဒေ ချိုးဖောက်မှုဖြင့် စွဲချက်တင်ခဲ့သည်။ ၎င်းစွဲချက်သည် ထောင်ဒဏ် ငါးနှစ်အထိ ချမှတ်နိုင်သည့်စွဲချက်ဖြစ်သည်။

"ကန်" ကို တနင်္လာနေ့ညက သူ့အိမ်တွင် ဖမ်းဆီးခဲ့ကြောင်း၊ ၎င်း၏ ဖော်ပြချက်သည် အမုန်းတရားကို လှုံ့ဆော်ကြောင်း ထိုင်းဆိုက်ဘာမှုခင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ အလားတူ အကြောင်းအရာကို မျှဝေသူများသည် တရားစွဲဆိုခံရနိုင်သည်ဟုလည်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းဖော်ပြချက်သည် ဟက်ရှ် (#) လက္ခဏာ ရှေ့မှခံ၍ မလျော်မကန် ရေးသားဖော်ပြချက်ဖြစ်ကြောင်း ယင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ သို့သော်လည်း ပြီးခဲ့သည့်ရက်များက တွစ်တာစာမျက်နှာများတွင် ပျံ့နှံ့ခဲ့သည့် ပိတ်ဆို့ညပ်သပ်နေသည့် ဗန်ကောက်မြို့ လမ်းများပေါ်ရှိ တော်ဝင်မိသားစုများ၏ မော်တော်ကားယာဉ်တန်းများအကြောင်း အငြင်းပွားဖွယ် ရေးသားဖော်ပြချက်များကို ရည်ညွှန်းခြင်း ဟုတ်၊ မဟုတ်ကိုမူ သဲသဲကွဲကွဲ မသိရသေးဟု ဆိုသည်။

"ကန်"၏ ရှေ့နေ ဝီညတ်ချက်မွန် ထရီက သူ့အမှုသည်သည် ထိုင်းတော်ဝင် မိသားစုအကြောင်း ဖေ့စ်ဘွတ်တွင် ပြောဆိုရေးသားလိုသည့် ရည်ရွယ်ချက်မရှိကြောင်း ပြောကြားသည်။



လေ့လာဆန်းစစ်သူများက ထောင်ဒဏ် ၁၅ နှစ်အထိ ချမှတ်နိုင်သည့် ပြင်းထန်သည့် တော်ဝင်မျိုးနွယ်ကို စော်ကားမှုဥပဒေကို အသုံးပြုမှုသည် ဘုရင် မဟာဗာဂျီရာလောင်ကွန်း လက်ထက်တွင် ကျဆင်းခဲ့သည်ဟု ဆိုသည်။ ဝေဖန်သူများက တော်ဝင်မိသားစုအကြောင်း ဝေဖန်ရေးသား ပြောဆိုမှုများနှင့်ပတ်သက်၍ အရေးယူမှုများ တစ်ဖန်ပြုလုပ်လာခြင်းသည် အစိုးရအနေဖြင့် စစ်အစိုးရအုပ်ချုပ်မှုမှ အသွင်ကူးပြောင်းလာခြင်းကြောင့် အကြောက်တရားဖန်တီးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောဆိုကြသည်ဟု သိရသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် အောင်ဇော်လင်း**

# အီရတ်နိုင်ငံအတွင်း မငြိမ်မသက်ဖြစ်မှုအပေါ် အီရတ်ဝန်ကြီးချုပ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဆွေးနွေး

**ဘဂ္ဂဒက် အောက်တိုဘာ ၈**

အီရတ်နိုင်ငံအတွင်း ဆက်လက်ဖြစ်ပွားနေသော မငြိမ်မသက်မှုနှင့်ပတ်သက်၍ ယမန်နေ့က အီရတ်ဝန်ကြီးချုပ် အဒယ်လ်အဗ္ဗဒူလ်မာဒီနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုတို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးစဉ် အီရတ်ဝန်ကြီးချုပ်က မငြိမ်မသက်မှုကြောင့် နိုင်ငံအတွင်း ထုတ်ပြန်ထားသည့် ညမထွက်ရအမိန့်ကို ရုပ်သိမ်းခဲ့ပြီးနောက် အခြေအနေသည် မူလပကတိအတိုင်း ပြန်ဖြစ်လာပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ဆန္ဒဖော်ထုတ်သူများ၏ တောင်းဆိုချက်များကို တုံ့ပြန်သည့်အနေဖြင့် အီရတ်အစိုးရက ပြုပြင်ပြောင်းလဲမှု အစီအမံများကို တင်ပြထားပြီး ယင်းအစီအမံများကို မကြာမီအတွင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဗ္ဗဒူလ်မာဒီက ပြောကြားသည်။

တစ်ဆက်တည်းမှာပင် မိုက်ပွန်ပီယိုက အီရတ်လုံခြုံရေးတပ်ဖွဲ့ကို ယုံကြည်စိတ်ချရသည်ဟု ပြောကြားပြီး အီရတ်နိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စု၏ ထောက်ခံအားပေးမှုနှင့် အီရတ်နိုင်ငံအတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု ခိုင်မာတောင့်တင်းစေရေးအတွက် အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းဆောင်ရွက်မှုများကို အတည်ပြုပြောကြားခဲ့သည်။

အကျင့်ပျက်ခြစားမှု၊ အလုပ်လက်မဲ့ဖြစ်မှု၊ ညံ့ဖျင်းသော ပြည်သူ့ဝန်ဆောင်မှုနှင့် လူနေမှုအဆင့်အတန်း ယိုယွင်းပျက်စီးလာမှုတို့ကြောင့် အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်မြို့နှင့် အခြားမြို့ကြီးများတွင် အစိုးရဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်မှုများ ဖြစ်ပွားနေစဉ် မိုက်ပွန်ပီယိုက အီရတ်ဝန်ကြီးချုပ်ကို ယခုကဲ့သို့ ဆက်သွယ်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆင်းရဲသားများအတွက် အိမ်ရာထောင်နှင့်ချီ တည်ဆောက်ရေး၊ အလုပ်အကိုင်မရှိသည့် အီရတ်ပြည်သူများအတွက် ထောက်ပံ့ငွေထုတ်ပေးရေး၊ လူငယ်များအတွက် သင်တန်းအစီအစဉ်များ ဖန်တီးပေးရေးနှင့် ချေးငွေများထုတ်ပေးရေးတို့ ပါဝင်သောအစိုးရ၏ ပြုပြင်ပြောင်းလဲမှုအစီအမံကို အတည်ပြုခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**



# နမ့်ခမ်း ၊ တာချီလိတ်၊ မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၈**

မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် ညနေ ၅ နာရီက နမ့်ခမ်းမြို့နယ် နမ့်ခမ်း-ဟိုဆိုင်းကူးတို့ဆိပ်လမ်း ဟိုဆိုင်းကျေးရွာအဝင်လမ်းပေါ်တွင် ရီအုန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၆ ပြား သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဂျောပကျေးရွာနေ ဆာပြန်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၈၀၀၊ ဘိန်းဖြူ ၂၆၄ ဒသမ ၅ ဂရမ်၊ ဘိန်းစိမ်း ၁ ကီလို၊ လုပ်သေနတ် တစ်လက်၊ ၎င်းကျည်သုံးတောင့်နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၈ နာရီခွဲက ပန်ဆိုင်း(ကြူကုတ်)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ပန်ဆိုင်း(ကြူကုတ်) မြို့ အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်းလမ်းကြားနေ ကျန်းဆေးရှော့၏နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၆၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



ကျန်းဆေးရှော့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာတွင် မိုးကြိုးပစ်ခံရ၍ တစ်ဦးသေဆုံး

**ကလေး အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာတွင် အောက်တိုဘာ ၇ ရက် ညနေ ၃ နာရီက ကျေးရွာဘောလုံးကွင်းအတွင်း ရာဇဂြိုဟ်ကျေးရွာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ အားကစားသမားများ လေ့ကျင့်ခန်းလုပ်နေစဉ် ပြိုင်ပွဲဝင်ကစားသမားတစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် အုပ်စုပွဲစဉ်အဖြစ် စော်ဘွားရှေရှင်ကျေးရွာအသင်းနှင့် မြစိမ်းကျေးရွာ(ဟောင်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ပွဲမကစားမီ ပြိုင်ပွဲဝင်အသင်းသားများ လေ့ကျင့်ခန်းပြုလုပ်နေစဉ် မြစိမ်းကျေးရွာ(ဟောင်း)ဘောလုံးအသင်းမှ ကစားသမား မောင်ထန်လန်ပြောင်သည် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ က မိုးကြိုးပစ်ခံရသဖြင့် ရာဇဂြိုဟ်ကျေးရွာတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ညနေ ၅ နာရီတွင် သေဆုံးသွားကြောင်း သိရသည်။

သန်းထိုက်အောင်(ပြန်/ဆက်)

# ရေကြည်မြို့နယ်၌ ဆိုင်ကယ်တိမ်းမှောက်ရာ တစ်ဦးသေဆုံး

**ရေကြည် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျွန်းကုန်းကြီးရွာအနီး ပုသိမ်-ကျုံပျော်ကားလမ်းမပေါ်တွင် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ကျုံပျော်မြို့နယ်မှ ရေကြည်မြို့နယ်သို့ ဖွဲမာန်မောင်းနှင်ပြီး ရွှေရန်အောင်လိုက်ပါ စီးနင်းလာသော ဆိုင်ကယ်သည် ကြာအင်းကွေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ လမ်းကွေ့အမှတ်အသားထားသည့် ကျောက်တိုက်အား ဝင်တိုက်မိရာ ဆိုင်ကယ်တိမ်းမှောက်ခဲ့သည်။ ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် ဖွဲမာန်မှာ ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး နောက်မှလိုက်ပါလာသည့် ရွှေရန်အောင်မှာ ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူအား ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အောင်သူဟန် (ပြန်/ဆက်)

# မိုးညှင်း၌ ပထမတန်းကျောင်းသားတစ်ဦးအား ရိုက်နှက်ကာ ရွှေဆွဲပြားလုယူမှုဖြစ်

**မိုးညှင်း အောက်တိုဘာ ၈**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ ယနေ့ နံနက်ပိုင်းက ပထမတန်းကျောင်းသားတစ်ဦးအား လိမ်ညာခေါ်ဆောင်သွားပြီး ရိုက်နှက်ကာ ရွှေဆွဲပြားလုယူမှုဖြစ်ပွားခဲ့ကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၉ နာရီခန့်က မိုးညှင်းမြို့ နောင်စွန်းရပ်နေ ဒေါ်ကြူကြူဝင်းသည် နောင်စွန်း အခြေခံပညာမူလတန်းကျောင်းတွင် ပထမတန်းကျောင်းတက်နေသည့် သားဖြစ်သူ မောင်ရဲရင့်အောင် ပျောက်ဆုံးနေကြောင်း မိုးညှင်းမြို့မရဲစခန်းသို့ အကြောင်းကြားတိုင်တန်းခဲ့သဖြင့် တာဝန်ရှိသူများက စုံစမ်းရှာဖွေမှုများ ဆောင်ရွက်စဉ် မွန်းလွဲ ၁ နာရီခန့်တွင် အောင်သပြေရပ်ကွက်၊ မိုးညှင်းမြို့ရှောင်လမ်းမကြီးဘေး စိန်လုံတောင်သွားလမ်း၌ မောင်ရဲရင့်အောင်အား ယာဘက်ဦးခေါင်းချိုစောင်းတွင် ပေါက်ပြဲဒဏ်ရာများဖြင့် ပြန်လည်တွေ့ရှိခဲ့၍ မိုးညှင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။

ဆေးကုသမှုခံယူနေသည့် မောင်ရဲရင့်အောင်၏ လည်ပင်းတွင် ဆွဲထားသည့် တစ်ပဲ၊ နှစ်ရွေးသားခန့်ရှိ ရွှေဆွဲပြားမှာ ပျောက်ဆုံးနေ၍ မေးမြန်းကြည့်ရာ မော်မော်စန်းက ၎င်းအားရိုက်နှက်၍ ဖြုတ်ယူသွားကြောင်း ပေါ်ပေါက်ခဲ့သဖြင့် မိုးညှင်းမြို့မရဲစခန်းမှ တာဝန်ရှိသူများက နောင်စွန်းရပ် အရှေ့စုရပ်ကွက်နေ မော်မော်စန်းအား ရှာဖွေဖမ်းဆီးကာ အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

# အင်းစိန်မြို့နယ်၌ ညီအစ်ကိုချင်း စကားများရန်ဖြစ်ရာမှ သေဆုံးမှုဖြစ်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ အောက်တိုဘာ ၆ ရက် ည ၁၁ နာရီခွဲခန့်က အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ဗိုလ်တေဇလမ်း ရပ်ကွက်နတ်နန်းရှေ့တွင် ကျော်သူစိုး(ခ)လုံးလုံး ဗိုလ်တေဇလမ်း စော်ဘွားကြီးကုန်း ရပ်ကွက်နေသူနှင့် ၎င်း၏အစ်ကိုဖြစ်သူ မောင်စိုးသီဟ(ခ)ပြောင်ကြီး တစ်ရပ်ကွက်တည်းနေသူတို့ စကားများရန်ဖြစ်ရာ အစ်ကိုဖြစ်သူက အုတ်ခဲဖြင့် ထုရိုက်သဖြင့် မောင်ကျော်သူစိုးတွင် ဒဏ်ရာများရရှိခဲ့ကာ အတွင်းလူနာအဖြစ် အင်းစိန်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ အင်းစိန်မြို့မရဲစခန်းက မောင်စိုးသီဟ(ခ)ပြောင်ကြီးအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖွဲထက်ကို

# ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းပညာပေးပြခန်းယာဉ်သည် အောက်တိုဘာ ၇ ရက်က ကော့မှူးမြို့နယ် မြို့မဈေးလမ်းဆုံသို့ ရောက်ရှိပြီး ခရမ်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသက်လွင်က ဒေသခံပြည်သူ ၂၅၀ ကျော်တို့အား မှုခင်းအသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

အလားတူ အဆိုပါ အသိပညာပေးပြခန်းယာဉ်သည် အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် ဗိုလ်ချုပ်လမ်းရှိ အထက(၂) ရှေ့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှသူနှင့် တပ်ဖွဲ့ဝင်များက ပြည်သူနှင့် ကျောင်းသား ကျောင်းသူ ၃၅၀ တို့အား အသိပညာပေးပြသခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၈ ရပ်ကွက် သခင်အုန်းဖေကြီးလမ်း ဘော်လီဘောအားကစားကွင်းတွင် အောက်တိုဘာ ၆ ရက်က ခေတ္တထားဝယ်ချောင်ရဲကင်းစခန်းမှူး ဒု-ရဲအုပ် သီဟထွန်းက ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောစဉ်။

ကိုဋ္ဌေး




## မဟတ္တမဂန္ဒီ နှစ် (၁၅၀) ပြည့် ဂီတဖျော်ဖြေပွဲ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတက်ရောက်

**ရန်ကုန် အောက်တိုဘာ ၈**

အိန္ဒိယနိုင်ငံ၏ ငြိမ်းချမ်းရေးဗိသုကာ မဟတ္တမဂန္ဒီ၏ နှစ် (၁၅၀) ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဂီတဖျော်ဖြေပွဲ (Carnatic Vocal Music) ကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံရုံးက ကြီးမှူး၍ အောက်တိုဘာ ၆ ရက် ည ၇ နာရီက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့က မဟတ္တမဂန္ဒီ မွေးနေ့ အထိမ်းအမှတ် ဖယောင်းတိုင်များ ထွန်းညှိပေးပြီး သံအမတ်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က မဟတ္တမဂန္ဒီနှင့်ပတ်သက်၍ အမှတ်တရဂုဏ်ပြုစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် မဟတ္တမဂန္ဒီ မွေးနေ့အထိမ်းအမှတ် ရိုးရာသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အိန္ဒိယရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းတို့ဖြင့် ဂုဏ်ပြုခဲ့ကြသည်။

**ဆန်းကျော်ဦး (ပြန် / ဆက်)**



## ပဲခူးမြို့နယ်တွင် ပျက်စီးမိုးစပါးများအတွက် ထောက်ပံ့ကြေးပေးအပ်

**ပဲခူး အောက်တိုဘာ ၈**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ဗုဒ္ဓအသံဓမ္မဗိမာန်ကြီး၌ အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၈ ခုနှစ် သဘာဝဘေးအန္တရာယ်ကြောင့် ပဲခူးမြို့နယ်အတွင်း ထိခိုက်ပျက်စီးသွားသော မိုးစပါးစိုက်ကေများအတွက် ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ပဲခူးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ကေ ၁၄၂၉၆ ဧကနှင့် ရွှေခရကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ကေ ၆၉၈ ဧကတို့အတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးယဉ်ထွေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးတို့က တောင်သူများအား ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## သုံးခွမီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မီးသတ်စခန်းတွင် အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီခွဲက လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝေယံအောင် ခေါင်းဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေး အန္တရာယ်များ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ပေးနိုင်ရန် ရှာဖွေကယ်ဆယ်ရေး (Brave Heart) တစ်ဦးချင်း စွမ်းရည်တိုးတက်စေရန် လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်း**

## မယ်စဲ့မြို့နယ်တွင် ပြည်သူ့စကားဝိုင်းကျင်းပ

**မယ်စဲ့ အောက်တိုဘာ ၈**

မယ်စဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၆ ရက် နံနက် ၁၁ နာရီက မယ်စဲ့မြို့နယ် ပန်တိန်းကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း၊ မြို့နယ် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး မြို့နယ်ဦးစီးမှူး ဦးစိုးလှိုင်ဝင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်၊ မြန်မာ့လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်စန်းတို့က အသီးသီးဆွေးနွေးခဲ့ကြသည်။

**ဝတ်ရည် (ပြန်/ဆက်)**



အောက်တိုဘာလ ပထမပတ်က မရမ်းကုန်းမြို့နယ် အထက(၃)ကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၂၅၀ ခန့်အား မရမ်းကုန်းမြို့မ ရဲစခန်းမှ စခန်းမှူး ဒု-ရဲမှူးစိုးနိုင်က မူခင်းအသိပညာပေး သက်ငယ်မုဒိမ်း၊ မူးယစ်ဆေးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြောစဉ်။ ကိုရဲ

## နမ့်ခမ်းမြို့၌ အခြေခံပညာကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**နမ့်ခမ်း အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မြို့နယ်အားကစားကွင်း၌ အောက်တိုဘာ ၆ ရက်က ကျင်းပသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၂ နှစ်အောက်နှင့် အသက် ၁၄ နှစ်အောက် မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။



အဆိုပါဘောလုံးပြိုင်ပွဲကို အသက် ၁၂ နှစ်အောက်တွင် ၁၁ သင်း၊ အသက် ၁၄ နှစ်အောက်တွင် ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အောက်တိုဘာ ၆ ရက်တွင် ဗိုလ်လုပွဲ ကျင်းပရာ အသက် ၁၂ နှစ်အောက်ပြိုင်ပွဲတွင် အလက (ခွဲ) မန်လုံက အထက (၁) အသင်းကို အနိုင်ရဗိုလ်စွဲခဲ့ပြီး အသက် ၁၄ နှစ်အောက်တွင် အထက (ခွဲ) အလက (၃) ဟိုနောင်က အလက ကောင်းဆာ အသင်းကို အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆုရရှိကြသော အသင်းများနှင့် အားကစားသမားများအား မြို့နယ်ပညာရေးမှူး ဦးသန်းမြင့်နှင့် ဒုတိယမြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမန်းညွန့်ကြည်နှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဝေမွန် (ရွှေရေမြေ)**

### တိုတိုထွာထွာဖတ်စရာ

## ဘွဲ့တံဆိပ်တော်နှစ်ခုရ ဆရာတော်အား မြစ်ကြီးနားလေဆိပ်တွင် ကြိုဆိုဂုဏ်ပြု

**မြစ်ကြီးနား**

အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့ Trinity World University မှ ပေးအပ်ချီးမြှင့်သော ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်နှစ်ခုရရှိခဲ့သည့် ဆရာတော် ဘဒ္ဒန္တ ဥတ္တမသီရိအား အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားလေဆိပ်တွင် ဆရာတော်၊ သံဃာတော်များ၊ ဓမ္မစကူး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

ဆရာတော် ဘဒ္ဒန္တ ဥတ္တမသီရိသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်၊ အောင်ဇေရန်အောင်၊ အောင်သပြေတစ်ထောင် စေတီတော်၊ တပ်ဦးဘုန်းတော်ကြီးကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်ဖြစ်ပြီး စက်တင်ဘာ ၂၅ ရက်က အိန္ဒိယနိုင်ငံ Trinity World University တွင် ကျင်းပသည့် ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်ပေးအပ်ပွဲတွင် ASTROLOGY (PH.D) (နက္ခတ္တ ဗေဒပညာရှင်ဆု) နှင့် SOCIAL WORK (PHD)(လူမှုရေးစွမ်းဆောင်)ဆုများ ချီးမြှင့်ခြင်းခံခဲ့ရကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## တိုင်းသံဃနာယကလက်မှတ် ဆက်ကပ်ချီးမြှင့်

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် လှပခြင်းကျေးရွာ ဇေယျာသုခ မိုဃ်းကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓအား တိုင်းဒေသကြီး သံဃနာယက လက်မှတ်ဆက်ကပ်ပွဲကို အောက်တိုဘာ ၇ ရက်က လှပခြင်း ဘုန်းတော်ကြီးကျောင်းဝင်းရှိ နန္ဒဝံဓမ္မဗိမာန်တော်၌ ကျင်းပသည်။

တိုင်းဒေသကြီး မဟာဒွါရအနုနာယကဆရာတော်ကြီးက ဇေယျာသုခ မိုဃ်းကောင်းကျောင်းဆရာတော်အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ အပ်နှင်းထားသော တိုင်းသံဃနာယကခန့်အပ်လွှာအား အပ်နှင်းချီးမြှင့်တော်မူသည်။

**တင်မြင့် (နတ်တလင်း)**

## မသန်စွမ်းသူများမှတ်ပုံတင်ရေး ဆောင်ရွက်

**ရန်ကုန်**

မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်ရေး မြို့နယ်အဆင့်အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာလ နောက်ဆုံးပတ်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

မသန်စွမ်းသူများမှတ်ပုံတင်ခြင်းအားဖြင့် ရပ်ရွာအတွင်းရှိ မသန်စွမ်းသူ အရေအတွက်အား ပိုမိုတိကျစွာ သိရှိနိုင်မည်ဖြစ်ပြီး အဆင့်သတ်မှတ်ခြင်းဖြင့် မသန်စွမ်းသူများအား အဆင့်အလိုက် လိုအပ်သလို ပံ့ပိုးမှုများဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြသန်း**

## မြစိမ်းရောင် စီမံကိန်း ကျေးရွာသုံးရွာတွင် အကောင်အထည်ဖော်

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ်၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် ကျေးရွာသုံးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများအား တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မုန်တိုင်ကျေးရွာ၊ ကုက္ကိုတော+တမာပင်ကျေးရွာနှင့် ပျော်ဘွယ်(စံပြ)ကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ဂန့်ဂေါ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ဂန့်ဂေါ**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂန့်ဂေါမြို့နယ် ကျေးရွာ ၁၂ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျေးရွာ ရှစ်ရွာတွင် လမ်းမြေနီကျောက်စရစ်ခင်းခြင်း၊ ကျေးရွာနှစ်ရွာတွင် စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း၊ ကျေးရွာတစ်ရွာတွင် စာကြည့်တိုက်ဆောင်ဆောက်လုပ်ခြင်း၊ ကျေးရွာတစ်ရွာတွင် ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မင်းထွန်းက ပြောကြားသည်။

**စိန်ကျော်**

## သီတင်းကျွတ်ပွဲတော်အတွင်း မန္တလေးမဟာမုနိဘုရား၌ ညစဉ်ဆီမီးကပ်လှူပွဲကျင်းပမည်

**မန္တလေး အောက်တိုဘာ ၈**

သီတင်းကျွတ်ပွဲတော်ကာလအတွင်း မဟာမုနိဘုရားရင်ပြင်တော်ပေါ်တွင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုများဖြင့် ဆီမီးကပ်လှူပူဇော်ပွဲကို ညစဉ် ၆ နာရီမှ ၈ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း မဟာမုနိဘုရားဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါ ဆီမီးကပ်လှူပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက် (အဖိတ်နေ့)တွင် ရခိုင်တိုင်းရင်းသားလူငယ်များအဖွဲ့မှ ဆီမီး ၉၀၀၀ ကပ်လှူပူဇော်မည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၁၄ ရက်)တွင် တနင်္ဂနွေရင်ပြင်တော် သန့်ရှင်းရေးအသင်းမှ ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်သွားမည့်အပြင် သီတင်းကျွတ်လပြည့်နေ့တွင် အလှူရှင်များ လာရောက်လှူဒါန်းမည့် ဆီမီး ၁၀၀၀ ကပ်လှူပူဇော်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။



ယမန်နှစ် သီတင်းကျွတ်ပွဲတော်ကာလတွင် ရခိုင်တိုင်းရင်းသားလူငယ်များအဖွဲ့ မဟာမုနိဘုရားတွင် ဆီမီးကပ်လှူပူဇော်စဉ်။

''ဘုရားကြီးမှာ အခုလို သီတင်းကျွတ်နဲ့ တန်ဆောင်တိုင်ပွဲတော်ကာလတွေမှာ ဆီမီးကပ်လှူပူဇော်ပွဲတွေကို အဖွဲ့အစည်း၊ အသင်းအဖွဲ့တွေစုပေါင်းပြီး လာရောက်လှူဒါန်းမှုတွေနဲ့ နှစ်စဉ်ကျင်းပလျက်ရှိတဲ့အပြင် ဘုရားဖူးလာပြည်သူတွေရဲ့ တစ်ပိုင်တစ်နိုင် ဆီမီးကပ်လှူပူဇော်မှုနဲ့ စတုဒိသာကျွေးမွေးလှူဒါန်းမှုတွေလည်းရှိတဲ့အတွက် ဒီကာလတွေမှာ နေ့ရောညပါ စည်ကားနေပါတယ်။ မဟာမုနိဘုရားမှာဆီမီးနဲ့ စတုဒိသာ လှူဒါန်းကျွေးမွေးလိုသူများအနေနဲ့ ဘုရားဂေါပကအဖွဲ့ကို ကြိုတင်လျှောက်ထားပြီး လှူဒါန်းနိုင်ပါတယ်'' ဟု ဘုရားကြီးဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

မဟာမုနိဘုရားရင်ပြင်တော်ပေါ်တွင် ဆီမီးများ လာရောက်ဆက်ကပ်လှူဒါန်းပူဇော်လိုသူများအနေဖြင့် ဘုရားရင်ပြင်တော် သန့်ရှင်းမှု မထိခိုက်စေရေးအတွက် ထွန်းညှိပူဇော်မည့် ဆီမီးခွက်တစ်ခွက်လျှင် ငွေကျပ် ၃၀ နှုန်းဖြင့် ငှားရမ်းအသုံးပြုလှူဒါန်းနိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## နယ်မြို့များတွင် သီတင်းကျွတ်အတွက် ကြိုတင်ပြင်ဆင်

**ရေတာရှည် အောက်တိုဘာ ၈**

သီတင်းကျွတ်ကာလ ရှုံးပိတ်ရက် မိဘရပ်ထံပြန်ကြမည့်သူများ၊ သက်ကြီးရွယ်အိုနှင့် မိဘဆရာသမားများအား ကန်တော့ကြသည့် ရိုးရာဓလေ့ကြောင့် နယ်မြို့အသီးသီးတွင် မုန့်အရောင်းဆိုင်များ အပြိုင်အဆိုင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

သီတင်းကျွတ်ရာသီတွင် မုန့်မျိုးစုံရောင်းချသည့်ဆိုင်များအနေဖြင့် မိမိတို့ဝယ်ယူလိုသော ပစ္စည်းများကို တစ်ပတ်ကြိုတင်မှာယူကြရကာ အနီးကပ်မှမှာယူလျှင် အဆင်ပြေမှုမရှိကြောင်း ရေတာရှည်မြို့ လင်းရောင်ခြည် မုန့်မျိုးစုံအရောင်းဆိုင်မှ သိရသည်။

''မုန့်ဆိုရင် အစို၊ အခြောက် နှစ်မျိုး ရှိတယ်၊ မုန့်ပုံးတွေရှိတယ်၊ လက်ဆောင်ခြင်းတွေ အမျိုးမျိုးပေါ့၊ တစ်ရာသီအတွက်ကို သိန်းရာနဲ့ချီ ဝယ်ယူပြင်ဆင်ထားရတာ ဆိုင်ကြီးရင်ကြီးသလို ရင်းနှီးရတဲ့ငွေက ပိုများသွားတာ၊ ဈေးကတော့မတက်ပါဘူး ပုံမှန်ပါပဲ'' ဟု အဆိုပါ မုန့်ဆိုင်ရှင်က ဆက်လက်ပြောကြားသည်။ **ကိုလွင်(ဆွာ)**



## တိုတိုထွာထွာဖတ်စရာ

### တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် အသုံးပြုမည့် သီချင်းရွေးချယ်

**တောင်ကြီး**

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲတွင် အသုံးပြုမည့် သီချင်းရွေးချယ်ပွဲကိုအောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲဝင် ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမရရှိသော အဆိုတော် ဦးဟိန်းကို၏ တို့ရဲ့ရှမ်းပြည်နယ် သီချင်းကို ၂၀၁၉ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

### နိဗ္ဗာန်ဈေးပွဲတော် စည်ကားစွာကျင်းပမည်

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့မတောင်ရပ်ကွက် သီတာရေမြောင်းကြီးလမ်းမိသားစု၏ စတုတ္ထအကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို အောက်တိုဘာ ၁၁ ရက် (သောကြာနေ့ ) ညနေ ၄ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

### ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ပွဲကျင်းပ

**မော်လူး**

စစ်ကိုင်းတိုင်းဒေသကြီး မော်လူးမြို့ အခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမဆောင်၌ အောက်တိုဘာ ၅ ရက် ညနေ ၃ နာရီက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနား ကျင်းပသည်။

အပူဇော်ခံဆရာကြီး ဆရာမကြီး ၁၂ ဦးတို့အား စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၉၂၆၀၀၀ ဖြင့် ကန်တော့ခဲ့ကြကြောင်း သိရသည်။

**နီတိုး**

### ပုသိမ်မြို့ စစ်မှုထမ်းဟောင်းအဖွဲ့အစည်းအဝေးကျင်းပ

**ပုသိမ်**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၁၈-၂၀၁၉ နှစ်ပတ်လည်အစည်းအဝေးကို အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုးက အဖွင့်အမှာစကားပြောကြားပြီး အသက် ၈၅ နှစ်အထက် စစ်မှုထမ်းဟောင်း ၃၀ အား လက်ဆောင်ပစ္စည်းများဖြင့် ဂါရဝပြုကန်တော့သည်။ **ပုသိမ်လှကြည်**

## လေ့လာရေးခရီးသွားရောက်ခဲ့သည့် ဆရာ ဆရာမကြီးများ ခရီးစဉ်အတွေ့အကြုံများရှင်းလင်း

**ကျောက်ပန်းတောင်း အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အခြေခံပညာဦးစီးဌာနကျောင်း သုံးကျောင်းမှ တရုတ်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီး သုံးဦးတို့က ခရီးစဉ်အတွေ့အကြုံများရှင်းလင်းခြင်း အခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ ကျင်းပသည်။



အမှတ် (၁) အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဝင်း၊ အမှတ် (၂) အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးနှင့် မြို့ရှေ့ အထက ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း သွားရောက်လေ့လာခဲ့သည့် မြို့များနှင့် ၎င်းမြို့များမှ စာသင်ကျောင်းများတွင် သင်ကြားမှု၊ သင်ယူမှုစနစ်များ၊ ကျောင်းသားကျောင်းသူများ၏ စည်းကမ်းလိုက်နာမှုနှင့် ကျောင်းသားမိဘများ၏ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ တာဝန်ရှိသူများ၏ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှု လုပ်ငန်းများနှင့်ပတ်သက်၍ လေ့လာသိရှိခဲ့သည်များကို ပြန်လည်မျှဝေ ရှင်းလင်းတင်ပြကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် စက်တင်ဘာ ၁၅ ရက်မှ ၂၅ ရက်အထိ တရုတ်နိုင်ငံရှိ ပေကျင်းမြို့၊ ကူမင်းမြို့၊ ရှန်ဟိုင်းမြို့နှင့် စူကျိုးမြို့များသို့ သွားရောက်ခဲ့ကြကြောင်း သိရသည်။ **ဝ၅၄**

## စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များညီလာခံ စတုတ္ထအကြိမ်မြောက်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံတွင် စတုတ္ထအကြိမ်မြောက်ကျင်းပမည့် ''စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များညီလာခံ'' (Myanmar Entrepreneurship Summit 2019) ကို မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း (MYEA)က ဦးဆောင်၍ရန်ကုန်မြို့ရှိ Fortune Plaza ၌ နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ထွန်းသစ်စလူငယ်လုပ်ငန်းရှင်များဖြင့် ရေရှည်အတွက် တည်တံ့နိုင်သော ကောင်းမွန်သည့် စွန့်ဦးတီထွင်ဂေဟစနစ် ပေါ်ပေါက်လာစေရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင်းသာမက အာဆီယံဒေသများအပြင် တစ်ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်ကွန်ရက်နှင့် ချိတ်ဆက်၍ ပြည်တွင်းမှ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်စေရန်အတွက် အောက်တိုဘာ ၇ ရက် ညနေပိုင်းက UMFCCI တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း (MYEA) ဥက္ကဋ္ဌ ဦးအောင်သူရက ပြောကြားသည်။



အဆိုပါ ညီလာခံ၌ လုပ်ငန်းစတင်သူ (Start-Up)များ၊ Award Winner များ၏ပြခန်းများ၊ အသေးစားအလတ်စားလုပ်ငန်းများ၊ ကုမ္ပဏီကြီးများ၏ ပြခန်းများကို စုံလင်စွာ ခင်းကျင်းပြသထားမည်ဖြစ်သည်။

ထို့အပြင် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များညီလာခံ၌ ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်သည်။ **ပွင့်သစ္စာ**

## ပြောက်အိုး၊ မီးရှူး၊ မီးပန်းများ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေး

**မလှိုင် အောက်တိုဘာ ၈**
သီတင်းကျွတ်ကာလတွင် ပြောက်အိုး၊ မီးရှူး၊ မီးပန်း၊ မီးဒုံး (ရှူးဒိုင်း)များ သိုလှောင်ရောင်းဝယ်ခြင်း၊ ပစ်ဖောက်ခြင်းများကြောင့် ပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေး မကောင်းမွန်သူများ အထိတ်တလန့်ဖြစ်စေပြီး မသမာသူများက အခွင့်ကောင်းယူ၍ ပြစ်မှုကျူးလွန်မှုမရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်နယ်မြေလုံခြုံရေးတို့ကို အနှောင့်အယှက်မဖြစ်စေရေးအတွက် ပြောက်အိုး၊ မီးရှူး၊ မီးပန်း၊ မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်း၊ သိုလှောင်ရောင်းဝယ်ခြင်း မပြုလုပ်ရန် မလှိုင်မြို့မစည်ပင်သာယာဈေးနှင့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ဈေးဆိုင်များ၊ စတိုးဆိုင်များအား အောက်တိုဘာ ၇ ရက်က ကွင်းဆင်းစစ်ဆေးသည်။



ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင် ဦးဆောင်၍ မြို့မရဲစခန်းမှူး ဒု-ရဲမှူးသန်းထွန်း၊ မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးလှမျိုးဦး၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဒေါ်ငွေးကြည်နှင့် တာဝန်ရှိသူများသည် မြို့မစည်ပင်သာယာဈေး အတွင်း၊ အပြင်နှင့် ရပ်ကွက်အတွင်း ရောင်းချနေသော စတိုးဆိုင်များ၊ ဈေးဆိုင်များကို ဝင်ရောက်စစ်ဆေးခဲ့ပြီး ပြောက်အိုး၊ မီးရှူး၊ မီးပန်း၊ မီးဒုံး(ရှူးဒိုင်း) များ ရောင်းချခြင်း မပြုရန်မှာကြားခဲ့ပြီး လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။ **အောင်ငွေး(မလှိုင်)**



## ပွင့်ဖြူမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမျိုးစုံ ၉၈ စီး ဝယ်ယူအသုံးပြု

**ပွင့်ဖြူ အောက်တိုဘာ ၈**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဒေသခံတောင်သူများက စိုက်ပျိုးရေးလုပ်ငန်းအဆင်ပြေစွာလုပ်ကိုင်နိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာမျိုးစုံ ၉၈ စီး ဝယ်ယူအသုံးပြုခဲ့ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးအောင်ကျော်ဆန်းထံမှ သိရသည်။

ဒေသခံတောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် ငွေကုန်ကြေးကျသက်သာပြီး လုပ်သားရှားပါးမှုကို ပြေလျော့စေသည့် လယ်ယာသုံးစက်ကိရိယာများကို တစ်နှစ်ထက် တစ်နှစ် ပိုမိုအသုံးပြုစိုက်ပျိုးလာကြောင်း သိရကာ ယခု ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိတောင်သူများက မြို့နယ် အမှတ်(၄၆)စက်မှုလယ်ယာစခန်းနှင့် ချိတ်ဆက်၍ စပါးရိတ်သိမ်းခြွေလှေ့စက် ကိုးစီး၊ ထွန်စက်ကြီး ရှစ်စီး၊ ဒေါင်ဖန်းလက်တွန်းထွန်စက် အစီး ၈၀၊ စပါးအခြောက်ခံစက် တစ်စီး စုစုပေါင်းလယ်ယာသုံး စက်ကိရိယာမျိုးစုံ ၉၈ စီးအား ဝယ်ယူအသုံးပြုခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် ( ညောင်ဦး )**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ အမျိုးသားသွေးလှူဌာနသို့ သွေး ၄၈၀၆ အိတ် လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၈**
ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) အနေဖြင့် စုပေါင်းသွေးလှူဒါန်းပွဲများကို နှစ်စဉ် ကျင်းပလျက်ရှိရာ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ကျင်းပသည့် (၂၂) ကြိမ်မြောက် သွေးလှူဒါန်းပွဲအပါအဝင် အမျိုးသားသွေးလှူဌာနသို့ သွေးအိတ် ၄၈၀၆ အိတ် လှူဒါန်းပြီးဖြစ်ကြောင်း အဆိုပါပွဲမှ သိရသည်။

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)အနေဖြင့် စုပေါင်းသွေးလှူဒါန်းပွဲများကို ၁၉၉၂ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ယခုဆိုလျှင် လှူဒါန်းမှုပေါင်း (၂၂) ကြိမ်မြောက်ရှိပြီဖြစ်ရာ ယနေ့လှူဒါန်းမှုတွင် သံဃာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်ပေါင်း ၉၆ ဦး တို့က သွေးလှူဒါန်းခဲ့ကြပြီး လှူဒါန်းသည့် သွေးများအား လိုအပ်သည့် နေရာများတွင် အသုံးပြုနိုင်ရန် အမျိုးသားသွေးလှူဌာနသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။



အမျိုးသား သွေးလှူဌာနအနေဖြင့် ပြည်သူ့ဆေးရုံကြီးများ၊ အခြားသော ပြည်သူ့ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံပေါင်း ၃၀ ၏ အရေးပေါ် သွေးလိုအပ်ချက်များကို ဆောက်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသားသွေးလှူဌာနအနေဖြင့် ၂၀၁၆ ခုနှစ်တွင် သွေးယူနစ် ၆၉၂၇၅ ယူနစ်၊ ၂၀၁၇ ခုနှစ်တွင် ၇၃၉၃၂ ယူနစ်၊ ၂၀၁၈ ခုနှစ်တွင် ၉၆၉၄၃ ယူနစ် ထောက်ပံ့ပေးခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သွေးယူနစ် လေးသိန်းကျော် ထောက်ပံ့ပေးခဲ့ကြောင်း ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလွင်က ပြောကြားသည်။ **အေးမင်းသူ**



## မြောင်းမြမြို့တွင် ကလေးစာပေပွဲတော် ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**မြောင်းမြ အောက်တိုဘာ ၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး (ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက ကလေးစာပေပွဲတော် ကျင်းပမည့်အခြေအနေများအား ရှင်းလင်းပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်ဝင်းဝင်းတင်က ပညာရေးဌာနမှ ပူးပေါင်းပါဝင်မှု အခြေအနေများနှင့် ခရိုင်ပြန်ဆက်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြောင်းမြမြို့တွင် ကလေးစာပေပွဲတော်ကို အထက(၁)ကျောင်း၌ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၄ ရက်နှင့် ၅ ရက်တွင် ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲ၊ ပန်းချီနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်၊ အရုပ်ဆက်၊ အိမ်ဆောက်ကစားနည်းများ၊ ဂိမ်းကစားနည်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ထူးချွန်ထင်ရှား မြောင်းမြသားများ ပြခန်းနှင့် အသိပညာပေးပြခန်းများ၊ ကလေးစာဖတ်ခန်း၊ စာအုပ်အရောင်းဆိုင်များ စသည်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ကလေးစာပေပွဲတော်တွင် မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။
**အောင်မင်း(မြောင်းမြ)**

## ဂျုံထုတ်လုပ်မှု တိုးတက်စေရန် ပူးပေါင်းဆောင်ရွက်

**မုံရွာ အောက်တိုဘာ ၈**
ကိုရီးယားနိုင်ငံ KOPIA Project မှ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ပျိုးရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ သုံးနှစ်ကြာ ကူညီထောက်ပံ့မှုများဖြင့် မြန်မာနိုင်ငံတွင် ဂျုံထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးကောင်းမျိုးသန့်ရရှိရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“မြန်မာနိုင်ငံမှာ မျိုးသန့်ထိန်းသိမ်းဆောင်ရွက်မှုတွေမှာ သီးနှံအမျိုးမျိုးရှိတဲ့အထဲက စပါးသီးနှံတစ်ခုတည်းကိုသာ မျိုးစေ့အဆင့် သတ်သတ်မှတ်မှတ်ရှိပြီး ဂျုံ၊ ကုလားပဲလိုအခြားသီးနှံတွေမှာလည်း မျိုးစေ့အဆင့် သတ်မှတ်တာမျိုးရှိဖို့လိုပါတယ်” ဟု ပြောင်းဖူးနှင့် အခြားနှံစားသီးနှံသုတေသနဌာနတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်မျိုးမျိုးတင့်က ပြောကြားသည်။

သုတေသန ပိုမိုအားကောင်းလာစေရန် လိုအပ်သော ပစ္စည်းများနှင့် နည်းပညာ အကူအညီများကို စီမံကိန်းတွင်ပါဝင်သည့် ဂျုံစိုက်သည့် သုတေသနခြံများသို့ တတ်နိုင်သလောက် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“စစ်ကိုင်း- ဝက်လက်- မြင်းမူ- ချောင်းဦး- လားရှိုး- နောင်ချို- ပြင်ဦးလွင်- ကျောက်မဲ- ကလောနဲ့ ပင်းတယမြို့နယ်တွေမှာရှိတဲ့ တောင်သူတွေ ဂျုံမျိုးကောင်းမျိုးသန့်တွေကို တစ်မြို့နယ် ၁၀ ဧကစီ မျိုးသန့်တင်း ၁၅၀ ဖြန့်ဖြူးပေးဖို့စီစဉ်နေပါတယ်”ဟုဒေါက်တာအောင်မျိုးမျိုးတင့်က ဆက်လက် ပြောကြားသည်။

ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ယာသီးနှံစိုက်သူများအနေဖြင့် အခက်အခဲများ ရင်ဆိုင်နေကြရပြီး စိုက်ပျိုးရေးပညာရှင်များအနေဖြင့် တီထွင်ဆန်းသစ်အားထုတ်ကြရန်လိုကြောင်း ဆီထွက်နှင့် ပဲမျိုးစုံသီးနှံဌာနခွဲမှ ဒေါက်တာထွန်းရွှေက ပြောကြားသည်။
**မျိုးဝင်းထွန်း (မုံရွာ)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးသင်တန်းဖွင့်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို အောက်တိုဘာ ၇ရက်နံနက်၉နာရီကကျောက်ပန်းတောင်းမြို့ ရွှေနဒီပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ဝါး ကျောင်းဆောင်၌ ကျင်းပသည်။

သစ်တော၊ သစ်ပင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်စိုက်ခင်းများ စိုက်ပျိုးခြင်းဖြင့် ဂေဟစနစ်ကို တစ်ပိုင်တစ်နိုင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာများကို ဆွေးနွေးပို့ချပြီး သင်တန်းသားများနှင့်အပြန်အလှန်မေးမြန်းခြင်း၊ ဖြေကြားခြင်းများဖြင့် အမြင်ချင်းဖလှယ်ကာ ဆွေးနွေးကြသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖွင့်လှစ်ပြီး စိတ်ပါဝင်စားသူ ၃၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **နေအောင် (ကျောက်ပန်းတောင်း)**



သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးသည် အောက်တိုဘာ ၇ ရက် ညနေ ၃ နာရီခွဲက ပုဂံတောင်ကျေးရွာတွင် မှူခင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ သက်ခိုင် (သန်လျင်)

အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီသည် မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးနှင့်ကလေးသူငယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးကဏ္ဍများ မြှင့်တင်ပေးနိုင်ရန်နှင့် ၎င်းတို့ရရှိမည့် အခွင့်အရေးများ ပြည့်ဝစွာခံစားနိုင်စေရန် လိုအပ်နေသည့် အမျိုးသမီးများနှင့် ကလေးသူငယ်ကာကွယ်ရေးဥပဒေများ ပြဋ္ဌာန်းနိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကော်မတီတစ်ခုဖြစ်ပြီး အဆိုပါကော်မတီ၏ ဆောင်ရွက်ချက်များကို ယခုတစ်ပတ် လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်-

# ကော်မတီရဲ့လုပ်ငန်းတာဝန်တွေကတော့ အဓိကအားဖြင့် အမျိုးသမီးနဲ့ ကလေးသူငယ်တွေရဲ့ အကျိုးစီးပွားကို အကောင်းဆုံးဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်း



ဒေါက်တာတင်တင်ဝင်း
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

နန္ဒာဝင်း

**အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ လုပ်ဆောင်ချက်များ**

မြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးနှင့် ကလေးသူငယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးကဏ္ဍများ မြှင့်တင်ပေးနိုင်ရန်နှင့် ၎င်းတို့ရရှိမည့် အခွင့်အရေးများ ပြည့်ဝစွာခံစားနိုင်စေရန် လိုအပ်နေသည့် အမျိုးသမီးများနှင့် ကလေးသူငယ်ကာကွယ်ရေးဥပဒေများ ပြဋ္ဌာန်းနိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းခဲ့သည်။

အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် အဖွဲ့ဝင် ၁၄ ဦး ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

**တွေ့ဆုံဆွေးနွေး**

အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမနှင့် သတ္တမ ပုံမှန်အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံရှိ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ခုခံအားကျဆင်းမှုရောဂါရှိသူများနှင့် ဆက်သွယ်ထိခိုက်ခံရသူများဆိုင်ရာ ဥပဒေကြမ်း၊ ပြည့်တန်ဆာဆိုင်ရာဥပဒေတို့နှင့် စပ်လျဉ်း၍ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့အတူ အမျိုးသမီးများ၏ လုပ်ငန်းခွင်ဆိုင်ရာ လုံခြုံမှုနှင့် အခွင့်အရေးများဆိုင်ရာ ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကိစ္စရပ်များနှင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**လေ့လာစုံစမ်း**

ထို့ပြင် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကရင်ပြည်နယ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော " ကလေးသူငယ်များ၏ မြေပြင်ဘဝအခြေအနေ တိုးတက်မြင့်မားရေးနှင့် ကာကွယ်စောင့်ရှောက်ရေး စီမံချက်လုပ်ငန်းများ" သို့ သွားရောက်လေ့လာခဲ့သည်။



၁၉-၆-၂၀၁၈ ရက် UN AIDS Myanmar မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကြစဉ်။

အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများအတွက် ကြိုတင်ကာကွယ်ခြင်း၊ ထိရောက်စွာ အရေးယူခြင်းတို့ကို ကော်မတီက လေ့လာစုံစမ်း၍ လွှတ်တော်တွင် မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို အကာအကွယ်ပေးရန် လိုအပ်သည့်ဥပဒေများ ပြင်ဆင်ရေးဆွဲနိုင်ရန်လည်း အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကြိုးပမ်းဆောင်ရွက်**

မြန်မာနိုင်ငံရှိ အမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးကဏ္ဍများမြှင့်တင်ပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းတို့တွင် လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံမေးမြန်းမှုများကို စုစည်းဖော်ပြလိုက်ရပါသည်။

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ**

**မေး။ ။အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး သိရှိလိုပါတယ်။**

**ဖြေ။** ။အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီက ပြီးခဲ့တဲ့ လွှတ်တော် သက်တမ်းကတည်းက ရှိခဲ့တယ်။ ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကတော့ အဓိကအားဖြင့် အမျိုးသမီးနဲ့ ကလေးသူငယ်တွေရဲ့ အကျိုးစီးပွားကို အကောင်းဆုံးဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။

ကော်မတီဆိုတာ လွှတ်တော်အသေးစားလေးပဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တာဝန်က အဓိကအားဖြင့် ဥပဒေပြုရေး၊ ကိုယ်စားပြုရေးနဲ့ အစိုးရကို ထိန်းကျောင်းရေးဖြစ်ပါတယ်။ ပထမဦးဆုံး ကျွန်မတို့မှာ ကိုယ့်မဲဆန္ဒနယ်က ပြည်သူတွေကို ကိုယ်စားပြုရတယ်။ မဲဆန္ဒနယ်ကို သွားတယ်။ အားလုံးရဲ့ အရေးကိစ္စတွေကို နားထောင်တယ်။ အထူးသဖြင့် အမျိုးသမီးနဲ့ ကလေးသူငယ်တွေရဲ့အရေးကိစ္စတွေကို နားထောင်တယ်။ သူတို့ရဲ့အသံကို လွှတ်တော်ကိုယူလာပြီး အဆိုတွေ၊ မေးခွန်းတွေ၊ အကြံပေးစရာရှိတာတွေကို ဆွေးနွေးဆောင်ရွက်ရပါတယ်။

**မေး။ ။ကော်မတီအစည်းအဝေးတွေ ဘယ်လိုကျင်းပဆောင်ရွက်တယ်ဆိုတာ ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ။ကော်မတီရဲ့အစည်းအဝေးတွေကို တစ်ပတ်တစ်ကြိမ် ဗုဒ္ဓဟူးနေ့တိုင်း ကျင်းပပါတယ်။ အစည်းအဝေးမှာ ပြည်သူလူထုက တိုင်ကြားလာတဲ့ အမျိုးသမီး၊ ကလေးသူငယ်နဲ့ပတ်သက်တဲ့ တိုင်ကြားစာတွေကိုအကြောင်းပြန်တယ်။ ဥပဒေပြုရေးနဲ့ပတ်သက်ရင် ကလေးသူငယ်နဲ့ဆိုင်တဲ့ဥပဒေက ထွက်တာ မကြာသေးပါဘူး။ ဒီဥပဒေက ၁၉၉၃ ခုနှစ်လောက်ကတည်းကစပြီး ရှိခဲ့တယ်။ ခေတ်စနစ်နဲ့အညီ ပြန်လည်ရေးဆွဲမယ်ဆိုတော့ ပြီးခဲ့တဲ့နှစ်နှစ်လောက်ကစပြီး အဲဒီဥပဒေအတွက် အဓိကတာဝန်ယူဆောင်ရွက်တဲ့ Focal Ministry ဖြစ်တဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒီဥပဒေရေးဆွဲဖို့ လာရောက်တယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကလည်း လာတယ်။

**ပထမဦးဆုံး ကျွန်မတို့မှာ ကိုယ့်မဲဆန္ဒနယ်က ပြည်သူတွေကို ကိုယ်စားပြုရတယ်။ မဲဆန္ဒနယ်ကိုသွားတယ်။ အားလုံးရဲ့ အရေးကိစ္စတွေကို နားထောင်တယ်။ အထူးသဖြင့် အမျိုးသမီးနဲ့ ကလေးသူငယ်တွေရဲ့အရေးကိစ္စတွေကိုနားထောင်တယ်။ သူတို့ရဲ့အသံကို လွှတ်တော်ကို ယူလာပြီး အဆိုတွေ၊ မေးခွန်းတွေ၊ အကြံပေးစရာရှိတာတွေကို ဆွေးနွေးဆောင်ရွက်**



၂၀-၁-၂၀၁၉ ရက် ပြန်လည်ကုစားပေးရေးလျော့မှုအလုပ်အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကြစဉ်။

စာမျက်နှာ ၁၉ သို့ ❖

❖ စာမျက်နှာ ၁၈ မှ

ဒီဥပဒေမှာ ပြင်ဆင်ချင်တာ၊ ပယ်ဖျက်ချင်တာ၊ ဖြည့်စွက်ချင်တာတွေကို ကြားနာရတယ်။ ပြီးတော့ ဥပဒေက လွှတ်တော်ကို မူကြမ်းအနေနဲ့ ရောက်လာတယ်။ အဲဒီအခါ ကျွန်မတို့က ဝင်ရောက်ဆွေးနွေးပေးရတယ်။ ဥပမာ အသက် ၁၈ နှစ်ပြည့်ပြီးမှ အိမ်ထောင်ပြုရတာတို့၊ ကလေးသူငယ်ဆိုရင် ကလေးလုပ်သားနဲ့ပတ်သက်တာ၊ ကလေးတွေကို ခေါင်းပုံဖြတ်တာ၊ ကလေးတွေကို လူကုန်ကူးတာတွေ စသဖြင့် ကိုယ့်ရဲ့မဲဆန္ဒနယ်က ပြောဆိုလိုက်တာတွေကို ပြန်လည်တင်ပြတယ်။ အခုကလေးသူငယ်ဥပဒေ ဖြစ်သွားတယ်။ ဝိုင်းဝန်းတင်ပြလိုက်တာတွေကို ဥပဒေကြမ်းကော်မတီက ကြားနာတယ်။ ပြင်ဆင်ချက်တွေကို လွှတ်တော်ကိုပို့ပြီး မဲခွဲဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

**မေး။ ။ တိုင်ကြားစာတွေနဲ့ပတ်သက်ပြီး ဘယ်လိုတွေ ဆောင်ရွက်တယ်ဆိုတာကိုလည်း သိရှိလိုပါတယ်။**

**ဖြေ။** ။ များသောအားဖြင့် အမျိုးသမီးအကြမ်းဖက်မှု၊ ကာမလိမ်လည်ရယူတာ၊ အသက်မပြည့်ဘဲ ကလေးစစ်သားစုဆောင်းတာ အခုတော့ အသက် ၁၈ နှစ် မပြည့်ဘဲ မခေါ်တော့ဘူးဆိုပေမယ့် အရင်က စုဆောင်းထားတာတွေရှိတယ်ဆိုရင် ကျွန်မတို့က ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန စသဖြင့် အဲဒီလိုသက်ဆိုင်တဲ့ ဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်။ တချို့ကိစ္စတွေကျတော့ ကျွန်မတို့ကိုင်တွယ်လို့ မရဘူး။ ကျွန်မတို့နိုင်ငံက စီဒေါ၊ စီအာစီတို့ စတဲ့ နိုင်ငံတကာသဘောတူညီမှုတွေမှာ ပါဝင်လက်မှတ်ထိုးထားတာ ရှိတယ်။ ကျွန်မတို့က အဲဒီလိုလက်မှတ်ထိုးထားတဲ့ အချက်တွေနဲ့အညီ အမျိုးသမီးဆိုရင်လည်း အမျိုးသမီးအကြမ်းဖက်မှုနဲ့ပတ်သက်တာတွေ ဆောင်ရွက်ပေးတယ်။ အခု အမျိုးသမီးအကြမ်းဖက်မှုဥပဒေက မထွက်သေးဘူး။ မကြာခင်တော့ ထွက်မှာဖြစ်ပါတယ်။ အခု ကလေးသူငယ် ဥပဒေလိုပဲ ကြားနာပြီးပါပြီ။ ထွက်လာရင် ထပ်ပြီးဖြည့်စွက်စရာရှိတယ်ဆိုရင်လည်း ဖြည့်စွက်ဖို့ ပြည်သူလူထု အသံကို နားထောင်ပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မေး။ ။ နယ်တွေကို ကွင်းဆင်းတဲ့အခါ အမျိုးသမီးတွေနဲ့ပတ်သက်ရင် ဘယ်လိုအကြောင်းအရာတွေကို အများဆုံးတွေ့ရပါသလဲ။**

**ဖြေ။** ။ ကျွန်မတို့ နယ်တွေကို ကွင်းဆင်းတဲ့အခါ အဓိကတွေ့ရတာက အမျိုးသမီးတွေ အလုပ်အကိုင်မရှိတာ ဖြစ်ပါတယ်။ အမျိုးသမီးတွေက အိမ်မှုကိစ္စတွေပဲ လုပ်နေရတယ်။ အလုပ်အကိုင်အခွင့်အလမ်းကလည်း နည်းပါးတယ်။ ကျွန်မတို့နိုင်ငံမှာ အမျိုးသမီးဦးရေက ၅၀ ရာခိုင်နှုန်းကျော်ရှိတယ်။ အဲဒီတော့ နိုင်ငံအတွက်လည်း ဒီအမျိုးသမီးတွေရဲ့လုပ်အားက လိုအပ်တယ်။ အမျိုးသမီးတွေက စွမ်းဆောင်ရည်မြင့်မားမှ ဖြစ်မယ်။ တိုင်းပြည်ရဲ့လူဦးရေ ထက်ဝက်ကျော်ဖြစ်တဲ့ အမျိုးသမီးတွေက စာမတတ်ဘူး၊ အလုပ်အကိုင်မရှိဘူး၊ ဘာမှစွမ်းဆောင်ရည်မရှိဘူးဆိုရင် တိုင်းပြည်ကလည်း ဖွံ့ဖြိုးတိုးတက်ဖို့ နှောင့်နှေးမှာ ဖြစ်ပါတယ်။

**မေး။ ။ ကော်မတီအနေနဲ့ ကျေးလက်နေအမျိုးသမီးတွေ လူမှုဘဝမြှင့်တင်နိုင်ဖို့ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကိုလည်း သိရှိလိုပါတယ်။**

**ဖြေ။** ။ အမျိုးသမီးတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိဖို့၊ ကျေးလက်နေအမျိုးသမီးတွေရဲ့ ဘဝမြှင့်တင်ဖို့ အလုပ်အကိုင်ရှာဖွေပေးတယ်။ ဥပမာ ဝါးထွက်တဲ့ ဒေသတွေမှာဆိုရင် ဝါးနဲ့လုပ်တဲ့ ပစ္စည်းတွေကို ဈေးကွက်ဝင်အောင်၊ နိုင်ငံတကာဈေးကွက် ထိုးဖောက်နိုင်အောင် ဈေးကွက်လည်း ရှာပေးမယ်။ နည်းပညာလည်း ပေးမယ်။ ရေတာရှည်က ရွာတစ်ခုမှာဆိုရင် ဝါးနဲ့ တစ်ရှူးဘူးတွေ ထုတ်လုပ်နိုင်ဖို့ ဝါးအသင်းက နည်းပညာပေးတယ်။ အခုက အော်ဂဲနစ်တွေကို ကြိုက်ကြတယ်။ ပလတ်စတစ်တွေကို သုံးစွဲတာလည်း နည်းလာတယ်ဆိုတော့ ဈေးကွက်ကတော့ ရှိနေပြီ၊ အရင်းအနှီးလိုတယ်။ ကျွန်မတို့က သူတို့အတွက် အရင်းအနှီးရှာပေးမယ်။ ဈေးကွက် ရှာပေးမယ်။ သူတို့ရဲ့ စွမ်းဆောင်ရည်မြင့်မားအောင် လုပ်ပေးတယ်။ အမျိုးသမီးတွေကို အလုပ်အကိုင်ရရှိဖို့ ဆောင်ရွက်တယ်။ သူတို့လည်း စိတ်ဝင်စားတယ်။ အခုတော့ ဝါးနဲ့ပတ်သက်တဲ့ လုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။



၂၈-၈-၂၀၁၉ ရက် IRI အဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကြစဉ်။

**မေး။ ။ အမျိုးသမီးတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ အခြားဘယ်လိုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ စီစဉ်နေပါသလဲ။**

**ဖြေ။** ။ ဝါးအပြင် အိုးလုပ်ငန်းတွေ၊ သင်္ကြန်အတာအိုး၊ သောက်ရေအိုးတို့ကို လုပ်ကိုင်လို့ရပါတယ်။ ဒါကတော့ ပြည်တွင်းဈေးကွက်အတွက် ဖြစ်ပါတယ်။ တကယ်တော့ ကျွန်မတို့ရဲ့တာဝန်က အမျိုးသမီးတွေ စွမ်းဆောင်ရည်မြင့်မားရမယ်။ တိုင်းပြည်စီးပွားရေးလည်း တိုးတက်ရမယ်။ အမျိုးသမီးတွေ တစ်ဖက်တစ်လမ်းက ဝင်ငွေရတဲ့အလုပ်လုပ်ရမယ်၊ နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့ဆိုတာကလည်း နည်းပညာလိုအပ်တယ်။ နည်းပညာတွေရဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ၇၀ ရာခိုင်နှုန်းသော ပြည်သူတွေက ကျေးလက်ဒေသတွေမှာ နေထိုင်ကြတာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေ မတိုးတက်သမျှ တိုင်းပြည်က ဘယ်လိုမှ မတိုးတက်နိုင်ပါဘူး။ ဒါ့ကြောင့် အမြဲမျက်ခြည်မပြတ် တိုးတက်အောင် ဆောင်ရွက်နေပါတယ်။

**မေး။ ။နယ်တွေကို ကွင်းဆင်းတဲ့အခါ ကလေးသူငယ်တွေနဲ့ပတ်သက်ပြီး ဘယ်လိုတွေ အများဆုံး တွေ့ရှိရပါသလဲ။**

**ဖြေ။** ။ နယ်တွေကို ကွင်းဆင်းတဲ့အခါ အဓိကကတော့ ကလေးတွေက ညှက်နေတာတွေ့ရတယ်။ သုံးတန်းကလေးက မူကြိုကလေးနဲ့ အရွယ်တူဖြစ်နေတယ်။ ခန္ဓာကိုယ်ညှက်နေတယ်။ ဦးနှောက်အနေနဲ့လည်း လိုက်ပါဖွံ့ဖြိုးဖို့အတွက် အဓိကအာဟာရဓာတ်လိုတယ်။ ပြောချင်တာက ကလေးတွေကို ပဲနို့၊ နွားနို့တိုက်ကြပါ။ အာဟာရနဲ့ ပတ်သက်ရင် မိဘတွေကိုယ်တိုင် အသိရှိဖို့ လိုအပ်ပါတယ်။



၂၈-၁၁-၂၀၁၈ ရက် ကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

နောက်တစ်ခုက အခြားနိုင်ငံတွေက ခိုးဝင်လာတဲ့ မုန့်တွေက တော်တော်လေးအန္တရာယ်များပါတယ်။ ကလေးတွေ အဲဒါတွေကိုပဲဝယ်စားတယ်။ အဲဒီအစားအစာတွေအစား ဘိန်းမုန့်၊ ကောက်ညှင်းထုပ်၊ မုန့်ဖက်ထုပ်တို့ကို အမေတွေကိုယ်တိုင်ကလည်း လုပ်ကိုင်ကျွေးမွေးသင့်တယ်။ ရောင်းရင်လည်း ဝင်ငွေရသေးတယ်။ ကျွန်မတို့ရွာတွေကို ကွင်းဆင်းတဲ့အခါ သရက်ပင်တွေ၊ သရက်သီးတွေ ကြွေကျနေတာ အများကြီးပဲ။ ဘယ်သူမှ မကောက်ကြဘူး။ သရက်သီးက ချိုချို၊ ချဉ်ချဉ် အာဟာရတန်ဖိုးက အတူတူပဲ။ အာဟာရဓာတ်က ပြည့်ဝပြီးသားဖြစ်တဲ့အတွက် စားသုံးလို့ရပါတယ်။ နေ့တိုင်း အသားငါး မစားနိုင်ရင်လည်း ပဲက အသားငါးတွေရဲ့ အာဟာရဓာတ်နဲ့ အတူတူပဲဖြစ်တဲ့အတွက် စားသုံးဖို့လိုပါတယ်။

အခုက သက်ငယ်မုဒိမ်းတွေ များပြားလာတဲ့အတွက် ပြစ်မှုပြစ်ဒဏ်တွေကို ပညာပေးဖို့ လိုပါတယ်။ လူတွေက ပြစ်မှုပြစ်ဒဏ်ကိုသိမှ ကြောက်မှာဖြစ်ပါတယ်။ ဥပဒေကို မသိကြဘူး။ ဥပဒေကို မလိုက်နာဘူးဆိုရင်တော့ တရားဥပဒေစိုးမိုးမှု အားနည်းနေမှာပါ။ ဥပဒေကိုသိမှ တိုးတက်မှာဖြစ်ပါတယ်။ ဥပမာ ကလေးကို ညှဉ်းပန်းနှိပ်စက်တာ၊ သက်ငယ်မုဒိမ်းနဲ့ မတရားသဖြင့် အိမ်ထောင်ပြုခိုင်းတာ အဲဒီလိုမျိုးတွေကျရင် ပြစ်မှုပြစ်ဒဏ်ကို အရင်ပြောလိုက်တယ်။ ပြစ်မှုပြစ်ဒဏ်ကိုသိမှ ဒီပြစ်မှုတွေက လျော့နည်းလာမှာဖြစ်ပါတယ်။

**မေး။ ။ ကလေးသူငယ်ဥပဒေမှာ ပါဝင်တဲ့ အားသာချက်တွေကိုလည်း ပြောပြပေးပါဦး။**

**ဖြေ။** ။ ကလေးသူငယ်တွေမှာ အခွင့်အရေး လေးခုရှိပါတယ်။ ရှင်သန်ခွင့်ရှိတယ်။ အမေဗိုက်ထဲမှာကတည်းက ရှင်သန်ရမယ်။ ကျွန်မတို့ရဲ့ အဓိကဝန်ကြီးဌာနဖြစ်တဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကိုယ်ဝန်ဆောင်ကနေ ကလေးနှစ်နှစ်အထိကို တစ်လကို တစ်သောင်းခွဲ ပေးတယ်။ ဒါပေမယ့် သေသေချာချာတော့ ပညာပေးရတယ်။ ဒါသည် အမေအတွက်ပဲဖြစ်တယ်။ အဖေက သုံးပစ်လိုက်လို့ မရဘူး။ ဒီကလေးက ကြီးပြင်းလာပြီး ဉာဏ်ရည်ရော ခန္ဓာကိုယ်ပါ ဖွံ့ဖြိုးဖို့လိုတယ်။ ဖွံ့ဖြိုးခွင့်ရှိတယ်။ ကလေးက မဖွံ့ဖြိုးရင် တိုင်းပြည်အတွက် အနာဂတ်ကလည်း ဒီလိုပဲ ဖြစ်နေမယ်။ အဲဒီလို ပညာပေးရတယ်။ ကြီးထွားခွင့်ရဖို့ကိုလည်း ညှက်နေတဲ့ကလေးတွေကို ထွားလာအောင် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွေအပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းတွေအားလုံးနဲ့ပူးပေါင်းပြီး ကလေးတွေကို အစာ၊ အာဟာရကျွေးဖို့၊ မိဘတွေကိုလည်း အိမ်မှာ ဟင်းတွေဘယ်လိုချက်ဖို့ကအစ သင်ပေးပါတယ်။

ကလေးတွေအတွက် အသက်နှစ်နှစ်အထိကို ထောက်ပံ့ပေးထားတယ်။ ကလေးရဲ့ ရက်ပေါင်း ၁၀၀၀ အထိ ကလေးကို သေသေချာချာ ဂရုစိုက်မယ်ဆိုရင် ကလေးက ဉာဏ်ရည်ရော ကိုယ်ကာယအားပါ တော်တော်လေးစိတ်ချရပြီ။ ငါးနှစ်အထိကို ကလေးကို သေချာဂရုစိုက်မယ်၊ ရှင်သန်ခွင့်၊ ဖွံ့ဖြိုးခွင့်သေချာပေးလိုက်မယ်ဆိုရင် တစ်သက်တာမှာ စိတ်ချရပြီလို့ ပြောလို့ရပါတယ်။ အကာအကွယ်ရပိုင်ခွင့်မှာလည်း လက်နက်ကိုင်ပဋိပက္ခရှိတဲ့နေရာတွေက ကလေးတွေက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဘာမှအဆင်မပြေဘူး။ အဲဒီအခါကျတော့ သူတို့ကိုကာကွယ်ပိုင်ခွင့်အတွက်ကိုလည်း Focal Ministry တွေနဲ့ ပူးပေါင်းပြီး Focal Ministry က ဒီက ကလေးတွေကို ခေါ်ပြီး ကလေးပျော်ဌာနဆိုပြီး ကချင်ပြည်နယ်မှာ ဖွင့်ထားတယ်။ ကချင်ပြည်နယ်မှာ ၁၅ ခု၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်မှာလည်း ဖွင့်လှစ်ထားတယ်။ ဘတ်ဂျက်အခက်အခဲကလည်းရှိတဲ့အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးအနေနဲ့က အဆင်မပြေသေးဘူး။ အဲဒီကလေးပျော်ဌာနမှာ ကလေးတွေကို ကျွေးမွေးစောင့်ရှောက်တယ်။ စာသင်ပေးတယ်။ စာမသင်ချင်တော့ဘူးဆိုရင် အသက်မွေးဝမ်းကျောင်းပညာသင်ပေးတယ်။ အဲဒီလို ကလေးပျော်နေရာတွေကို ဖွင့်လှစ်ထားတယ်။ နောက်တစ်ခုက ကလေးတွေကို လူ့အဖွဲ့အစည်းမှာ ပါဝင်ပိုင်ခွင့် ပေးရမယ်။ ဒီအချက်တွေအပေါ်မှာမူတည်ပြီးတော့ ကလေးသူငယ်ဥပဒေကို ရေးဆွဲထားတာဖြစ်ပါတယ်။ ဥပမာ ကျွန်မတို့ ဆယ်တန်းလောက်တုန်းကဆိုရင် တော်တော်များများက ကလေးတွေကို ဆေးကျောင်း တက်စေချင်ကြတယ်။ ဆေးကျောင်းတွေတက်၊ ဆရာဝန်တွေဖြစ်လာကြတယ်။ ဆေးပညာနဲ့ လူထုကို အကျိုးပြုသလား၊ မပြုသလားတော့မသိဘူး။ အဲဒီလိုပဲ ဆေးကျောင်းတော့ တက်ကြတယ်။

အဲဒီလိုမဖြစ်အောင် ကိုယ့်ကလေးကို ဘာကို ဝါသနာပါသလဲဆိုတာ မေးရမယ်။ ပန်းချီဝါသနာပါရင် ပန်းချီသင်ပေးရမယ်။ စာမသင်ချင်တဲ့ကလေးတွေကို အသက်မွေးဝမ်းကျောင်းပညာတွေ သင်ပေးရမယ်။ ဖုန်းပြင်ချင်တယ်။ မိန်းကလေးတွေဆိုရင်လည်း စက်ချုပ်သင်မလား။ အဲဒီလိုဥပဒေတွေရှိလာတယ်။ ကလေးရဲ့ ရပိုင်ခွင့်ထဲက ဒီလိုမလုပ်ပေးဘူးဆိုရင် တာဝန်ပျက်ကွက်တာဖြစ်ပါတယ်။ ဥပဒေက ထိန်းချုပ်အားကောင်းလာတော့ သိအောင်ပြောပြရမယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက ဒါကို တာဝန်ယူရမှာဖြစ်ပါတယ်။

**မေး။ ။ အခြားဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ။ ပြည်သူလူထုအနေနဲ့ ကျွန်မတို့ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးကော်မတီကို အမျိုးသမီး၊ ကလေးသူငယ်နဲ့ဆိုင်တဲ့ ကိစ္စတွေမှာ အခက်အခဲရှိတယ်၊ ပြဿနာရှိတယ်ဆိုရင် ဆက်သွယ်နိုင်ပါတယ်။ အကူအညီတောင်းနိုင်ပါတယ်။ ပြဿနာမဟုတ်ဘဲ အကြံဉာဏ်တွေရချင်တယ်ဆိုရင်လည်း ကျွန်မတို့ကော်မတီက အမြဲတမ်းအဆင်သင့်ရှိပါတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း မဲဆန္ဒနယ်တွေကို ကွင်းဆင်းကြတာတွေရှိတော့ အားကိုးပါ။ ပြောကြပါ။ လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူတွေရဲ့အသံကိုနားထောင်ပြီး မေးခွန်းတွေမေး၊ အဆိုတွေတင်မယ်။ အဆိုအောင်သွားရင် သူတို့အတွက် အကျိုးရှိအောင် လုပ်ဆောင်ပေးလို့ရသွားပြီဆိုတာကို ပြောကြားလိုပါတယ်။ ။

**ကျွန်မတို့ရဲ့တာဝန်က အမျိုးသမီးတွေ စွမ်းဆောင်ရည်မြင့်မားရမယ်။ တိုင်းပြည်စီးပွားရေးလည်း တိုးတက်ရမယ်။ အမျိုးသမီးတွေ တစ်ဖက်တစ်လမ်းက ဝင်ငွေရတဲ့ အလုပ်လုပ်ရမယ်၊ နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့ဆိုတာကလည်း နည်းပညာလိုအပ်တယ်။ နည်းပညာတွေရဖို့အတွက်လည်း ဆောင်ရွက်**



## စပါးအသင်းခေါင်းဆောင် ဟူဂိုလိုရစ် ၂၀၁၉ ခုနှစ် လက်ကျန်ပွဲစဉ်များ လွဲချော်မည်

စပါးအသင်းဂိုးသမား ဟူဂိုလိုရစ် ဟာ တံတောင်ဆစ်အရိုးအဆစ်လွဲခဲ့တာကြောင့် ၂၀၁၉ ခုနှစ်ရဲ့ စပါးအသင်း ယှဉ်ပြိုင်ကစားရမယ့် လက်ကျန်ပွဲစဉ်များမှာ ပါဝင်ကစားနိုင်မှာမဟုတ်ဘဲ လွဲချော်ရတော့မှာဖြစ်ကြောင်းနဲ့ အဲဒီရရှိခဲ့တဲ့ဒဏ်ရာဟာ ခွဲစိတ်ကုသဖို့အထိတော့ မလိုအပ်ဘူးလို့ စပါးအသင်းက ပြောကြားထားပါတယ်။

စပါးအသင်းခေါင်းဆောင် ဟူဂိုလိုရစ်ဟာ စနေနေ့က ဘရိုက်တန်အသင်းကို သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ်အတွင်းမှာ တံတောင်ဆစ် ဒဏ်ရာရရှိခဲ့တာဖြစ်ပြီး လာမယ့်နှစ်စပိုင်းအထိ အသင်းနဲ့အတူ လေ့ကျင့်ရေးဆင်းနိုင်မှာမဟုတ်ဘူးလို့လည်း သိရပါတယ်။

ဂိုးသမားဟူဂိုလိုရစ်ရဲ့ တံတောင်ဆစ်ဒဏ်ရာဟာ ခွဲစိတ်ကုသဖို့ မလိုအပ်ဘူးဆိုပေမယ့် တံတောင်ဆစ်အရွတ်ကတော့ ပျက်စီးခဲ့တယ်လို့ စပါးအသင်းက အတည်ပြုပြောကြားထားပါတယ်။ အဲဒါကြောင့် အနည်းဆုံးသုံးလအကြာအထိ ဘောလုံးအားကစားနဲ့ပတ်သက်တဲ့ ဆောင်ရွက်မှုမှန်သမျှ လုပ်ဆောင်နိုင်မှာမဟုတ်ဘူးလို့လည်း ဆိုပါတယ်။

စပါးအသင်းဟာ လက်ရှိမှာ ဟူဂိုလိုရစ် ဒဏ်ရာရရှိနေတာကြောင့် အာဂျင်တီးနားကြယ်ပွင့် ဂိုးသမား ဂတ်ဇာနီဂါကို ဂိုးသမားနေရာမှာ အသုံးပြုရမှာ ဖြစ်ပါတယ်။ ဂိုးသမားဟူဂိုလိုရစ်ဟာ ကစားသမားဘဝကို နိုက်စ်အသင်းနဲ့အတူ စတင်ခဲ့ပြီး နိုက်စ်အသင်းတွင် ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ပွဲပေါင်း ၇၂ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ၂၀၀၈ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ လိုင်ယွန်အသင်းမှာ ပွဲပေါင်း ၁၄၆ ပွဲ ပါဝင်ကစားပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်မှာ စပါးအသင်းကို ပြောင်းရွှေ့လာခဲ့ပြီး လက်ရှိစပါးအသင်းနဲ့အတူ ပွဲပေါင်း ၂၄၄ ပွဲပါဝင်ကစားပေးထားပြီးလည်းဖြစ်ပါတယ်။

## ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေး ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်မျှော်လင့်

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးဟာ မဲလ်ဘုန်းမြို့မှာ ကျင်းပမယ့် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း ဂရန်းဆလမ်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ မျှော်လင့်ထားတယ်လို့ သိရပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ အန်ဒီမာရေးဟာ တင်ပါးဒဏ်ရာရရှိခဲ့တာကြောင့် ပြီးခဲ့တဲ့နှစ်က ကျင်းပခဲ့တဲ့ ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲနဲ့ လွဲခဲ့ရတာဖြစ်ပြီး ဇန်နဝါရီလအတွင်းက ခွဲစိတ်ကုသမှုတွေ ပြုလုပ်ခဲ့ရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်က ယှဉ်ပြိုင်ကစားခဲ့တဲ့ တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာတော့ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းထားတာဖြစ်ပါတယ်။

အန်ဒီမာရေးဟာ လက်ရှိမှာ ကမ္ဘာ့အဆင့် ၂၈၉ မှာ ရပ်တည်နေတာဖြစ်ပြီး ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲမှာ အနိုင်ရရှိအောင်ကစားပြီး ကမ္ဘာ့အဆင့် နှစ်နေရာ တက်လှမ်းနိုင်ရေး ကြိုးပမ်းသွားမယ်လို့ ဆိုပါတယ်။ အန်ဒီမာရေးဟာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲကို ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၃၊ ၂၀၁၅ နဲ့ ၂၀၁၆ တို့မှာ ငါးကြိမ်အထိ ဗိုလ်လုပွဲ တက်လှမ်းထားနိုင်ခဲ့ပေမယ့် တစ်ကြိမ်မှ ဗိုလ်စွဲထားတာမရှိသေးတာကြောင့် ပထမဆုံးအကြိမ်အဖြစ် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။

အန်ဒီမာရေးဟာပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲမှာလည်း ဗိုလ်စွဲခဲ့တာမရှိဘဲ ၂၀၁၆ ခုနှစ်က တစ်ကြိမ် ဗိုလ်လုပွဲတက်လှမ်းထားနိုင်ခဲ့တာပဲ အောင်မြင်မှုရှိခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲမှာတော့ ၂၀၁၃ နဲ့ ၂၀၁၆ တို့မှာ ချန်ပီယံဖြစ်ခဲ့ပြီး အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာလည်း ၂၀၁၂ ခုနှစ်က ချန်ပီယံဖြစ်ထားခဲ့တာ ဖြစ်ပါတယ်။



## အိုးထရက်ဖို့ဒ်မှာ ကစားမယ့် လီဗာပူးနဲ့ပွဲစဉ် ရှုံးနိမ့်မှာကို မန်ယူအသင်းနည်းပြ ဆိုးရှား စိုးရိမ်နေ

မန်ယူအသင်းဟာ လာမယ့်ပရီမီယာလိဂ် ပွဲစဉ်(၉)အဖြစ် လီဗာပူး အသင်းကို အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ ဧည့်ခံကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ရှုံးပွဲနဲ့ကြုံတွေ့မှာကို စိုးရိမ်နေတယ်လို့ မန်ယူအသင်းနည်းပြ ဆိုးရှားက ပြောပါတယ်။



လီဗာပူးအသင်းနဲ့ ကစားမယ့်ပွဲစဉ်ဟာ မန်ယူအသင်းအတွက် ပြီးပြည့်စုံတဲ့ ပြိုင်ပွဲတစ်ခုအဖြစ် နည်းပြ ဆိုးရှားက ပြောခဲ့ပေမယ့် နှစ်ပေါင်း ၃၀ အတွင်းမှာ ရာသီအစ ဆိုးရွားတဲ့ရလဒ်တွေ ထွက်ပေါ်မှုကို အဆုံးသတ်သွားဖို့လည်း နည်းပြ ဆိုးရှားက မျှော်လင့်နေတယ်လို့ ဆိုပါတယ်။

လာမယ့် အောက်တိုဘာ ၂၀ ရက်မှာ အိုးထရက်ဖို့ဒ်တွင် ကစားမယ့် အမှတ်ပေးဇယား ထိပ်ဆုံးက လီဗာပူးအသင်းနဲ့ ပွဲစဉ်မှာ မန်ယူအသင်းအနေနဲ့ ကြီးမားတဲ့ဆုံးရှုံးမှုနဲ့ ကြုံခဲ့မယ်ဆိုရင် နည်းပြဆိုးရှားကို ထုတ်ပယ်ဖို့အထိ ကြီးမားတဲ့ဖိအားတွေပေးသွားဖို့လည်း မန်ယူအသင်းရဲ့ အမှုဆောင် ဒုတိယဥက္ကဋ္ဌက သတိပေးထားတာ ဖြစ်ပါတယ်။

နည်းပြဆိုးရှားရဲ့ မန်ယူအသင်းဟာ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ရစ်ပွဲ ကစားအပြီးမှာ တန်းဆင်းဇုန်အထက် နှစ်မှတ်အကွာနဲ့ အဆင့် ၁၂ နေရာကို ရောက်ရှိနေတာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဒီဇင်ဘာလက အန်ဖီးလ်ကွင်းမှာ လီဗာပူးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့စဉ်က နည်းပြ မော်ရင်ဟိုရဲ့ မန်ယူအသင်းအနာဂတ်ကို အဆုံးအဖြတ်ဖြစ်စေခဲ့တာဖြစ်ပြီး အခုတစ်ကြိမ် မန်ယူအသင်းအနေနဲ့ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့မယ်ဆိုရင် ဆိုးရှားရဲ့ မန်ယူအနာဂတ် မသေချာမယ့်အနေအထားကို ရောက်သွားမယ်လို့လည်း သုံးသပ်သူတွေက သုံးသပ်ထားကြပါတယ်။

နည်းပြဆိုးရှား တာဝန်ယူကိုင်တွယ်စဉ်မှာ ၂၁ ပွဲမှာ ငါးပွဲသာ အနိုင်ရရှိခဲ့ပြီး ဩဂုတ်လမှာ စတင်ခဲ့တဲ့ ရာသီအဖွင့်ပွဲစဉ်မှာ ချယ်လ်ဆီးကို လေးဂိုးပြတ်နိုင်ပြီးတဲ့နောက်ပိုင်းမှာ တစ်ပွဲမှာ တစ်ဂိုးထက်ပိုမိုသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့သလို ရှုံးပွဲအများစုနဲ့ ကြုံခဲ့တာလည်းဖြစ်ပါတယ်။ ဂိုးသမား ဒီဂီယာက မန်ယူအသင်းရဲ့ စွမ်းဆောင်ရည်ကို လက်မခံနိုင်ဘူးလို့ ပြောခဲ့ပြီးချိန်မှာတော့ နည်းပြ ဆိုးရှားဟာ ရလဒ်ပိုင်းဆိုးရွားမှုနဲ့ပတ်သက်ပြီး ပရိသတ်တွေကို တောင်းပန်ခဲ့တယ်လို့လည်း ဆိုပါတယ်။

## ဒမ်ဘီလီအား ပေါင်သန်း ၄၀ ဖြင့် ခေါ်ယူရေး မန်ယူနှင့်အပြိုင် အဲဗာတန်ကြိုးပမ်းမည်

အဲဗာတန်အသင်းဟာ မန်ယူအသင်းက ခေါ်ယူဖို့ပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူး ဒမ်ဘီလီကိုခေါ်ယူဖို့ စီစဉ်နေပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ ပေးမယ်လို့လည်း ဆိုပါတယ်။

အဲဗာတန်အသင်းဟာ အခုနှစ် ဘောလုံးရာသီမှာ တိုက်စစ်ပိုင်းက ဂိုးရဖို့ ခက်ခဲနေတာကြောင့် ဇန်နဝါရီဈေးကွက်တွင် ကစားသမားများခေါ်ယူရေးအတွက် ပြင်ဆင်လျက်ရှိတဲ့ နည်းပြ မာကိုဆေးလ်ဗားရဲ့ ရည်ရွယ်ချက်ကို အဲဗာတန်ဘုတ်အဖွဲ့က ထောက်ခံထားတယ်လို့ ဆိုပါတယ်။

အဲဗာတန်အသင်းဟာ တိုက်စစ်မှူး ကီယန်ကို ဂျူဗင်တပ်အသင်းထံကနေ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းနဲ့ ခေါ်ယူခဲ့ပေမယ့် အင်္ဂလန်မြေမှာ ခြေစွမ်းပျောက်ဆုံးနေခဲ့တာ ဖြစ်ပါတယ်။

အဲဒါကြောင့် မန်ယူအသင်းက ခေါ်ယူဖို့စီစဉ်နေတဲ့ တိုက်စစ်မှူး ဒမ်ဘီလီကို အပြိုင်ခေါ်ယူဖို့ အဲဗာတန်အသင်းက စီစဉ်လာတာ ဖြစ်ပါတယ်။ မန်ယူအသင်းဟာလည်း တိုက်စစ်ပိုင်းက ဂိုးရဖို့ခက်ခဲနေတဲ့အသင်း ဖြစ်တာကြောင့် ဟယ်ရီကိန်းလိုမျိုး တိုက်စစ်မှူးတစ်ဦးကို ခေါ်ယူဖို့နဲ့ လာမယ့်ဇန်နဝါရီဈေးကွက်အတွင်းမှာ အသင်းကို ပြန်လည်တည်ဆောက်ဖို့ ပေါင်သန်း ၃၀၀ အထိ သုံးစွဲဖို့ လိုအပ်နေတယ်လို့လည်း ဆိုပါတယ်။

ငွေကြယ် -ရေးသားသည်

○ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲမှ

အရေးနိမ့်ထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်းကစားမည့် ခြေစမ်းပွဲများတွင် တစ်ပွဲသာ ကစားရမည်ဖြစ်ပြီး အဝေးကွင်းဖြစ်သောကြောင့် ပိုမိုရုန်းကန်ရဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မွန်ဂိုလီးယားအသင်းကို အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိ၊ ဂျပန်အသင်းကို အိမ်ကွင်းတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ရမည့် တာဂျစ္စတန်အသင်းသည် တစ်ပွဲကစား တစ်ပွဲရှုံးနိမ့်ထားပြီး တာဂျစ္စတန်အသင်းကို အဝေးကွင်း၌ တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ထားခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် နှစ်ပွဲကစား နှစ်ပွဲရှုံးနိမ့်ထားသည့် မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ကာဂျစ္စတန်အသင်းနှင့် အဝေးကွင်းပွဲတွင် ပထမဆုံးရမှတ် ရယူနိုင်ရန် ကြိုးပမ်းရမည် ဖြစ်သည်။

မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းသည် ၂၀၁၉ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် တွေ့ဆုံထားသည့် အသင်းများဖြစ်ပြီး နိုင်ပွဲမရသေးသည့် မြန်မာအသင်းအနေဖြင့် အဝေးကွင်းဖြစ်သောကြောင့် ရှုံးကြွေးပြန်ဆပ်နိုင်ရန် ခက်ခဲဖွယ်ရှိနေသည်။

ကာဂျစ္စတန်အသင်းနှင့် အဝေးကွင်းပွဲတွင် လုံခြုံရေးအခြေအနေကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ တောင်ကိုရီးယားနိုင်ငံ၌ ပြောင်းလဲကစားခဲ့ရပြီး ယခုပွဲကိုမူ ကာဂျစ္စတန်နိုင်ငံတွင် ကျင်းပမည် ဖြစ်သည်။

မြန်မာအသင်းသည် ပြီးခဲ့သည့် အာရှဖလားခြေစစ်ပွဲတွင် အိမ်ကွင်းတွင် နှစ်ဂိုးစီသရေကျခဲ့ပြီး ကြားကွင်း၌ ငါးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်

## မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံ ချစ်ကြည်ရေးပီတန်းပြိုင်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ်တို့၏ ဖိတ်ကြားချက်အရ မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံ ချစ်ကြည်ရေးပီတန်းပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပီတန်းအားကစားကွင်း၌ ကျင်းပသည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်းနှင့် ဦးကျော်ဦးတို့က ဖိလစ်ပိုင် နိုင်ငံအသင်းမန်နေဂျာ Mis. Violeta အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့သည်။



ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Triples (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြရာ ပထမ မြန်မာအသင်း၊ ဒုတိယ ဖိလစ်ပိုင်အသင်းတို့အား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲတွင် ဖိလစ်ပိုင်နိုင်ငံမှ အားကစားသမားဦးရေ အမျိုးသားခုနစ်ဦး၊ အမျိုးသမီးငါးဦး၊ စုစုပေါင်း အားကစားသမားဦးရေ ၁၂ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင် ကစားခဲ့ကြောင်း သိရသည်။

အား/ကာ

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## မြတ်ဗောဓိ
ဗုဒ္ဓဂယာအသင့်မြင်ဘုရားဖူးအဖွဲ့ ခရီးစဉ်အားလုံး ခရီးထွက်မည်

(Nov-21)(Dec-24)(Jan-21) 9.3 သိန်း ( ၈ ရက်ခရီး ) , (Dec-6)(Jan-6) 10.5 သိန်း ( ၁၂ ရက်ခရီး )
(Dec-2) 12 သိန်း( ၁၅ ရက်ခရီး )၊ (Dec-17)(Jan-2, 16) 11.3 သိန်း ( ၁၅ ရက်ခရီး )

၈ ရက်ခရီး – 10 သိန်း ကျပ် – သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ (၃)ဌာန (အိန္ဒိယ-နီပေါ)
HOTEL – ၃ည (Feb-21)(Mar-17,24)(Apr-13)


၁၂ ရက်ခရီး – 11 သိန်း 3သောင်း ကျပ် – သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ (၄)ဌာန၊ဝေါ်မြစ် (သတ်သာနဂိုရ်) အထူးခရီးစဉ်
HOTEL – ၃ည (Feb-7)(Mar-3)(Apr-6) ဘုရားဌာန အားလုံး (အိန္ဒိယ-နီပေါ)

၁၅ ရက်ခရီး –12 သိန်း 3သောင်း ကျပ် – သံဝေဇနီယ (၄)ဌာန၊ အဝိဇဟိတ (၄)ဌာန၊ ဝေါ်မြစ်၊အာဂရာ (တပ်ချုပ်မဟာ)၊ နယူးဒေလီနေရာစုံ (အိန္ဒိယ-နီပေါ)
HOTEL – ၅ည (Jan-31)(Feb-15)(Mar-3,19)(Apr-6)

(၁၀) ဦး တစ်စု (၁) ဦးလက်ဆောင်ပေးသည်၊ နယ်မှ ခရီးသည်များ ကြို/ပို့ တည်းခိုဆောင် အခမဲ့ပေးသည်၊ ဃာနာရှိဆွမ်း၊ ရေချမ်း၊ ဝန်း ၊ သစ်သီးဆွမ်းပေါက်ပေါက်ဆုပ်၊ India GSM Simcard နှင့် ကားပေါ်တွင် Internet Wi-Fi Free Service ဘုရားဌာန (၄)ဌာနတွင်စုပေါင်းကြာသယ်န်း (11) ထည့်၊အိပ်ယာခင်း၊ခေါင်းအုံးစွပ် စွေ့ဒါနပေးသည်၊ ကားညာမောင်း(လုံး၀) မပါဝါးနိုင်ငံတူးလက်မှတ်မရှိလျှင်ကူညီဆောင်ရွက်ပေးပါသည်၊ရန်ကုန်မြို့အတွင်းအိမ်အရောက်ဝန်ဆောင်မှုပေးပါသည်။

ရန်ကုန်ရုံးချုပ်၊အမှတ်(၁၃၃၊၁၃၅၊၁၃၇)၊အခန်း(၃/ အေ)၊ လမ်း(၄၀)၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ Ph : 09 49338595, 09 788304828, 09 263125261, 09 420134528
မန္တလေးရုံးခွဲ အခန်း(သီ/ ၅)၊ ... Ph : 09 797512889
နေပြည်တော် -၀၉၈၉၄၄၃၄၄၅၉၊ဘားအံ-၀၉၄၄၉၀၀၅၁၆၈၊ကျောက်ပန်းတောင်း-၀၉၄၂၅၀၀၇၁၀၆၊မြိတ်-၀၉၅၃၀၂၁၃၃





တရားက "ကိုယ်" ဆိုတဲ့ သင်္ချာန ပညတ်ထဲမှာ ရှာလို့ မရဘူး၊
"ခန္ဓာငါးပါး" ဆိုတဲ့ ရုပ်နာမ် ပရမတ္ထ ထဲမှာမှ ရှာလို့ရမှာ၊
ဘာတဲ့လဲ…။ ခြေဖျားက ဆံဖျားအထိ သင်္ချာန်ကြီးက "ကိုယ်"၊
"ထိသိ" ဆိုတာလေး တစ်စုံက "ခန္ဓာငါးပါး"။ အဲဒါ ကွဲအောင် အရင် ရှုရမှာပါ။

ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)

ထွက်ပြီ

# အသုံးချ ဗောဓိပက္ခိယ

တန်ဖိုး ၂၀၀၀ ကျပ်

မြန်မာ့ဘေရီ စာစဉ် (၂၀)

ဖြန့်ချိရေး - ရာပြည့်စာအုပ်ဆိုင်၊ အမှတ် ၂၂၃ ပထမထပ်၊ ၃၆ လမ်း (ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၂၁၀၆၀၆၅၄၊ ၀၁-၃၇၅၉၅၂
အထက်မြန်မာပြည်ဖြန့်ချိရေး- ထွန်းဦးစာပေ ၊အမှတ် – ၁၀၁၊၈၄ လမ်း(၂၉×၃၀ကြား)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ၊ဖုန်း-၀၉ ၅၁၁၇၁၃၃၄၄၊ ၀၂-၄၀၃၉၈၀၁၊ ၀၂-၄၀၇၃၅၀၂
ပင်ရင်း - နယူးဒေး ဓမ္မစာပေ ၊ အမှတ်(၁၄၁)၊ လမ်း(၅၀) ထက်၊ ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၁- ၂၉၉၁၀၄၊ ၀၉-၇၃၀၂၆၆ ၇၄



သီတင်းကျွတ်ရုံးပိတ်ရက် နှင့် ဒီပါဝလီနေ့
Columbus ရုံးချုပ် နှင့် ကျိုက်ပိုင်းရုံးခွဲဖွင့်မည်။

Columbus TRAVELS & TOURS Since 1993

အောက်တိုဘာလ ၁၁၊၁၂၊၁၃၊၁၄၊၁၅ရက်နေ့ နှင့် ၂၈ရက်နေ့တွင်
မနက် ၉ နာရီ မှ နေ့လည် ၁၂နာရီ အထိဖွင့်ပါမည်။

Emergency Contect 09 954295999, 09 954395999

Mobile Banking များမှလဲ ငွေပေးချေ၍ လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါပြီ

ရုံးချုပ် အမှတ်(၅၈၆)၊ ကမ်းနားလမ်းနှင့်ဂုလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ 01-229245, 01-2316245

ကျိုက်ပိုင်းရုံးခွဲ အမှတ်(၉၄၂)၊ မြေညီထပ်၊ ကျိုက်ပိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ 01-9669298, 09-953060502~5



သက်ရှိလောက တည်မြဲဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့



## သိန်းသန်းဆက်
အိမ်ပြောင်း / အိမ်ရှာလုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116


## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ တညောင်ရွာ၊တောင်ရပ်နေ အဖ ဦးလှထွန်း၏သား မောင်ချမ်းမြေ့အောင် [၈/စလန(နိုင်)၁၃၈ ၃၄၂]၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၃-၁၉၈၉ ဖြစ်ပါသည်။


ဦးနှင်းဦး(ထားဝယ်)

## ထိပ်တန်း

အခြေခံစက်ပြင်ယာဉ်မောင်းသင်တန်း

ခေတ်မီ Manual/Auto ကားများဖြင့် စိတ်တိုင်းကျ သင်ကြားပေးသည်။

| | | |
|---|---|---|
| (၁) | (၄၈)ရပ်ကွက်၊ဂိုလ်ဖွဲ့ဒဂုံလမ်း၊မြောက်ဒဂုံ၊ ယာဉ်မောင်းသင်လေ့ကျင့်ရေးကွင်း။ | ၀၉-၄၄၃၀၅၅၉၂၂၅ ၀၉-၄၄၁၀၉၁၉၂၀ |
| (၂) | တိုက်(၃၄)၊ကမာကြည့်အိမ်ရာ၊ကမာကြည့်လမ်းမကြီး၊ သာကေတ(အဝိုင်း)အနီး။ | ၀၉-၂၆၂၅၅၁၃၃၇ ၀၉-၄၂၀၂၂၅၅၀၂ |
| (၃) | အမှတ်(၁၅၃/၁၅၄)၊ ယမုံနာလမ်း၊ မာန်ပြေမှတ်တိုင်၊ဒေါပုံမြို့နယ် | ၀၉-၇၆၂၃၄၂၀၇၃ ၀၉-၇၀၂၂၆၂၀၇၈ |


## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၂၀၁၉-၂၀၂၀)ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်–

(က) စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း(၁၂)မြို့တွင် ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၄)ထပ် (၁၀)လုံး၊ (၄)ခန်းတွဲ (၃)ထပ်(၁)လုံး၊ (၄)ခန်းတွဲ(၂)ထပ်(၃)လုံး၊ စုစုပေါင်းအဆောက်အဦ(၁၄)လုံးဆောက်လုပ်ရန်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်–

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ဝယ်ယူရက် | – ၁၇-၁၀-၂၀၁၉ရက်မှ ၁၅-၁၁-၂၀၁၉ရက်ထိ |
| (ခ) | တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | – တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မုံရွာမြို့ |
| (ဂ) | တင်ဒါလျှောက်လွှာ တင်သွင်းရက် | – ၁၆-၁၁-၂၀၁၉ ရက် (၁၆:၀၀) နာရီထိ |
| (ဃ) | တင်ဒါလျှောက်လွှာ တင်သွင်းရန်နေရာ | – တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့။ |

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း–၀၇၁–၂၄၈၇၂ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**


Open Tomorrow

The Industrial & Infrastructure Event for Myanmar
မြန်မာနိုင်ငံ အခြေခံအဆောက်အဦးနှင့် စက်မှုလုပ်ငန်းပိုင်းဆိုင်ရာကုန်သွယ်မှုပြပွဲ

CONSTRUCTION, POWER & MINING Myanmar

Co-located with
RE RENEWABLE ENERGY MYANMAR

mta MYANMAR

Co-located with
SUBCON MYANMAR Industrial Subcontracting Exhibition

9-11 October 2019 (09.00-17.00 hrs.)
Myanmar Expo (ME)
Fortune Plaza, Corner of minanda Road and Thumana Road, Thaketa, Yangon

Supported by
MCEA REAM

Organised by
informa markets



Pre-register at: reg.ubmmyanmar.com
Info Hotline: +95 1378 975








09 515 7160, 09 96 515 7160, 09 76 515 7160
ကမ္ဘာအေးဘုရားလမ်း ၊ ပေါင်းမြို့နယ် ၊ ရန်ကုန်



## ကိုထွင်
(Lucky Brothers)
အိမ်၊ခြံ၊မြေ အကျိုးဆောင်
ရွှေပေါက်ကံမြို့သစ်၊
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းမြို့နယ်များရှိမြေကွက်၊
အိမ်ခြံမြေများကို
ရောင်းဝယ်ပေးပါသည်။
09-5173511
yehtoot27@gmail.com








## ဖျံ-၅-ကောင်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၈

GENEVA GOLD STAR FOR QUALITY

### ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

ရန်ကုန်မြို့၊ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

LONDON QUALITY CROWN QC 100

ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၃(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လိပ်ကန်ပန်းခြံဈေးရှိ အောက်စာရင်းဇယားပါ လက်ရှိဆိုင်ခန်းအငှားချထားခြင်းခံရသူ ဈေးသည်(၆)ဦးမှ အမည်ပြောင်းလျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ( ၁၄ )ရက်အတွင်း ခိုင်လုံသော စာရွက်စာတန်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

| စဉ် | ရုံ | ဆိုင်ခန်းအမှတ် | မူလအငှားချထားခြင်းခံရသူ/မှတ်ပုံတင်အမှတ် | ဆိုင်ခန်းဝယ်ယူပြီးအမည်ပြောင်းလျှောက်ထားသူမှတ်ပုံတင်အမှတ် | အရောင်းအဝယ်ပြုလုပ်သည့်ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ၁ | ၁ | ဗိုလ်ကြီးသန်းဦး ကြည်း- ၂၁၈၁၁ | ဦးစိုင်းသိန်းမြင့် ၁၃/နစန(နိုင်)၀၀၀၀၂၃ | ၇.၂.၂၀၁၇ | အရပ်ကတိစာချုပ် |
| ၂။ | ၁ | ၂ | ဗိုလ်ကြီးခင်အေး ကြည်း-၂၁၇၄၄ | ဒေါ်နန်းခမ်းလူ ၁၃/နစန(နိုင်)၀၁၆၉၈၀ | ၇.၁.၂၀၁၇ | အရပ်ကတိစာချုပ် |
| ၃။ | ၁ | ၃ | ဗိုလ်ကြီးတင်မောင်ထွန်း ကြည်း-၀၄၉၉၀၉ | ဦးစိုင်းတင်မျိုးသိမ်း ၁၂/ကတတ(နိုင်)၀၃၁၃၁၈ | ၉.၁၀.၂၀၁၁ | အရပ်ကတိစာချုပ် |
| ၄။ | ၁ | ၄ | ဗိုလ်ကြီးကျော်စွာထွန်း ကြည်း-၂၆၉၆၅ | ဒေါ်နန်းထက်ထက်လှိုင် ၁၂/ကတတ(နိုင်)၀၃၂၄၇၄ | ၉.၁၁.၂၀၁၁ | အရပ်ကတိစာချုပ် |
| ၅။ | ၁ | ၅ | ဗိုလ်အောင်ဆန်းဦး ကြည်း-၃၃၉၅၂ | ဦးစာနည်ကျော် ၁၂/ဗတထ(နိုင်)၀၀၈၂၄၂ | ၂၂.၂.၂၀၀၉ | အရပ်ကတိစာချုပ် |
| ၆။ | ၁ | ၃၈ | ဦးချစ်အောင် ၁၂/ဗတထ(နိုင်)၀၀၂၂၂၈ | ဦးမင်းဇော်(ခ)မရမ်းသီး ၁၂/ဒလန(ပြု)၀၀၀၅၄၁ | ၂၂.၉.၂၀၀၇ | အရပ်ကတိစာချုပ် |

ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ဖုန်းနံပါတ်။ ၀၉-၅၁၇၈၅၄၅


## ဦးသာရင်ဆေးတိုက်
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

### သုံးစွဲသူမိတ်ဆွေပြည်သူများအားပန်ကြားအပ်ပါသည်။

ဦးသာရင်ဆေးတိုက် မှထုတ်လုပ်ရောင်းချလျက်ရှိသော ဦးသာရင် ဓာ်နဂါးအမှတ်တံဆိပ် လေငန်းလိမ်းဆေး အဆီကို
ပိုမိုကောင်းမွန်သော ဘူးဒီဇိုင်းအသစ်ဖြင့် စတင်ပြောင်းလဲဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။
အသုံးပြုရလွယ်ကူပြီး ဆေးအလေအလွင့်နည်းသော အဖုံးပုံစံအသစ်၊ ပိုမိုကြံ့ခိုင်ကောင်းမွန်သော ဆေးပုလင်းနှင့်
ဆေးတံဆိပ်ပတ် များပြောင်းလဲထားပြီး ပါဝင်ဆေးပစ္စည်းများနှင့် ဆေးအာနိသင်ပြောင်းလဲမှုလုံးဝမရှိပါ။
ယခင်ဒီဇိုင်းအဟောင်းဖြင့်ထုတ်လုပ်ထားသော ဆေးဘူးများသည်လည်း ဆေးဘူးပေါ်တွင်ဖော်ပြထားသော
သက်တမ်းကုန်ဆုံးရက် (expiry date) အထိ သုံးစွဲနိုင်ပါကြောင်း လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

ဆေးဘူးအဟောင်း



ဆေးဘူးအသစ်



တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဉာဏ်ရည်
### အသက်(၈၈)နှစ်

မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦး၏ချစ်လှစွာသော ဖခင်ဦးဉာဏ်ရည် သည် ၄-၁၀-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်**
**ဓေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## Pi Ciang Dim (Gualnam)
### အသက် (၉၅) နှစ်

ချင်းပြည်နယ်၊ တွန်းဇန်မြို့နယ်၊ မွေါလ်ပီးကျေးရွာနေ Pu Thang Tuan – Pi Zel Zen တို့၏ ဒုတိယသမီး၊ Rev.Dr Tual Khan Pau – (Nu Ning Suan Cing), Pa Tuan Za Khai–(Nu Man Khan Ciin) တောင်ကြီး, (Nu Ciin Hau Vung)–Pa Song Khan Nang (Mualpi), Nu Dim Lam Cing–(Pa Dongh Suan) Kalay, Pa Vum Za Suan–Nu Dim Lam Ving (Australia), Pa Kam Thawn Pau–(Nu Ciin Khen Cing) Malay, Pa Do Khaw Thawng–Nu Vung San Lun (Australia), Nu Cing Ngaih Man–Rev Kham Suan Lian (Malay), Nu Cing Sian Niang–Siapi Vum Lian Pau (Kalay) တို့၏မိခင်၊ မြေး ၃၃ ယောက်၊ မြစ် ၁၆ ယောက်တို့၏အဘွား Daw Ciang Dim သည် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၀၀:၀၂ နာရီတွင် တိုက်(၂၃)၊ အခန်း(၀၀၂)၊ မြမင်္ဂလာလမ်း၊ စစ်တောင်းရိပ်မွန်၊ ဒဂုံဆိပ်ကမ်း မြို့နယ်နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၁၀-၂၀၁၉ (ဗုဒ္ဓဟူး နေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဗိုလ်ချုပ်လမ်း၊ ပန်းဆိုးတန်းခုံးတံတား အောက်၊ ပိတောက်ကွေ့နှင့် ကနောင်ကွေ့ နေအိမ်တို့မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလေးနိုင်
### အသက်(၇၄)နှစ်

ဆောက်လုပ်ရေး၊ အင်/ယာ(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဗိုလ်ချို (၂) လမ်း၊ အမှတ်(၉၆၉)နေ (ဦးမောင်တင်-ဒေါ်စိန်အိ)တို့၏ သား၊ (ဦးသိန်း-ဒေါ်သောင်းကြည်)တို့၏သားသမက်၊ ဦးနိုင်ဝင်း-ဒေါ်ချိုချိုသစ်၊ ဦးသန်းဇော်လေး-ဒေါ်သိင်္ဂီလွင်၊ ဒေါ်ချောယဉ်ဝင်း၊ ဦးသန့်စင်ဝင်း-ဒေါ်အေးသီတာဝင်း၊ ဦးကြည်သိန်း-ဒေါ်လှဲ့ယဉ်ဝင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်သန်းသန်းအေး၏ ချစ်လှစွာသောခင်ပွန်း ဦးလေးနိုင်သည် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးချင်ယုံ
### အသက်(၉၂)နှစ်
(ဟသ်ာတ)

သူငယ်ချင်း ဒေါက်တာအောင်ဝင်း၏ဖခင် ဦးချင်ယုံ သည် ၆-၁၀-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1983 Batch IMII သူငယ်ချင်းများ**

---

## သူရဲကောင်းရဟတ်ယာဉ်မှူးကပ္ပတိန်အောင်မြတ်တိုး ငါးနှစ်မြောက်အမှတ်တရ

ခါကာဘိုသူရဲကောင်း အောင်မြင့်မြတ်နှင့် ဝေယံမင်းသူတို့အား ရှာဖွေရေးခရီးစဉ်အတွင်း ရိက္ခာပို့တာဝန်ထမ်းဆောင်ရင်း ပူတာအိုမြို့နယ်၊ လန်ဆာကျေးရွာအနီးတွင် ၉-၁၀-၂၀၁၄ ရက်တွင် ရုတ်တရက်ကွယ်လွန်ခဲ့သော သူရဲကောင်း ရဟတ်ယာဉ်မှူး ကပ္ပတိန်အောင်မြတ်တိုး အတွက် ရည်စူးပြုလုပ်သော ကုသိုလ်အစုစုအတွက် မေတ္တာပို့အမျှပေးဝေလျက် ရှိပါသည်။

**တက္ကသိုလ်ခြေလျင်/တောင်တက်အသင်း**
**သဘာဝခေါ်သံဖောင်ဒေးရှင်း**

---

## အထူးကျေးဇူးတင်ရှိခြင်း

၂၃-၉-၂၀၁၉ (တနင်္လာနေ့) တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဒေါက်တာငွေအောင် (ဆေးရုံအုပ်ကြီး-ငြိမ်း၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး) ဆေးရုံတက်ရောက်ခဲ့စဉ် မေတ္တာ၊ စေတနာအပြည့်ဖြင့် ဂရုတစိုက်ကုသပေးပါသော ဆရာဝန်၊ ဆရာမများ၊ နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှကူညီဆောင်ရွက်ပေးကြသော ဆရာတော်ဘုရားကြီးများ၊ ဆွေမျိုးမိတ်ဆွေအပေါင်းများ၊ လူကိုယ်တိုင် သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်း ကောင်း ဝမ်းနည်းကြောင်း နာရေးသတင်းမေးကြသူများ၊ လွမ်းသူ့ ပန်းခြင်းများပေးပို့ကြသောသူများ၊ ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေးကြ သူများ၊ ကွယ်လွန်သူအတွက် ရည်စူး၍ သင်္ကန်းနှင့်တကွ လှူဖွယ်ပစ္စည်း ပေးပို့ကြသူများနှင့် အားပေးနှစ်သိမ့် ကူညီဆောင်ရွက်ပေးကြသော ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများ၊ အထူးသဖြင့် နာရေးကိစ္စများ ပြီးစီးသည်အထိ မေတ္တာဖြင့် ကိုယ်တိုင်လုပ်အား ဒါနပြုကူညီကြသော အိမ်နီးချင်း ရပ်ဆွေရပ်မျိုးများနှင့် Golden Crown ၊ Golden Gate၊ Myittar Biotech Co.,Ltdမှ ဝန်ထမ်းများအားလည်း ကျေးဇူးအထူးတင် ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## အနိစ္စ

တောင်တွင်းကြီး မြို့နယ်အသင်း (ရန်ကုန်)

## ဒေါ်ကြည်ကြည်
### အသက်(၉၆)နှစ်

သက်ကြီးကန်တော့ခံ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၂၉၆)နေ ဒေါ်ကြည်ကြည်သည် ၇-၁၀-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)

## ဒေါ်ခင်ခင်နု (ဖျာပုံ)
### အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၆)၊ (၉၄) လမ်း၊ ကန်တော်ကလေးတောင်ပိုင်းနေ အသင်းဝင် ရဲမှူးကြီးတင်ဦး (ငြိမ်း)၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် ၃-၁၀-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁:၃၀ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဒေါ်မြင့်မြင့်ရီ
(ဘုရင်မ ခတ်ပုံတိုက်-မော်လမြိုင်မြို့)

### အသက်(၈၀)

စာရင်းစစ်မှူး(ငြိမ်း)
မော်လမြိုင်ခရိုင်စာရင်းရုံး

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ အုတ်ကျင်း၊ မာလာမြိုင်(၄ ) လမ်း၊ အမှတ် (၅၇)နေ ဦးအေးထွန်း (သထုံခရိုင်စာရင်းစစ်အရာရှိ-ငြိမ်း)၏ ဇနီး၊ မော်လမြိုင်မြို့၊ ဘုရင်မခတ်ပုံ တိုက်နေ (ဦးစိန်ဖေ-ဒေါ်မြတင်)တို့၏ သမီး၊ ရေနံချောင်းမြို့နေ (ဦးဘရှင်-ဒေါ်လှမြ)တို့၏သမီးချွေးမ၊(ဦးစိုးညွှန့်-ဒေါ်သန်းဟန်)တို့၏ ညီမ၊ (ဦးကျော်ဇင်)-ဒေါ်ခင်ဝင်း၊ ဦးငွေဝင်း-ဒေါ်ချိုချိုမြင့်၊ ဦးခင်မောင်ကြီး-ဒေါ်မြင့်မြင့်သန်းတို့၏အစ်မ ဒေါ်မြင့်မြင့်ရီသည် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄:၃၀ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဒေါ်ခင်ရီရီစံ
### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ်(၁၀-က)၊ ခပေါင်းလမ်းနေ ဦးဘစံ(B.A, Hons.FRCS–Assistant Chemical Examinar)–ဒေါ်ခင်ညွန့်တို့၏သမီး၊ အငြိမ်းစား လက်ထောက်အမြဲတမ်းဝန်ကြီး ဦးဘိုးအောင်မြင့်–ဒေါ်ခင်စောတို့၏ သမီးချွေးမ၊ ဦးတင်အောင်မြင့်(ဗဟိုတရားရုံးချုပ်ရှေ့နေ)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်နန်းနွယ်၏အစ်မ၊ ဦးမောင်မောင်မြင့် (ညွှန်ကြားရေးမှူး–ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်ခင်ယုဆွေ၊ ဦးမြင့်သန်း(သဇင်ဂါဒင်းဟိုတယ်၊ ပုဂံ)–ဒေါ်တင်မာမြင့်၊ (ဦးကျော်ကျော်နိုင်)၊ ဒေါ်ဥမ္မာမြင့် (Eastern Rose Fashion House) တို့၏မိခင်၊ ဦးလေးဇော်ဝင်း၊ ဦးပြည့်စုံမြင့်၊ ဦးစိုးဝေဖြိုး–ဒေါ်သဇင်မြင့်၊ ဦးမြင့်ဟန်–ဒေါ်သဇင်ထွန်း၊ မောင်ကောင်းထူးကျော်၊ မခင်သစ္စာစိုး၊ မောင်ဝေဖြိုးသန့်တို့၏ အဘွား၊ မမြတ်ပေမာန်ဖြိုး၊ မဆောင်းအိန္ဒြေဟန်တို့၏ဘွားဘွားကြီး ဒေါ်ခင်ရီရီစံ သည် ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃:၂၀ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့)တွင် လှိုင်မြို့နယ်၊ အမှတ်(၁၀-က)၊ ခပေါင်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ရီရီစံ
### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ်(၁၀-က)၊ ခပေါင်းလမ်းနေ ဦးဘစံ (B.A, Hons.FRCS–Assistant Chemical Examinar)–ဒေါ်ခင်ညွန့်တို့၏သမီး၊ ဦးတင်အောင်မြင့်(ဗဟိုတရားရုံးချုပ်ရှေ့နေ)၏ ချစ်လှစွာသောဇနီး၊ ဦးကိုကို–ဒေါ်ခင်ကြွေကြွေ၊ ဦးညွန့်သိန်း–ဒေါ်ခင်လှလှ၊ ဗိုလ်ကံညွန့်–ဒေါ်ခင်မြမြ၊ ဦးထွန်းအောင်ကျော်–ဒေါ်ရီတာ၊ ဦးဘတူ–ဒေါ်ခင်မြင့်မြင့်၊ ဦးဘိုကျော်–ဒေါ်စန်းစန်းရီ၊ ဦးဖေသန်းထွန်း–ဒေါ်ခင်နုနုတို့၏ညီမ၊ ဦးမောင်မောင်အေး–ဒေါ်ခင်ပြုံးပြုံး၊ ဦးမင်းမောင်–ဒေါ်ခင်နန်းနွယ်တို့၏အစ်မ ဒေါ်ခင်ရီရီစံသည် ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃:၂၀နာရီတွင် ကန်သာယာ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့)တွင် လှိုင်မြို့နယ်၊ အမှတ်(၁၀-က)၊ ခပေါင်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ထင် (ရထားထိန်းထူး-ငြိမ်း)
### အသက် (၈၂) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့တောင်ပိုင်းနေ (ဦးကံသာ-ဒေါ်ကျင်စိန်)တို့၏သား၊ ကံဘဲ့ရွာနေ (ဦးဖိုးခ-ဒေါ်အေးတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိအနောက်(၁) လမ်း၊ အမှတ်(၁၇/က)နေ ဒေါ်ကြည်မြင့် (အ.မ.က -၄၊ သာကေတ-ငြိမ်း)၏ခင်ပွန်း၊ တပ်ကြပ်ကြီး မြင့်ဆွေ (ငြိမ်း)-ဒေါ်အုန်းမြင့်တို့၏ အစ်ကို၊ ဦးအောင်မင်း-ဒေါ်ခင်ခင်နွယ်(မိသားစုဆေးဆိုင်၊ သာကေတ-၇၊ ဈေး)၊ ဦးဉာဏ်လွင်-ဒေါ်တင်တင်အေး (ဦးဉာဏ်လွင်ဆေးဆိုင်၊ သာကေတ-၇၊ ဈေး)တို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈:၅၈ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၀-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုအအေး တိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါအမှတ်(၁၇/က)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်လှ
### အသက်(၉၅)နှစ်

ဦးဝင်းအောင် (M.C.M Group of Companies)–ဒေါ်သန်းသန်းမြင့် တို့၏ဖခင် ဦးတင်လှသည် ၆-၁၀-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ အရာရှိများနှင့် မိသားစုများ**

---

## ကျေးဇူးအထူးတင်ရှိခြင်း
## ဒေါ်ခင်ညွန့်(ညောင်တုန်းမြို့)

မြို့တော်စည်ပင်၊ အဆောက်အအုံဌာန(ငြိမ်း)

### အသက် (၈၄) နှစ်

၂-၁၀-၂၀၁၉ ရက်တွင် ကွယ်လွန်သွားခဲ့သောမိခင်ကြီး ဒေါ်ခင်ညွန့် မကျန်းမာစဉ်နှင့် နာရေးကိစ္စတွင် အဘက်ဘက်မှ ပြုစုဝိုင်းဝန်းကူညီအားပေးနှစ်သိမ့်ပေးကြပါသော ဆရာဝန်ကြီးများ၊ အာရှတော်ဝင်ဆေးရုံမှ တာဝန်ကျဝန်ထမ်းများ၊ ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် British Embassy တို့မှ ဌာန အကြီးအမှူးများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအား ကျေးဇူးဥပကာရ အထူး တင်ရှိပါသည်။

**ကျန်ရစ်သူသားသမီးများ**
**သီသီဦး၊ မြမြဦး၊ ဝင်းနိုင်ဦး၊ နွယ်နွယ်ဦး**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးခင်မောင်စန်း (ဗသက-၈၅) (၅၁)နှစ်

ကထိက၊ သမိုင်းဌာန၊ စစ်တက္ကသိုလ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးခင်မောင်မြင့်)-ဒေါ်ခင်သောင်းကြည် (ခ) ဒေါ်ပုကြည်တို့၏သား ဗိုလ်မှူးခင်မောင်စန်း (၅၁)နှစ်သည် ၄-၁၀-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅) သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစစ်အောင် (ပြင်ရွာ၊ မြောင်းမြ)
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၀၄)၊ စမ်းချောင်းလမ်း၊ အခန်း (၃၀၂)၊ Sanchaung Garden Residence နေ (ဦးယု-ဒေါ်မယ်တင်) တို့၏ သားကြီး၊ (ဒေါ်ခင်သောင်း)၏ ခင်ပွန်း၊ ဒေါ်ကျင်လွမ်၊ ဒေါ်ခင်တုတ်၊ ဒေါ်နီနီတို့၏ အစ်ကိုကြီး၊ ဦးပြုံး-(ဒေါ်မာမာဆွေ)၊ ဦးလှငွေး-ဒေါ်မြင့်မြင့်ကြူ (ဒိုးပျံပွဲညှက်)၊ ဦးဝင်းသိန်း-ဒေါ်တင်တင်လှ၊ ဦးထွန်းပေါ်-ဒေါ်သီသီဆွေ၊ ဦးဆန်းလွင်-ဒေါ်ချိုကြည်၊ (ဦးဆန်းထွန်း)၊ မမာမာကြူ၊ မဆွေဇင်လဲ့တို့၏ ဖခင်ကြီး၊ မောင်ကျော်သိုက်၊ မခင်သီဟန်၊မောင်ဉာဏ်လင်း၊ မောင်ဇေယျာ ရဲရင့်တို့၏ ချစ်လှစွာသောအဘိုးသည် ၅-၁၀-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၁၉ (သောကြာ နေ့) နံနက်တွင် အထက်ပါစမ်းချောင်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင် (တွံတေး) (၈၈)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ ရန်ကုန်ကျောင်းယောဂီ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီ (၇)လမ်း၊ (KBZ)၊ အမှတ် (၃၆၄-စီ)နေ (ဦးတင်-ဒေါ်ညွန့်တင်)တို့၏ သမီးကြီး၊ (ဦးဖိုးမြိုင်-ဒေါ်အေးရှင်)တို့၏သမီးချွေးမ၊ (ဦးကျော်စိန်)၏ဇနီး၊ (ဦးမောင်မောင်-ဒေါ်ရင်ရင်)၊ (ဦးတင်ရှိန်)-ဒေါ်ခင်သီတို့၏ အစ်မကြီး၊ (ဦးသန်းဦး)-ဒေါ်သိန်းသိန်း၊ Capt: ဦးထွန်းဦး (Bernhard Schulte Shipmanagement)-ဒေါ်ခင်သိန်း၊ ဦးဆွေဦး-ဒေါ်ကြူကြူဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေး ၁၅ ယောက်၊ မြစ်ခုနစ် ယောက်တို့၏ ကျေးဇူးရှင်အဘွားသည် ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇:၂၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်း
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် (၂၂၃)နေ ဦးတင်လှ(အေးချမ်းစတိုး)၏ ဇနီး၊ သားသမီးများဖြစ်သော ဦးငွေအောင်၊ ဒေါ်ငွေငွေရီ၊ဦးအောင်မိုး-ဒေါ်ယဉ်ယဉ်ကျော်၊ဗိုလ်မှူးကြီးလောဟာအောင်-ဒေါက်တာခင်မျိုးအောင်၊ ဦးသိန်းဝင်းအောင်-ဒေါ်အေးအေးစိုးတို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၈-၁၀-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီး ရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကိုမင်း (ကိုမင်း-အင်းတော်)
(မြန်မာ့အလင်း၊ ကြေးမုံသတင်းထောက်)

### အသက်(၇၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့၊ အောင်မေတ္တာရပ်ကွက်နေ (ဦးလှဖေ-ဒေါ်ခင်မြင့်)တို့၏ သား၊ ဗိုလ်မှူး ဝင်းအောင်-ဗိုလ်ကြီးဒေါ်သီတာအေး(မြစ်ကြီးနားစစ်ဆေးရုံ)၊ ကိုတင် မောင်အေး-မဖြူပြာမြင့်(ထီရောင်းဝယ်ရေး)၊ မဇင်မာမြင့်(စာရင်းစစ်ရုံး နေပြည်တော်)၊ ဒေါက်တာဇော်ခြည်မင်း (ပါမောက္ခနည်းပညာတက္ကသိုလ် မန္တလေး)တို့၏ဖခင်၊ မောင်ကောင်းထက်ဟိန်း၊ မောင်ခန့်ထက်ဟိန်း၊ မသဲနုဆွေ၊ မမေဖူးပြည့်စုံတို့၏အဘိုး၊ဒေါ်သန်းမြင့်၏ ချစ်လှစွာသော ခင်ပွန်း သည် ၈-၁၀-၂၀၁၉ ရက် နံနက် ၄:၂၀ နာရီတွင် ကွယ်လွန်သွား ကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဗေဒင်လက္ခဏာဆရာမကြီး

## ဒေါ်ပန်းစိန် (ခ) ဒေါ်ပန်းဖြူ
### အသက် (၇၃) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ တိုက် (A-၅)၊ အခန်း(၇၀၃)နှင့် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နေ (ဦးပါလေး-ဒေါ်ကြီးရင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးကြင်ဟုတ်-ဒေါ်ရှုခင်)တို့၏ သမီးချွေးမ၊ [ဦးအုန်းခိုင်(ခ)ဦးအိန္ဒက-ဒေါ်ထားဝယ်မ]၊ (ဦးလှဖေ-ဒေါ်တင်အေး)၊ (ဦးကျော်ဆွေ)-ဒေါ်ဆုံ၊ ဦးဘိုးတင်-ဒေါ်လှခင်တို့၏ ညီမ၊ ဦးမြအေး-ဒေါ်စိန်ကြည်၊ (ဦးအာယု)-ဒေါ်ချစ်ဆုံတို့၏ အစ်မ၊ မနှင်းသန္တာလှိုင်(USA)၊ (ကိုသန်းနိုင်)-မနှင်း ကလျာလှိုင်၊ ကိုအောင်စည်သူလှိုင်-မခင်နွယ်နီလေးဝင်း၊ ကိုအောင်ကျော်သူလှိုင်-မနှင်းဝတ်ရည်စစ်နိုင်၊ ကိုထူးမင်းဟန်တို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွား၊ ဦးတင်လှိုင်(ခ)ဦးတိက္ခ (ယခင် ဟုတ်ခင်ခေါက်ဆွဲစက်၊ တာမွေ)၏ဇနီး သည် ၇-၁၀-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂:၄၇ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၉-၁၀-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ဗိုလ်မင်းရောင်အိမ်ရာ၊ တာမွေမြို့နယ်၊ တောင် ဒဂုံ-၅၃ ရပ်ကွက် နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၀-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မြောက်ဒဂုံ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရော က်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးအေးမြင့် (ငြိမ်း)
### အသက်(၆၈)နှစ်

ကြည်း/၁၇၇၁၇၊ O.T.S(65)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မိုး/ဇလ
အငြိမ်းစားများနာရေးကူညီမှုအသင်း၊ လှည်းကူးမြို့နယ်၏ နာယက

ချောက်မြို့နယ်၊ တောင်သာကျေးရွာနေ (ဦးအောင်တင်-ဒေါ်တင်စော)တို့၏ သားကြီး၊ ကျုံပျော်မြို့နေ မန်းစောသိန်း-(ဂွါအုန်းမေ)၊ ဂွါသောင်းခင်တို့၏သားသမက်၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ တိုးချဲ့(၁)လမ်း နေ နန့်နိုးရာသိန်း၏ခင်ပွန်း၊ နန့်နွေးထွေးဦး(စွမ်းအင်)၊ နန့်မေမြတ်ဟိန်း (YCDC)၊ နန့်ရွှေပြည့်မြင့်မြတ်(မိုး/ဇလ)တို့၏ဖခင် ဗိုလ်မှူးအေးမြင့်(ငြိမ်း) သည် ၈-၁၀-၂၀၁၉ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် လှည်းကူးမြို့မ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ် မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၁၀-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# လှိုင်သာယာမြို့နယ် ကျန်စစ်မင်းအိမ်ရာတွင် ချေးငွေစနစ်ဖြင့် တိုက်ခန်းများ ဝယ်ယူနိုင်



လှိုင်သာယာမြို့နယ် ကျန်စစ်မင်းအိမ်ရာရှိ တိုက်ခန်းနမူနာပုံစံငယ်များကို တွေ့ရစဉ်။

**ရန်ကုန်  အောက်တိုဘာ  ၈**

လှိုင်သာယာမြို့နယ်သည် ယခင်က လယ်မြေများ၊ ကျေးရွာများသာဖြစ်သည်။ မြို့သစ်စီမံကိန်းအတွက် ၁၉၈၉ ခုနှစ်တွင် ထန်းတပင်မြို့နယ်အတွင်းမှ ရွှေလင်ပန်း၊ အင်းဂလိုင်သောင်ကြီး(မြောက်)၊ သောင်ကြီး(တောင်)၊ ရေဥက္ကံ၊ ညောင်ရွာ၊ အတွင်းပဒံ၊ အပြင်ပဒံကွင်းများမှ စုစုပေါင်းလယ်မြေ ၁၀၁၂၈ ဧကကို နိုင်ငံတော်က လယ်မြေအား မြို့မြေအဖြစ်သို့ အသုံးချမှုပြောင်းလဲကြောင်း လန(၃၉) အမိန့်ထုတ်ပေးခဲ့သည်။

**အခန်းပေါင်း ၁၁၂၈ ခန်း ရောင်းချပေးနိုင်**

၂၀၁၅ ခုနှစ်၌ ကျန်စစ်မင်းအိမ်ရာစီမံကိန်းအပိုင်း(၁) ကို မြေဧက ၅၀ ပေါ်တွင် တည်ဆောက်ရန် တင်ဒါခေါ်ယူခဲ့ပြီး Master Plan အရ တိုက် ၈၆ လုံး၊ တန်ဖိုးနည်း/ တန်ဖိုးသင့် တိုက်ခန်း ၃၁၀၄ ခန်းတည်ဆောက်ရန်ဖြစ်သော်လည်း စူလတန် ချောင်းဘေးကျူးကျော်တဲအိမ်များ ထပ်မံတိုးပွားလာခြင်းကြောင့် စီမံကိန်းတွင်ပါဝင်သည့် တိုက် ၁၁ လုံး၊ အခန်းပေါင်း ၆၁၂ ခန်းမှာ ယနေ့အထိ ဆောက်လုပ်၍မရဘဲ ဆိုင်းငံ့ချန်လှပ်ထားခဲ့ရကြောင်း၊ ကျန်စစ်မင်းအိမ်ရာ စီမံကိန်းအပိုင်း(၁)တွင် တိုက် ၇၃ လုံး၊ အခန်းပေါင်း ၂၃၇၂ ခန်းကို ၂၀၁၆ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ရာ ယနေ့အထိ တိုက် ၃၉ လုံး၊ အခန်းပေါင်း ၁၁၂၈ ခန်းကို ရောင်းချပေးနိုင်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျန်စစ်မင်းအိမ်ရာစီမံကိန်း အပိုင်း(၂)ကိုလည်း မြေ ၂၇ ဧကပေါ်၌ တန်ဖိုးလတ်အိမ်ရာ ၆၇၆ ခန်းဆောက်လုပ်ရန် တင်ဒါခေါ်ယူပြီး ဆောက်လုပ်နေကြောင်း၊ ကျန်စစ်မင်းအိမ်ရာစီမံကိန်း အပိုင်း(၁)နှင့်(၂) တည်ဆောက်ရာတွင် စုစုပေါင်း ၇၇ ဧက **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**

## ကြေးမုံ ယနေ့ ဖတ်စရာ


နေပြည်တော်ရှိ ဝန်ထမ်းများ အားကစားလေ့ကျင့်အသုံးပြုရန်အတွက် GYM Fitness Centre ခန်းမ ပြင်ဆင်ထားရှိ စာမျက်နှာ » ၅

၂၀၁၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ စာမျက်နှာ » ၁၀

၂၀၁၉ ခုနှစ်အတွက် ရူပဗေဒနိုဘယ်ဆုကို သိပ္ပံပညာရှင် သုံးဦး ပူးတွဲဆွတ်ခူး စာမျက်နှာ » ၁၂

ဆိုရှယ်မီဒီယာတွင် ထိုင်းတော်ဝင်မျိုးနွယ်သမိုင်း မလျော်မကန်ရေးသားသူ တရားစွဲခံရ စာမျက်နှာ » ၁၃

အိုးထရက်ဖို့ဒ်မှာ ကစားမယ့် လီဗာပူးနဲ့ပွဲစဉ် ရှုံးနိမ့်မှာကို မန်ယူအသင်းနည်းပြ ဆိုးရှား စိုးရိမ်နေ စာမျက်နှာ » ၂၀


## ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်  အောက်တိုဘာ  ၈**

၂၀၂၂ ကာတာကမ္ဘာ့ဖလား ခြေစစ်ပွဲ ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် ကာဂျစ္စတန်လက်ရွေးစင်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို အောက်တိုဘာ ၁၀ ရက် မြန်မာ စံတော်ချိန် ည ၉ နာရီတွင် ကာဂျစ္စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV Sport Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ ယင်းနေ့ ည ၈ နာရီ ၄၅ မိနစ်မှစတင်၍ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ် (၃) အဖြစ် မြန်မာအသင်း အဝေးကွင်းကစားရမည်

**ရန်ကုန်  အောက်တိုဘာ  ၈**

မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစစ်ပွဲယှဉ်ပြိုင်ရန် အောက်တိုဘာ ၆ ရက် ညနေပိုင်းက ကာဂျစ္စတန်နိုင်ငံသို့ ထွက်ခွာသွားပြီး ယနေ့ စတင်လေ့ကျင့်နေပြီဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှ အမာခံကစားသမားအချို့ ယခုပွဲတွင် ပါဝင်နိုင်မည်မဟုတ်ဘဲ ၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲတွင် ကာဂျစ္စတန်အသင်းဘက်သို့ နှစ်ကျော့စလုံး ဂိုးသွင်းနိုင်ခဲ့သည့် တိုက်စစ်မှူး ကျော်ကိုကို အပါအဝင် မောင်မောင်လွင်နှင့် ဟိန်းသီဟဇော်တို့မှာ ဒဏ်ရာပြဿနာကြောင့် ယခုပွဲကို လွဲချော်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စု (စ) တွင် ကျရောက်နေပြီး မွန်ဂိုလီးယား၊ ဂျပန်အသင်းတို့နှင့် ကစားထားသည့် ပွဲများတွင် **စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ○**



၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာနှင့် ဂျပန်အသင်း ယှဉ်ပြိုင်နေစဉ်။